www.burmeseclassic.com

# ဝင
# နန္ဒာဿိန်း

မှန်သောစကားကိုဆိုခြင်း

ပတ်သက်သောမှတ်ချက်များ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာအုပ်စာတမ်း စာနယ်ဇင်း ပုံနှိပ်ထုတ်ဝေခွင့်ပြု လက်မှတ်
အမှတ် (၁၃၆/၈၈) (၂)
စာအုပ်စာတမ်းစာနယ်ဇင်း မျက်နှာဖုံး ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ်
(၃၃၄/၈၈) (၄)

# မှန်သောစကားကိုဆိုခြင်း
# နှင့်
# ပတ်သက်သော မှတ်ချက်များ

နန္ဒာသိန်းဇံ

လှိုင်းသစ်စာပေ
အမှတ် ၃၈၊ ဘိုကလေးဈေးလမ်း၊
ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

တောဖွဲ့ တောင်ဖွဲ့ အကျိုးမဲ့နှင့်သာ ဆိုင်သော စကားသည် အခွန်းတစ်ထောင် ရှိစေကာမူ မမြတ်၊ ကြားနာရသဖြင့် ရာဂစသည်ငြိမ်းအေး ကြောင်းဖြစ်၍ အကျိုးရှိသော ပုဒ်တစ်ပုဒ်သည်သာ ပိုလွန်၍မြတ်၏။

၁၀၀၊ ဓမ္မပဒ

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်ခြင်း ပထမအကြိမ်
၁၉၈၈-ခု၊ မေလ
အုပ်ရေ ၅၀၀၀
မျက်နှာဖုံးပန်းချီ ပေါ်ဦးသက်
အဖုံးရိုက် ကျောက်စိမ်း
ရောင်းဈေး ၁၅ ကျပ်

ထုတ်ဝေသူ–ဒေါ်ဟန်တင် (၀၁၈၄၆)၊ လှိုင်းသစ်စာပေ၊
၃၈/၈၊ ဘိုကလေးဈေးလမ်း၊
ရန်ကုန်မြို့။

ပုံနှိပ်သူ –ဒေါ်ခင်စန်းစန်း (၀၃၅၈၀)၊
အောင်ကျော်ဖြိုးပုံနှိပ်တိုက်၊ ၁၉/၂ လမ်း၊
ဟုမ်းလမ်း၊ ချင်းချောင်းရပ်ကွက်၊
ကြည့်မြင်တိုင်၊ ရန်ကုန်။ (ဖုန်း-၈၃၈၇၉)

ဖြန့်ချိရာဌာန–
လှိုင်းသစ်စာပေ၊ အမှတ် ၃၈၊ ဘိုကလေးဈေးလမ်း၊
ရန်ကုန်မြို့။

## မျက်နှာဖုံးပန်းချီနှင့် ပတ်သက်သောမှတ်ချက်များ

ဖော်ပြပါမျက်နှာဖုံးပေါ်မှ ပန်းချီသရုပ်ဖော်ပုံမှာ အရှေ့ဖျား ဒဿန တစ်ရပ်၏ သင်္ကေတတစ်ခုကို မြန်မာဟန်ဖြင့် နှစ်လိုဖွယ် ဖြစ်အောင် မြန်မာမှု ပြန်ပြု ရေးဆွဲထားခြင်းမျှသာ ဖြစ်ပါသည်။

ယင်းသင်္ကေတ၏ အဓိပ္ပာယ်မှာ မကောင်းသော နိမိတ်၊ မကောင်းသော အသံ၊ မကောင်းသော စကားတို့ကို မမြင်ကြရ၊ မကြားကြရ၊ မပြောကြရပါစေနှင့်ဟူလို....။

ပေါ်ဦးသက်
၂၇၊ ၄၊ ၈၈

www.burmeseclassic.com

www.burmeseclassic.com

## ထုတ်ဝေသူ၏အမှာ

"မှန်သောစကားကိုဆိုခြင်းနှင့် ပတ်သက်သော မှတ်ချက်များ" သည် "စာအကြောင်း၊ စကားအကြောင်း" ခေါင်းစဉ်ကိုအသုံးပြု၍ တစ်ခါတစ်ရံ စာပေအကြောင်း၊ တစ်ခါတစ်ရံ စကားအကြောင်းကို ဟောပြောခဲ့သော ဆရာနန္ဒာသိန်းဇံ၏ ဟောပြောချက်များမှ စကားအကြောင်းနှင့် ပတ်သက်သော ဟောပြောချက်များဖြစ်ပါသည်။

ဤဟောပြောချက်များကိုစာအုပ်အဖြစ်ထုတ်ဝေရန်ခွင့်ပြုသော ဆရာ နန္ဒာသိန်းဇံအား လည်းကောင်း၊ ပန်းချီဗီဇိုင်းများဖြင့် သရုပ်ဖော်ပေးသော ပန်းချီအနုပညာရှင် ဆရာပေါ်ဦးသက်အားလည်းကောင်း၊ ဟောပြောချက်များကို ကူးယူပြင်ဆင်ပေးသော မောင်အောင်ကျော်ဦး (စတုတ္ထနှစ်၊ ဓာတုဗေဒ၊ ပုသိမ် ဒီဂရီကောလိပ်)အား လည်းကောင်း အထူး ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

ထုတ်ဝေသူ

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | နိဒါန်း | |
| | စကားနှင့် ယင်း၏ အရေးပါမှုများ | |
| (က) | မိမိကိုယ် မိမိစောင့်ရှောက်ခြင်း၊ မိမိအလုပ်ကို မိမိ ဂရုစိုက်ခြင်းဟာ မိမိရှေသူတစ်ပါးပါ အကျိုးများစေနိုင်ပါတယ်.... | ၄ |
| (ခ) | စကားကြောင့် လူအချင်းချင်း ချစ်ခင်ရင်းနှီးမှု၊ စည်းလုံး ညီညွတ်မှုတွေ ရနိုင်တယ်၊ အသိပညာတွေ ဖလှယ်နိုင်တယ်။ စကားကြောင့်ပဲ လူတစ်ဦးရဲ့ ဘဝ တစ်ခုလုံးကို ကောင်းတဲ့ အဖြစ်ရောက်အောင် ပြောင်းလဲသွားစေနိုင်တယ်.... | ၅ |
| | အပိုင်း (၁) | |
| | မှန်သောစကားကိုဆိုခြင်းနှင့် ယင်း၏ပြဿနာများ | |
| (က) | မြင်ရ ကြားရသမျှကို ပြောဆိုအပ်၏ဟု တထစ်ချ မမှတ်ယူနိုင်........ | ၁၀ |


BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


စဥ် | အကြောင်းအရာ | စာမျက်နှာ

(ခ) ဟုတ်မှန်တဲ့ စကားပင် ဖြစ်သော်လည်း နားမချမ်းသာတဲ့ စကားမျိုး (အကုသိုလ်သာ ဖြစ်စေမယ့် စကားမျိုး) ဖြစ်နေမယ် ဆိုရင် ပညာရှိတို့ဟာ မပြောဆိုကြ.... ၁၇

(ဂ) ငြိမ်းနဲ့တူတဲ့ ရာဇသကြံ.... ၂၀

(ဃ) အရှင်ဘုရားမှာ သေရမယ့် အချိန်ကို တောင် မရနိုင်တော့ဘူးလား.... ၂၅

(င) လူဟာ မိမိကြိုက်နှစ်သက်သလို ရွေးချယ်ပြီး ပြောနိုင် ပြုနိုင် ပါသလား ဆိုတဲ့ ပြဿနာ.... ၂၉

(စ) မဟောသဓ ပညာရှိဟာ မပြောဘဲနေရမှာကို မပြောဘဲနေလိုက်မိလို့ အသတ်ခံရမယ့် အဖြစ်ကိုတောင် ရောက်ခဲ့ဖူးတယ်.... ၃၂

(ဆ) တစ်ခါတုန်းကဆိတ်တစ်ကောင်.... ၆၁

အပိုင်း (၂)

မှုအဓိကဝါဒ၊ အကျိုးသက်ရောက်မှု အဓိကဝါဒနှင့် ယင်းတို့၏ ပေါင်းဆုံခြင်း

(က) အင်မယ်နျူရယ်ကန့်နဲ့ သူ့ရဲ့ ကောင်းခြင်းတရား.... ၆၄

စဥ် | အကြောင်းအရာ | စာမျက်နှာ

(ခ) ငရဲသို့ သွားသော လမ်းကို စေတနာကောင်းများနဲ့ ဖောက်လုပ်ထားတယ် ....၆၇

(ဂ) တွင်ကျယ်ချင်တဲ့စိတ် အရေး ပါချင်တဲ့ စိတ်နဲ့ ပြောတာ ပြုတာတွေ.... ၆၉

(ဃ) စေတနာကောင်းနဲ့ရေလောင်းကြသူတွေ.... ၇၁

(င) မြို့မှာဖြစ်စေ၊ ရွာမှာဖြစ်စေ၊ ချိုင့်ဝှမ်းရာမှာဖြစ်စေ၊ ကုန်းမြေပေါ်မှာ ဖြစ်စေ အလုံးစုံအရပ်မှာ အမျက် မထွက်ပါနှင့်.... ၇၄

(စ) သက်ရောက် ဖြစ်ပေါ် လာတဲ့ အကျိုးတရားအတွက် ပြုမှု ပြောဆိုသူမှာ တာဝန်လုံးဝ မရှိဘူး ဆိုတာကတော့ မဟုတ်နိုင်သေးဘူး.... ၇၉

(ဆ) ပန်းတိုင်ဟာ လုပ်နည်း လုပ်ဟန်ကိုအဆုံးအဖြတ်ပေးတယ်.... ၈၀

(ဇ) စကားကြီး ဆယ်ခွန်း.... ၈၁

(ဈ) အဆိပ်ထည့်ထားတဲ့ ပျားရည်.... ၈၄


www.burmeseclassic.com

www.burmeseclassic.com



## အပိုင်း (၃)

### မေ့ကျန်မရှိ၊ သတိလက်ယာ၊ ပညာလက်ဝဲ၊ ယှဉ်အမြဲနှင့်

(က) လမ်းဆုံက လူ၏စကား.... ၈၇
(ခ) ကာယဒေသ အခြေအနေကိုချည်း လိုက်ပြီး ပြုနေ ပြောနေရင် အမှန်တရားဟာပျောက်ကွယ်သွားနိုင်တယ်.... ၈၉
(ဂ) ဘာကို သတ်လို့ရှိရင် ချမ်းသာစွာ နေရသလဲ.... ၉၃
(ဃ) အတူတကွ ထမင်းလက်ဆုံစားသူ.... ၁၀၀
(င) အခြေအနေတွေကို သုံးသပ်ရှုမြင်ပြီး ပြောတဲ့ စကားနှစ်ခွန်း.... ၁၀၄
(စ) မိမိ သူ တစ်ပါး နှစ်ဦးသား အကျိုးများဖို့.... ၁၀၇

## အပိုင်း (၄)

### စကားနှင့် ပတ်သက်သော မှတ်ချက်များ

(က) ခရုသင်းမှုတ်လို့ရတဲ့ ငွေကြေးဥစ္စာဟာ ခရုသင်းမှုတ်လို့ပဲ ဆုံးရှုံးသွားတဲ့ သားအဖ.... ၁၀၉
(ခ) အတိုင်းအရှည်ရှိတဲ့ စကားကို ဆိုတတ်တဲ့ မင်းအဖြစ်ကို ရောက်ခဲ့သူ ၁၁၃



(ဂ) စကားများသောပုဂ္ဂိုလ်၏အပြစ်ငါးမျိုး.... ၁၁၇
(ဃ) မိမိစကားကပဲ မိမိကိုသတ်တယ်.... ၁၂၁
(င) လူကြီးလူမိုက်.... ၁၂၂
(စ) အခါ ပမာဏထက် လွန်၍ ဆိုသော စကား.... ၁၂၅
(ဆ) အရှင်ရာဟုလာအတွက် အဆုံးအမ.... ၁၂၆
(ဇ) ပြောချိန် တန်တော့လဲ စကား ပြောတဲ့ တောမိမင်းသား.... ၁၂၇
(ဈ) ဆိတ်ဆိတ် နေတိုင်း ချီး မွမ်း အပ် သည် မဟုတ်.... ၁၂၈
(ည) အင်္ဂါငါးမျိုးနဲ့ ပြည့်စုံတဲ့စကား.... ၁၂၉
(ဋ) ဖြည်းဖြည်းသာသာ ပြောဆိုတဲ့စကား.... ၁၂၉
(ဌ) ပညာဖြင့် မပုံ့မလွင့် ဆိုလေ့ ရှိသူ၏ စကား.... ၁၃၀
(ဍ) ပုဂ္ဂိုလ်ကို ထောက်ဆပြီး စကားကို ဆိုဖို့လိုတယ်.... ၁၃၁
(ဎ) ယုတ်မာတဲ့သူတို့ရဲ့ စကားပြောဟန်.... ၁၃၂
(ဏ) ပညာရှိသူတို့ စကားပြောဆိုပုံ.... ၁၃၈
(တ) အဆင့်မြင့်တဲ့ မှန်သော အကျိုးရှိသော စကား.... ၁၃၉

www.burmeseclassic.com

www.burmeseclassic.com



# နိဒါန်း

ရှေးခေတ်အခါက....

အံ့ဩထိတ်လန့်ဖွယ်တွေကို ပြသနိုင်တဲ့အတွက် အနယ်နယ် အရပ်ရပ်မှာ ထင်ရှား ကျော်ကြားတဲ့ ကျွမ်းဘားပညာရှင် ဆရာတပည့် နှစ်ဦးရှိခဲ့ဖူးပါတယ်။ သူတို့ ပြကွက်တွေ ထဲမှာ မြင့်မြင့်မားမား စိုက်ထူထားတဲ့ ဝါးတိုင်ထိပ်ဖျားကိုရောက်လို့ မတ်တတ်ရပ်နေတဲ့ ဆရာ့ရဲ့ပခုံးထက်ကို ရောက်အောင် တပည့်ဖြစ်သူက တက်လိုက်သွားပြီးတဲ့နောက် ဆရာတပည့်နှစ်ဦးဟာ တစ်ဦးကိုတစ်ဦး ထိန်းမတ်ရင်း ရင်သပ် ရှုမောဖွယ်ရာတွေကို ပြသတဲ့ "ဝါးတိုင်ထက်မှ ပြကွက်များ"လဲ ပါတယ်။

တစ်ခါမှာ ဆရာတပည့်နှစ်ဦး တိုင်ပင်ပြီး ယခင် ပြသခဲ့တဲ့ ပြကွက်တွေထက် ပိုပြီး အံ့ဩဖွယ်ကောင်းတဲ့ ပြကွက်တစ်ခုကို



www.burmeseclassic.com

www.burmeseclassic.com



ပြဖို့ အစီအစဉ်တစ်ခု ပြုခဲ့ကြပါတယ်။ အဲဒီ အစီအစဉ်ကတော့ ဆရာဖြစ်သူက အံ့ဖွယ်ကောင်းလောက်အောင် ထိန်းမတ်ပေးထားမယ့် ဝါးတိုင်ထိပ်မှာ တပည့်ဖြစ်သူက တကယ့် ဓား၊ လှံ၊ သံလျက်တွေကို ကစားပြ၊ ထိန်းမတ် ပြရမယ့် အင်မတန် အန္တရာယ်များတဲ့ ပြကွက်ကိုပြဖို့ အစီအစဉ် ဖြစ်ပါတယ်။

စီစဉ်ထားတဲ့အတိုင်း ပြပွဲနေ့ရောက်လို့ တခြား ပြကွက်တွေကို ပြသပြီးတဲ့နောက် အဲဒီအန္တရာယ်များပြားတဲ့ ပြကွက်ကို ပြရမယ့်အလှည့်ကို ရောက်လာပါတယ်။

တပည့်ဖြစ်သူဟာ ကြိုတင် လေ့ကျင့်မှုတွေ လုပ်ထားခဲ့ပေမယ့်လဲ တကယ့် ဓား၊ လှံ၊ သန်လျက်တွေကို အသုံးပြုပြီး ပြသရမှာဖြစ်တဲ့အတွက် ထိတ်လန့်မှု အနည်းငယ်တော့ ဖြစ်လာဟန်တူပါတယ်။ တိုင်ထိပ်မှာ သူပြသနေတုန်း အောက်က ဆရာဖြစ်သူရဲ့ ထိန်းမတ်ပေးမှု နည်းနည်းကလေး ချွတ်ချော် တိမ်းပါးသွားရင် ချွန်ထက်တဲ့ ဓား၊လှံ၊သန်လျက်တွေနဲ့အတူ အောက်ကို ကျသွားနိုင်တယ်။ ကျသွားရင် အသက်အန္တရာယ်ကို ထိခိုက်နိုင်တယ်လို့ တပည့်ဖြစ်သူဟာ တွေးပြီး ထိတ်လန့်ဟန်တူပါတယ်။ တကယ်တော့ ဓား၊ လှံ၊ သန်လျက်တွေနဲ့ အောက်ကို သူကျရင် အောက်မှာရှိတဲ့ သူ့ဆရာဟာလဲ သူ့လိုပဲ အသက် အန္တရာယ် ထိခိုက်နိုင်တယ်ဆိုတာကို သူ မတွေးမမြင်မိဘူး။ ဒီလို မတွေးမြင်မိဘဲနဲ့ သူ့အန္တရာယ်ကိုပဲ သူ တွေးမြင် ထိတ်လန့်ပြီး....

"ဆရာ....ဒီတစ်ခါ အကောင်းဆုံး ထိန်းမတ် ပေးစေလိုပါတယ်"လို့ ဆရာကို မပြောဖူး ပြောပါတယ်။ ဒီလိုပြော



တဲ့အခါမှာ ဆရာဖြစ်သူက တည်ငြိမ်အေးဆေးတဲ့ လေသံနဲ့ တပည့်ကို....

"တပည့်....သင့်ကိုယ်သင်သာ စောင့်ရှောက်ပါ။ သင်လုပ်ရမယ့် အလုပ်ကို သင် ဂရုစိုက်ပြီး အကောင်းဆုံး လုပ်ပါ။ ငါလဲ ငါ့ကိုယ်ငါ စောင့်ရှောက်မယ်။ ငါ့ဘက်က ငါလုပ်ရမယ့် အလုပ်ကိုလဲ ငါအကောင်းဆုံး လုပ်ပါမယ်။ မိမိကိုယ်မိမိ စောင့်ရှောက်ခြင်း၊ မိမိအလုပ်ကို မိမိ ဂရုစိုက်ခြင်းဟာ မိမိရော သူတစ်ပါးပါ အကျိုးများစေနိုင်ပါတယ်"လို့ ပြန်ပြောပါတယ်။

ဆရာဖြစ်သူဟာ မိမိ စကားအတိုင်း မိမိကိုယ်ကို စောင့်ရှောက်ရင်း ဝါးတိုင်ကို အံ့ဖွယ်ကောင်းလောက်အောင် ထိန်းမတ်ပေးတယ်။ ဆရာဟာ သူလုပ်ရမယ့်အလုပ်ကို အကောင်းဆုံး လုပ်ပေးတာပါပဲ။ တပည့်ဟာလဲ ဆရာ့စကားကို နာယူပြီး ထိန်းမတ်ပေးထားတဲ့ ဝါးတိုင်ပေါ်ကို ရဲရဲ တည်ကြည်စွာနဲ့ တက်တယ်။ အပေါ်ရောက်တဲ့ အခါမှာ သူ့ကိုယ်သူ စောင့်ရှောက် ထိန်းမတ်ရင်း သူပြရမှာကို အကောင်းဆုံးပြသတယ်။ သူလုပ်ရမယ့်အလုပ်ကို အကောင်းဆုံး လုပ်တာပါပဲ။

မိမိကိုယ်မိမိ စောင့်ရှောက်ရင်း မိမိတို့လုပ်ရမယ့် အလုပ်ကို အကောင်းဆုံး လုပ်ခြင်းအားဖြင့် ဆရာတပည့် နှစ်ဦးဟာ ဟာခင်ပွဲတွေနဲ့ မတူတဲ့ တစ်မူထူးခြားတဲ့ အံ့ဖွယ်သူရဲ့ ပြကွက်ကို အောင်မြင်စွာနဲ့ ပြနိုင်ခဲ့ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com





လူတစ်ဦးဟာ မိမိမှာ အကုသိုလ်တွေ မဖြစ်စေဖို့၊ မိမိဘဝကို မထိခိုက် မနစ်နာစေဖို့အတွက် မဟုတ် မတရားတွေကို မပြုမူမိအောင် မိမိကိုယ်မိမိ သတိထား စောင့်ရှောက်ပြီး ပြုလုပ်နေတယ်ဆိုရင် သူ့အပြုအမူတွေဟာ တစ်ဖက်သားတို့အပေါ်မှာ ထိခိုက်စေနိုင်တဲ့ အပြုအမူမျိုးတွေ မဖြစ်နိုင်တော့ပါဘူး။ မိမိကိုယ်ကို မိမိ စောင့်ရှောက်ပြီး ပြုလုပ်နေတယ်ဆိုရင် ဒီလူရဲ့ အပြုအမူဟာ တစ်ဖက်သူတို့ အတွက်လဲ အကျိုးရှိစေတဲ့ အပြုအမူ ဖြစ်မှာပါပဲ။

လူတစ်ဦးဟာ အကုသိုလ်တွေ မဖြစ်စေဖို့ မိမိ အပေါ်မှာ ဒုက္ခအန္တရာယ်တွေ မကျရောက်လာစေဖို့အတွက် ကိုယ်ကျင့်တရား မြဲမြံစွာနဲ့ မကောင်းမှုတွေ မပြုမိအောင် စောင့်စည်းခြင်း၊ စောင့်ရှောက်ခြင်း ပြုနေတယ်ဆိုရင်လဲ အဲဒီလူရဲ့ အပြုအမူဟာ တစ်ဖက်သားကို အကျိုးမဲ့ မဖြစ်စေနိုင်ပါဘူး။ မထိခိုက်နိုင်ပါဘူး။ အနှောင့်အယှက် ပြုရာလဲ မရောက်ပါဘူး။ သတိပညာ အစောင့်အရှောက်နဲ့ ကောင်းတာတွေကို ပြုမူခြင်းဟာ မိမိရော တစ်ဖက်သူတွေပါ အကျိုးများစေနိုင်တဲ့ ပြုမူခြင်းတွေ ဖြစ်နိုင်ပါတယ်။

အလုပ်အနေနဲ့ ပြောရရင်လဲ မိမိဘဝ ပုံမှန်တိုးတက်ဖို့၊ မိမိဂုဏ်သိက္ခာ တိုးတက်ဖို့အတွက် မိမိအလုပ်ကို အမှားအယွင်း အချွတ်အချော် မရှိအောင်၊ မသမာတာတွေမဖြစ်အောင် ထိန်းသိမ်းစောင့်ရှောက်ပြီးလုပ်ရင် တစ်ဖက်ကလူတွေအတွက်အများကြီး အကျိုးရှိတာပါပဲ။ ကိုယ့်အလုပ်ကို ကိုယ်က အကောင်းဆုံးလုပ်ရင် မိမိရော တစ်ဖက်လူများပါ အကျိုးများစေဖို့ပဲ ရှိပါလိမ့်မယ်။

စကားပြောဆိုမှု (ဝစီကံ)နဲ့ ပတ်သက်တဲ့အခါမှာလဲ မိမိဘက်က သတိပညာအစောင့်အရှောက်နဲ့ မိမိမှာ အကုသိုလ်တွေ မဖြစ်အောင်၊ မိမိကို မထိခိုက်လာအောင်၊ အပြစ်လွတ်အောင် မမှန်တာတွေမပြောဘဲ မှန်တာတွေကိုပဲပြောမယ်၊ အကျိုးရှိတာကိုပဲ ပြောမယ်၊ ပြောသင့်တာကိုမှ ပြောမယ်ဆိုရင် မိမိရဲ့ ဝစီကံမှုဟာ တစ်ဖက်သားကို မထိခိုက်စေနိုင်ပါဘူး။ အကျိုးများပဲဖြစ်မှာပါ။ မိမိနှုတ်ကို မိမိ စောင့်ရှောက်ခြင်းပြုတာနဲ့ တစ်ပြိုင်တည်းမှာ မိမိရော သူတစ်ပါးပါ အကျိုးများမှာပါပဲ။

သတ္တလောကမှာ လူဟာ အခြားသတ္တဝါတွေနဲ့ မတူတဲ့ ထူးခြားချက်တွေရှိပါတယ်။ အဲဒီ ထူးခြားချက်တွေ အနက်မှာ လူဟာ အမှတ်သညာတွေကို အများဆုံး စုဆောင်းဖွဲ့စည်းနိုင်ပြီး စကားပြောဆိုတတ်တဲ့ အချက်ပါပဲ။ လူဟာ စကားအားဖြင့် အယူအဆသဘောထားတွေကို ဖော်ပြပြီး လူအချင်းချင်း ဆက်ဆံနိုင်စွမ်းရှိတဲ့ အတွက် လူမှာ အကျိုးရှိတာတွေ အများကြီးပါပဲ။ စကားကြောင့် လူအချင်းချင်း ချစ်ခင် ရင်းနှီးမှု စည်းလုံး ညီညွတ်မှုတွေ ရနိုင်တယ်၊ အသိပညာတွေဖလှယ်နိုင်တယ်။ စကားကြောင့်ပဲ လူတစ်ဦးရဲ့ ဘဝ တစ်ခုလုံးကို ကောင်းတဲ့အဖြစ် ရောက်အောင် ပြောင်းလဲသွားစေနိုင်တယ်။ စကားကြောင့် ရရှိနိုင်တဲ့ ကောင်းကျိုးတွေ အများကြီး ရှိပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် စကားကြောင့် ကောင်းကျိုးတွေ အများကြီး ရရှိနိုင်သလို တစ်ဖက်မှာလဲ စကားကြောင့် ဖြစ်ပေါ်နိုင်တဲ့ အကျိုးမဲ့တွေကလဲ အများကြီးပါပဲ။

မြန်မာလူမျိုး အများစုလက်ခံထားတဲ့ ထေရဝါဒ ဗုဒ္ဓစာပေ ပိဋကတ်တွေမှာ မကောင်းမှုဒုစရိုက် ဖြစ်ပေါ်မှုတွေနဲ့ ပတ်သက်ပြီး ဖော်ပြထားတာတွေ ရှိတယ်။ အဲဒီ ဖော်ပြထားတဲ့မကောင်းမှုဒုစရိုက်တွေထဲမှာ နှုတ်ကြောင့်၊ စကားကြောင့် ဖြစ်ပေါ်နိုင်တဲ့ ဝစီဒုစရိုက်တွေကို အမြောက်အမြားပဲ ဖော်ပြထားတယ်။ သုတ္တန်ပိဋကတ်မှာ ဖော်ပြထားတဲ့ မကောင်းမှု ဒုစရိုက်တွေထဲမှာ ဝစီဒုစရိုက်ဟာ အမျိုးအစားအများဆုံး ဖြစ်တယ်ဆိုတာ တွေ့နိုင်ပါတယ်။

နှုတ်အားဖြင့်၊ စကားအားဖြင့် ပြောဆို ကျူးလွန်မိတဲ့ ဝစီကံတွေကို ဒုစရိုက်ဖြစ်မှုတွေအနေနဲ့ အလေးထားပြီး ပြဆိုထားခြင်းမှာ ရည်ရွယ်ချက်ရှိပါလိမ့်မယ်။ ကိုယ်၊ နှုတ်၊ စိတ်တို့အားဖြင့် ပြုမှုတဲ့(ကာယကံ၊ ဝစီကံ၊ မနောကံ) မကောင်းမှုတွေအနက်မှာ ဝစီကံဖြစ်တဲ့ နှုတ်အားဖြင့် မကောင်းမှုပြုခြင်းဟာ အများဆုံးဖြစ်နိုင်တဲ့ အတွက်ကြောင့် အခုလို အလေးအနက် ဖော်ပြဖို့ရည်ရွယ်တာ ဖြစ်ပါလိမ့်မယ်။ လူမှာ မကောင်းတဲ့ စိတ် ဖြစ်ပေါ်လာကာမျှနဲ့တော့ သူတစ်ပါးကို မထိခိုက်မနစ်နာ စေနိုင်သေးဘူး။ ပြီးတော့ မကောင်းမှု တစ်ခုကို ကာယကံမြောက် ကိုယ်အားဖြင့် ပြုမှု ကျူးလွန်ဖို့လဲ မလွယ်လှပါဘူး။ ဘာကြောင့် ဆိုတော့ တရား ဥပဒေနဲ့ တခြား ထောက်ထားစရာ အခြေအနေတွေ ရှိနေသေးလို့ ဖြစ်ပါတယ်။



ဝစီကံ ဖြစ်မှုတွေမှာတော့ ကြီးလေးတဲ့ တရားဥပဒေ မရှိသလောက် ဖြစ်နေတဲ့အတွက် လွယ်လွယ်ကူကူနဲ့ ပြုလုပ်ရဲတဲ့ အပြုအမူတွေ ဖြစ်နေပါတယ်၊ လွယ်လွယ်ကူကူ ပြုလုပ်ရဲတဲ့ အတွက် များများဖြစ်နေတယ်လို့လဲ ဆိုနိုင်ပါတယ်။ ဒါပေမယ့် တစ်ဖက်ရှုထောင့်ကကြည့်ရင် အဖြစ်များ အပြုများတဲ့ ဝစီကံ အပြုအမူတွေမှာ အင်မတန်ကြီးလေးတဲ့ ဆိုးကျိုးတွေရှိနေတတ်ပါတယ်။ မကောင်းမှုဝစီကံ ဒုစရိုက်ကြောင့် မကောင်းတဲ့ အကျိုးပေး သက်ရောက်လာမှုတွေဟာ ကြောက်မက်ဖွယ်ရာ ကောင်းလှပါတယ်။

လောကအနေနဲ့ ကြည့်မယ်ဆိုရင်လဲ မကောင်းတဲ့ ဝစီကံ ဒုစရိုက်တွေဟာ အချင်းချင်း ညီညွတ်မှုတွေကို ဖျက်ဆီးပစ်နိုင်တယ်။ မကောင်းတဲ့ စကားကြောင့် လူတစ်ဦးရဲ့ ဘဝဟာ ရစရာမရှိအောင် ကြေမွ ပျက်ပြုန်းသွားနိုင်တယ်။ မကောင်းတဲ့ စကားကြောင့် ဆက်ဆံမှုတွေ ကျဆင်းပြီး မိမိ အလုပ်အကိုင်တွေပါ ပျက်စီးသွားနိုင်တယ်။ မကောင်းတဲ့ ဝစီကံမှုတွေဟာ လူတစ်ဦးနဲ့ တစ်ဦး၊ တစ်ဖက်နဲ့ တစ်ဖက် သံသယတွေ ဖြစ်စေနိုင်တယ်။ ယုံကြည်မှု၊ လေးစားမှုတွေ ကင်းသွားစေနိုင်တယ်။ မကောင်းတဲ့ စကားကြောင့် တစ်ဖွဲ့နဲ့ တစ်ဖွဲ့၊ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ၊ လူမျိုး တစ်မျိုးနဲ့ တစ်မျိုး၊ ခိုက်ရန်ဒေါသတွေဖြစ်၊ ဒီလိုဖြစ်ရာက ပျက်စီးမှုအမျိုးမျိုး၊ ဆုံးရှုံးနစ်နာမှုတွေအမျိုးမျိုး ဖြစ်နိုင်တယ်။

ဒီတော့ မိမိကိုယ် မိမိ သတိပညာနဲ့ စောင့်ရှောက်ပြီး ကိုယ့်ဘက်က မှန်တာကို ပြောမယ်၊ သာယာ နားပျော်ဖွယ်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတဲ့ စကားကို ပြောမယ်ဆိုရင် လူမှုဒုက္ခတွေ၊ လူမှုပြဿနာတွေ တော်တော်များများ လျော့နည်း သွားမှာပဲလို့ ခဏခဏ တွေးမိပါတယ်။ တွေးမိ တွေးမိတိုင်းလဲ အထက်က ကျွမ်းဘားပညာရှင် ဆရာတပည့် နှစ်ဦးရဲ့ အဖြစ် အပျက်ကလေးထဲက ဆရာဖြစ်သူပြောခဲ့တဲ့ "မိမိကိုယ် မိမိ စောင့်ရှောက်ပြီး မိမိအလုပ်ကို မိမိ အကောင်းဆုံး လုပ်ခြင်းဟာ မိမိရော သူတစ်ပါးပါ အကျိုးများစေနိုင်ပါတယ်" ဆိုတဲ့ အဆုံးအမ စကားကို ကြားယောင် ကြားယောင် နေမိပါတယ်။ သတိရမိ သတိရမိ လာပါတယ်။ ကိုယ်အပြုအမူကို သာမက နှုတ်အပြုအမူမှာလဲ မိမိမှာ အကုသိုလ်တွေ၊ အကျိုးမဲ့တွေ၊ ထိခိုက်မှုတွေ မဖြစ်စေဖို့၊ မလိုလားအပ်တဲ့ ပြဿနာတွေ မဖြစ်စေဖို့အတွက် ကိုယ့်ဘက်က သတိပညာအစောင့်အရှောက်နဲ့ အတတ်နိုင်ဆုံး စောင့်ရှောက်ပြီး ဝစီကံမှုကို ပြုရင် မိမိရော သူတစ်ပါးပါ အကျိုးများစေမှာပဲလို့ ယုံကြည်မိပါတယ်။ ဒီလို ယုံကြည်မှုနဲ့ အတူ ဘဝခရီးသည်ချင်း သတိပေးတဲ့ အနေနဲ့ ကျွန်တော့် အနီးဝန်းကျင်မှာ ရှိသူတွေကို (အခြေအနေကြည့်ပြီး) ကျွမ်းဘားပညာရှင်နှစ်ဦးရဲ့ အဖြစ်အပျက်ကလေးကို ပြောမိတတ်ပါတယ်။

ဒီမှာလဲ "ကျွမ်းဘားပညာရှင်နှစ်ဦးကို သာဓက ထားပြီး မှန်သောစကားကို ဆိုခြင်းနှင့် ပတ်သက်တဲ့ အကြောင်း"ကို ပြောသွားဖို့ပဲ ဖြစ်ပါတယ်။

## အပိုင်း [၁]

## မှန်သောစကားကို ဆိုခြင်းနှင့် ယင်း၏ပြဿနာများ

အခါတစ်ပါးမှာ ဂေါတမဗုဒ္ဓဟာ ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့ကို အစာကျွေးရာ ဝေဠုဝန်ကျောင်းမှာ သီတင်းသုံးနေပါတယ်။ အဲဒီလို သီတင်းသုံးနေစဉ်ကာလ.... တစ်နေ့မှာ မဂဓတိုင်းရဲ့ အရှင်သခင် အဇာတသတ်မင်းရဲ့ အမတ်ကြီး ဖြစ်တဲ့ ဝဿကာရပုဏ္ဏားဟာ ဂေါတမဗုဒ္ဓထံ ရောက်လာပါတယ်။ အမတ်ကြီးဟာ ဗုဒ္ဓကို ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုပြီး သင့်တင့်လျောက်ပတ်တဲ့ နေရာမှာ ထိုင်ပါတယ်။ အဲဒီနောက် ဝဿကာရပုဏ္ဏားက ဂေါတမဗုဒ္ဓကို–

"အရှင် ဂေါတမ.... မည်သူမဆို မြင်သည်ကို 'ဤသို့ ငါမြင်၏' ဟု ပြောဆိုခဲ့မူ ထို ပြောဆိုရာ၌ အပြစ်မရှိ။ မည်သူမဆို ကြားသည်ကို 'ဤသို့ ငါ

www.burmeseclassic.com



ကြား၏’ဟု ပြောဆိုခဲ့မှု ထိုပြောဆိုရာ၌ အပြစ် မရှိ။ မည်သူမဆို တွေ့သည်ကို ‘ဤသို့ ငါတွေ့၏’ဟု ပြောဆိုခဲ့မှုထိုသို့ ပြောဆိုရာ၌ အပြစ်မရှိ။ မည်သူမဆိုသိသည်ကို ‘ဤသို့ ငါသိ၏’ဟု ပြောဆိုခဲ့မှု ထိုပြောဆိုရာ၌ အပြစ်မရှိဟု အကျွန်ုပ်၌ ဤသို့ ဝါဒရှိပါသည်၊ ဤသို့ အယူရှိပါသည်’’လို့ လျှောက်ပါတယ်။

အမတ်ကြီး ဝဿကာရ ဆိုလိုတာက.... လူတစ်ဦးဟာ သူမြင်လျှင် မြင်တဲ့အတိုင်း၊ ကြားလျှင် ကြားတဲ့အတိုင်း၊ တွေ့လျှင် တွေ့တဲ့အတိုင်း၊ သိလျှင် သိတဲ့အတိုင်း ပြောမယ်ဆိုရင် အဲဒီပြောဆိုမှုဟာ အပြစ်မရှိတဲ့ ပြောဆိုမှု ဖြစ်တယ်လို့ ဆိုလိုပါတယ်။ တစ်နည်းအားဖြင့်.... လူတစ်ဦးဟာ မိမိ သိတာ ကြားတာ တွေ့တာ မြင်တာကို အပိုအလိုမရှိ အရင်းအတိုင်း အရှိပကတိအတိုင်း ပြောတဲ့စကားဟာ အပြစ်မရှိတဲ့ စကား ဖြစ်တယ်လို့ ဆိုလိုပါတယ်။ အမှတ်တမဲ့ကြည့်ရင် အမတ်ကြီး ဝဿကာရရဲ့ အဆို၊ အယူဝါဒကို လက်ခံရတော့ မလိုပါပဲ။ ဒါပေမယ့် ဂေါတမဗုဒ္ဓကတော့ လက်မခံပါဘူး။ အထက်က ဆိုခဲ့တဲ့ အမတ်ကြီး ဝဿကာရရဲ့ အဆိုဝါဒကို ဗုဒ္ဓက ဒီလို တုံ့ပြန်ပြီး ပြောပါတယ်။

“ဝဿကာရ ပုဏ္ဏား... မြင်ရသမျှကို ပြောဆိုအပ်၏ ဟူ၍ ငါမဆို၊ မြင်ရသမျှကို မပြောဆိုအပ် ဟူ၍လည်း ငါမဆို၊ ကြားရသမျှကို ပြောဆိုအပ်၏ ဟူ၍ ငါမဆို၊ ကြားရသမျှကို မပြောဆိုအပ် ဟူ၍လည်း ငါ



မဆို၊ တွေ့ရသမျှကို ပြောဆိုအပ်၏ ဟူ၍ ငါမဆို၊ တွေ့ရသမျှကို မပြောဆိုအပ်ဟူ၍လည်း ငါမဆို၊ သိရသမျှကို ပြောဆိုအပ်၏ ဟူ၍ ငါမဆို၊ သိရသမျှကို မပြောဆိုအပ် ဟူ၍လည်း ငါမဆို။

“ဝဿကာရပုဏ္ဏား.... အကြောင်းမူကား မြင်ရသည်ကို ပြောဆိုသော သူအား အကုသိုလ် တရားတို့ တိုးပွား၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်မူ ဤသို့သော မြင်ခြင်းကို ‘မပြောဆိုအပ်’ဟု ငါဆို၏။

“ဝဿကာရပုဏ္ဏား....မြင်သည်ကို မပြောဆိုသော သူအား အကုသိုလ်တရားတို့ တိုးပွား၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်မူ ဤသို့သော မြင်ခြင်းကို “ပြောဆိုအပ်၏’ဟု ငါဆို၏။

“ဝဿကာရပုဏ္ဏား.... ကြားရသည်ကို ပြောဆိုသောသူအား အကုသိုလ်တရားတို့ တိုးပွား၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်မူ ဤသို့သော ကြားခြင်းကို ‘မပြောဆိုအပ်’ဟု ငါဆို၏။

“ဝဿကာရပုဏ္ဏား ...ကြားရသည်ကို မပြောဆိုသောသူအား ကုသိုလ်တရားတို့ ဆုတ်ယုတ်၍ အကုသိုလ်တရားတို့ တိုးပွားကုန်မူ ဤသို့သော ကြားခြင်းကို ‘ပြောဆိုအပ်၏’ဟု ငါဆို၏။

“ဝဿကာရပုဏ္ဏား.... တွေ့သည်ကို ပြောဆိုသော သူအား အကုသိုလ်တရားတို့ တိုးပွား၍ ကုသိုလ်တရား

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေကိုကြည့်ပြီး ပြောသင့်ရင် ပြော၊ မပြောသင့်ရင် မပြောဘဲနေရမှာပဲ။



တို့ ဆုတ်ယုတ်ကုန်မှု ဤသို့သောတွေ့ခြင်းကို 'မပြောဆိုအပ်'ဟု ငါဆို၏။

"ဝဿကာရပုဏ္ဏား....တွေ့ရသည်ကို မပြောဆိုသောသူအား အကုသိုလ်တရားတို့ တိုးပွား၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်မှု ဤသို့သော တွေ့ခြင်းကို 'ပြောဆိုအပ်၏'ဟု ငါဆို၏။

"ဝဿကာရပုဏ္ဏား....သိရသည်ကိုပြောဆိုသောသူအား အကုသိုလ်တရားတို့ တိုးပွား၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်မှု ဤသို့သော သိခြင်းကို "မပြောဆိုအပ်" ဟု ငါဆို၏။

"ဝဿကာရပုဏ္ဏား....သိရသည်ကို မပြောဆိုသောသူအား ကုသိုလ်တရားတို့ ဆုတ်ယုတ်၍ အကုသိုလ်တရားတို့ တိုးပွားကုန်မှု ဤသို့သောသိခြင်းကို "ပြောဆိုအပ်၏" ဟု ငါဆို၏။"

ဗုဒ္ဓရဲ့ စကားတွေကိုထောက်ရင် လူတစ်ဦးဟာ သူမြင်တာ တွေ့တာ သိတာ ကြားတာတွေကို မြင်တဲ့အတိုင်း ကြားတဲ့အတိုင်း တွေ့တဲ့အတိုင်း သိတဲ့အတိုင်း အမြဲပြောရမယ်။ ဒီလိုပြောခြင်းဟာ အပြစ်မရှိတဲ့ ပြောဆိုမှုမျိုးဖြစ်တယ်လို့ တထစ်ချမှတ်ယူ မထားသင့်ပါဘူး။ အခြေအနေကို ကြည့်ပြီး ပြောသင့်မှ ပြောရမယ်လို့ ဆိုလိုပါတယ်။ မြင်တဲ့အတိုင်း ပြောလို့ကုသိုလ်တွေဖြစ်မယ်၊ အကျိုးရှိတာတွေ ဖြစ်မယ်ဆိုရင် ပြောရမှာပဲ။ ဒါပေမယ့် ပြောလိုက်လို့ အကုသိုလ်တရားတွေဖြစ်မယ်၊ အကျိုးမဲ့တာတွေ ဖြစ်မယ်ဆိုရင်တော့ မပြောဘဲ နေရမှာပဲ။

www.burmeseclassic.com



အခြေအနေကိုကြည့်ပြီး ပြောသင့်ရင်ပြောပြီး မပြောသင့်ရင် မပြောဘဲ နေရမယ်လို့ ဆိုလိုပါတယ်။

မြင်တဲ့အတိုင်း တွေ့သိတဲ့အတိုင်း ပြောလိုက်မိလို့ အကျိုးမဲ့ ဖြစ်ရတဲ့ သာဓကတွေ အများကြီး ရှိပါတယ်။ ဒီနေရာမှာတော့ ဇာတကထဲမှာပါတဲ့ အဖြစ်အပျက်ကလေး တစ်ခုကို ဖော်ပြချင်ပါတယ်။

ရှေးအခါက ပုဏ္ဏား ဇနီးမောင်နှံရဲ့ အိမ်မှာ ညီအစ်ကို တော်တဲ့ ကြက်တူရွေးကလေး နှစ်ကောင်ကို မွေးထားတယ်။ ကြက်တူရွေးလေး နှစ်ကောင်ဟာ အင်မတန်မှ လိမ္မာတယ်။ ပြောတတ် ဆိုတတ် သိတတ်တဲ့ ကြက်တူရွေးကလေးတွေ ဖြစ်ပါတယ်။ ကြက်တူရွေးကလေးတွေဟာ ပုဏ္ဏားကို 'ဖခင်' လို့ ခေါ်တယ်။ ပုဏ္ဏေးမကို 'မိခင်'လို့ ခေါ်ကြတယ်။ ပုဏ္ဏားနဲ့ ပုဏ္ဏေးမတို့ကလဲ သူတို့ ညီအစ်ကို နှစ်ဦးကို 'သားကြီး သားငယ်'နဲ့ ခေါ်ကြတယ်။

တစ်နေ့တော့ ပုဏ္ဏားမှာ ကုန်သွယ်ဖို့ ကုန်ရောင်းသွားဖို့ အလုပ်ပေါ်လာတယ်။ မလွဲမရှောင်သာလို့သာ ခုလို သွားရမှာပါ။ တကယ်တော့ မသွားချင်လှဘူး။ ဘာကြောင့်လဲ ဆိုတော့ အိမ်မှာ ကျန်ရစ်ခဲ့မယ့် ပုဏ္ဏေးမကို တခြား ယောကျ်ားတွေနဲ့ ဖြစ်ပျက်မှာကို တွေးပြီး ပုဏ္ဏားက စိတ်မချဘူး။ ဒါကြောင့် ပုဏ္ဏားက ကြက်တူရွေးလေးနှစ်ကောင်ကို အနားခေါ်ပြီး တိုးတိုးတိတ်တိတ် မှာတယ်။ "ငါ ရပ်ဝေးကို သွားပြီး အလုပ် လုပ်စရာရှိတယ်၊ ငါမရှိတုန်းမှာ ငါ့ရဲ့ မယားကို မင်းတို့နှစ်ယောက် စောင့်ကြည့်ပါ။ ဘယ်ယောကျ်ား



တွေ လာတယ် မလာဘူးဆိုတာ သိအောင် လုပ်ပါ။" ဒီလို မှာကြားပြီး ပုဏ္ဏားက ကုန်သွယ်ရအောင်၊ ကုန်ရောင်းရအောင် ထွက်သွားတယ်။

ပုဏ္ဏားထွက်သွားတယ်ဆိုရင်ပဲ ကျန်ရစ်ခဲ့တဲ့ ပုဏ္ဏေးမဟာ ဖောက်ပြန်တော့တာပါပဲ။ နေ့ရော ညပါ အိမ်ကို ယောကျ်ားတွေ လာကြတယ်။ ဒါကို ကြက်တူရွေးလေးညီအစ်ကိုက မြင်ကြ တွေ့ကြတယ်။ ဒီအခါမှာ ညီဖြစ်တဲ့ ကြက်တူရွေးလေးက အစ်ကိုဖြစ်တဲ့ကြက်တူရွေးကို "အစ်ကို၊ ဖခင်ပုဏ္ဏားက စောင့်ကြည့်ဖို့ မှာသွားတယ်။ အခု မိခင် ပုဏ္ဏေးမဟာ ယောကျ်ားတွေနဲ့ ယုတ်မာ ဖောက်ပြန်တဲ့ အကျင့်ကို ကျင့်နေပြီ။ ဒီလို မပြုကျင့်ဖို့ ကျွန်တော်ပြောမယ်"လို့ ဆိုတော့ အစ်ကိုဖြစ်တဲ့ သူက "ညီလေး...မပြောနဲ့"လို့ တားတယ်။ တားပေမယ့် ညီက နားမထောင်ဘူး၊ တားဆီးမရဘူး ဖြစ်နေတယ်။

ညီဖြစ်တဲ့ ကြက်တူရွေးငယ်ဟာ အစ်ကိုဖြစ်သူရဲ့ စကားကို နားမထောင်ဘဲ ပုဏ္ဏေးမဆီ သွားပြီး "မိခင်ဟာ ဖခင် မရှိချိန်မှာ ဘာ့ကြောင့်ဒီလို ယုတ်မာဖောက်ပြန်တဲ့ အကျင့်ကို ကျင့်ရသလဲ၊ ဒီလိုပြုကျင့်တာဟာ မကောင်းဘူး၊ မပြုကျင့်နဲ့" စသည်ဖြင့် ပြောတော့တာပဲ။

ဒီအခါမှာ ပုဏ္ဏေးမက ကြက်တူရွေးကလေးကို "အို... ဟုတ်ပေသားပဲ။ ငါ ကျွေးမွေးထားတဲ့ ငါ့သားက ငါ့ကို ဆုံးမပါပေတယ်။ ငါ ဒီကနေ့က စပြီး မပြုကျင့်တော့ပါဘူး၊ လာပါအုံး၊ အမေ့အနားကို လာပါအုံး"လို့ ချိုချိုသာသာနဲ့ ဟန်လုပ်ပြီး အနားကိုခေါ်တယ်။ ကြက်တူရွေးကလေးက

www.burmeseclassic.com

www.burmeseclassic.com



ပညာရှိတို့မည်သည့် ဟုတ်မှန်သော စကားပင် ဖြစ်သော်လည်း နားမချမ်းသာတဲ့စကားမျိုး ဖြစ်နေမယ်ဆိုရင် မပြောဆိုကြပါ။



လဲ အကောင်းခေါ်တာထင်ပြီး ပုဏ္ဏေးမ အနားကို သွားတယ်။ အနားလဲရောက်ရော ပုဏ္ဏေးမက ကြက်တူရွေးကို ဖျတ်ခနဲ ဖမ်းယူပြီးတော့ "ငါ့ကို နင်က ဆုံးမနေသေးတယ်၊ ကိုယ့်ဟာကိုယ် အေးအေးမနေနိုင်ဘူး" ဒီလိုပြောရင်းနဲ့ ကြက်တူရွေးရဲ့ လည်ပင်းကို လိမ်ချိုးပြီး သတ်ပစ်လိုက်တယ်။ ဒီလိုသတ်ပြီး မီးခဲတွေရှိနေတဲ့ ပြာပူထဲကို ထိုးထည့်ထားလိုက်တယ်။

မကြာခင်မှာ ပုဏ္ဏားဟာ ကုန်သွယ်ရာကနေ ပြန်ရောက်လာတယ်။ အိမ်ရောက်တယ် ဆိုရင်ပဲ ပုဏ္ဏားဟာ တခြားအကြောင်းကို မမေးနိုင်ဘူး။ ကျန်ခဲ့တဲ့ ကြက်တူရွေးကို "ငါမရှိတုန်း....သင့်ရဲ့မိခင်ဟာ ယောကျ်ားတွေနဲ့ ယုတ်မာ ဖောက်ပြန်တဲ့ အကျင့်ကို ကျင့်သလား၊ မကျင့်ဘဲ ရှောင်ကြဉ်သလား" လို့ သူ့မယားအကြောင်းမေးတယ်။ ဒီအခါမှာ ကြက်တူရွေးကလေးက...."ဖခင်....ပညာရှိတို့ မည်သည် ဟုတ်မှန်တဲ့ စကားပင် ဖြစ်သော်လည်း နားမချမ်းသာတဲ့ စကားမျိုး (အကုသိုလ်သာ ဖြစ်စေတဲ့ စကားမျိုး) ဖြစ်နေမယ်ဆိုရင် မပြောဆိုကြပါဘူး။ ဟုတ်မှန်တဲ့အတိုင်း ပြောမိတဲ့ ကျွန်တော့်ညီငယ်ဟာ မီးနဲ့ရောတဲ့ ပြာပူထဲမှာ သေရသလို ပြောမိတဲ့သူဟာ သေရမှာပါပဲ" လို့ ပြန်ပြောတယ်။ ဒီလိုပြောပြီး ကြက်တူရွေးကလေးဟာ ပုဏ္ဏားနဲ့ ပုဏ္ဏေးမအိမ်ကနေပြီး အပြီးတိုင်ပဲ ထွက်ခွာသွားပါတယ်။

ဒီ အဖြစ်အပျက်လေးဟာ မြင်ရင် မြင်တဲ့အတိုင်း၊ ဟုတ်ရင် ဟုတ်တဲ့အတိုင်း ပြောခြင်းဟာ အခါခပ်သိမ်း အကျိုးရှိတယ်လို့ မဆိုနိုင်တဲ့ သာဓကပါပဲ။ မြင်ရင်မြင်တဲ့အတိုင်း ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရင် ကိုယ်ကိုယ်တိုင်ရော တစ်ဖက်သူပါ အကျိုးမဲ့တွေဖြစ်စေမယ်၊ အကုသိုလ်တွေပဲ ပွားစေမယ်ဆိုရင် မပြောဘဲ နေရတာမျိုး ရှိတာပါပဲ။ တချို့လူတွေဟာ "တို့ကတော့ ဘွင်းဘွင်းပဲ၊ တည့်တည့်ပဲ ပြောတတ်တယ်" စသည်ဖြင့် ဖော်ထုတ် ဂုဏ်ယူပြီး အကျိုးရှိ၊မရှိ မဆင်ခြင်တော့ဘဲနဲ့ ပြောတတ် ဆိုတတ်ကြပါတယ်။ တစ်ခါတစ်ခါမှာ မခံချင်စိတ်၊ ခနဲ့ချင်စိတ်နဲ့ ဟုတ်ရင် ဟုတ်တဲ့အတိုင်း၊ သိရင်သိတဲ့အတိုင်းပြောဆိုမိတာမျိုးလဲရှိတယ်။ ဒီလို ပြောခြင်းဟာလဲ အများအားဖြင့်တော့ မိမိအတွက်ရော သူတစ်ပါးအတွက်ပါ ကောင်းကျိုးမပေးဘူးဆိုတာကို မြန်မာ့ သမိုင်းက အမတ်ကြီး ရာဇသင်္ကြံရဲ့ အဖြစ်ကို ထောက်ပြီး သိသာပါတယ်။

နရသီဟပတေ့ကို ဘုရင်အဖြစ် ရောက်အောင် အမတ်ကြီး ရာဇသင်္ကြံက ကူညီခဲ့တယ်။ ဒါပေမယ့် နရသီဟပတေ့ဟာ ဘုရင်အဖြစ်ရောက်တဲ့ အခါမှာ မိမိကို ကျေးဇူးပြုခဲ့တဲ့ အမတ်ကြီး ရာဇသင်္ကြံကို ကျေးဇူးတုံ့ပြန်ဖို့ မေ့လျော့နေတယ်။ ဒါကို ရာဇသင်္ကြံက စိတ်နာနေတယ်နဲ့ တူပါတယ်။ မခံချင်ဖြစ်နေတယ်နဲ့ တူပါတယ်။ ဒါနဲ့ တစ်နေ့မှာ အမတ်ကြီးက ပန်းကပ်ပွဲနဲ့ နရသီဟပတေ့ ရှေ့မှောက်ကို ဝင်ရောက် ခစားတယ်။ ပန်းကပ်ပွဲ(ကွမ်းကလပ်ပွဲ)ကိုမြင်တော့ နရသီဟပတေ့က-

"အဘိုး ရာဇသင်္ကြံ....ဘာကြောင့် ပန်းကပ်ပွဲ (ကွမ်းအစ်ပွဲ)နဲ့ ကွမ်းစားသလဲ" လို့ မေးတယ်။

ဒီလိုမေးတော့ ရာဇသင်္ကြံက....



"အရှင့်သား....ပန်းပွတ်သည်သားမြေးတို့ သူကောင်းဖြစ်၍ ပန်းပွတ်မည့်သူ မရှိသောကြောင့် ပန်းကပ်ပွဲနဲ့ ကွမ်းစားရပါတယ်" လို့ ဖြေတယ်။

"ပန်းပွတ်သည်သားမြေးတို့ သူကောင်းဖြစ်၍...!" ဆိုတဲ့ အမတ်ကြီး ရာဇသင်္ကြံရဲ့စကားဟာ မှန်တဲ့စကား၊ ဟုတ်တဲ့ စကားပါပဲ။ ဘာကြောင့်လဲ ဆိုတော့ နရသီဟပတေ့ရဲ့ မယ်တော်ဟာ မြစ်သာရွာသူ ပန်းပွတ်သည်ရဲ့ သမီးဖြစ်တယ်။ ဒါပေမယ့် "ပန်းပွတ်သည် သားမြေးတို့ သူကောင်းဖြစ်၍ ပန်းပွတ်မည့်သူ မရှိသောကြောင့်...."ဆိုတဲ့ အမတ်ကြီးရဲ့ စကားဟာ အမျိုးကို ထိခိုက်ပြီး ဆိုတဲ့စကား ဖြစ်နေတယ်။ ဒီတော့ နရသီဟပတေ့က နာတယ်၊ နာကြည်းတယ်ပေါ့။ ဒါကြောင့် နရသီဟပတေ့က....

"အဘိုးရာဇသင်္ကြံ ဘုရားစေတီတွေကို ထီးတင်တဲ့ အခါ ဘယ်လိုတင်ပါသလဲ" လို့ မေးတယ်။

"အရှင့်သား....ငြမ်းဖြင့် တင်ရပါတယ်"လို့ ရာဇသင်္ကြံက ဖြေတယ်။ ဒီအခါမှာ နရသီဟပတေ့က....

"ထီးအထက်သို့ ရောက်ဘဲ့အခါမှာ ငြမ်းကို ဘယ်လိုမှုံ သလဲ"လို့ မေးတယ်။

"အရှင့်သား....ငြမ်းကို ဖျက်ပစ်ရပါတယ်၊ ငြမ်းကို ဖျက်မှ ဘုရားစေတီဟာ တင့်တယ်ပါတယ်"လို့ ပြန်ဖြေတယ်။ ဒီအခါမှာ နရသီဟပတေ့က....

www.burmeseclassic.com



မခံချင်စိတ်နဲ့ ဟုတ်ရင် ဟုတ်တဲ့အတိုင်း ပြောမိတတ်တယ်၊ ဒီလို ပြောခြင်းဟာ တစ်ခါ တစ်ခါမှာ မိမိရော သူတစ်ပါး ပါ အကျိုးမဲ့ ဖြစ်နိုင်တယ်။

## မှန်သောစကားကိုဆိုခြင်း

“အကျွန်ုပ်က ထီးနဲ့တူတယ်၊ အဘိုးရာဇသင်္ကြံက ငြမ်းနဲ့တူတယ်၊ အကျွန်ုပ်သည် မင်းဖြစ်၍အထက်သို့ရောက်ပြီ၊ ဒီတော့… ငြမ်းနဲ့တူတဲ့ အဘိုးရာဇသင်္ကြံကို ဖျက်မှပင်တင့်တယ်တော့မယ်” လို့ပြောပြီး အမတ်ကြီး ရာဇသင်္ကြံကို ရာထူးကနုတ်၊ အဲဒီနောက် ဒလကို ပို့လိုက်ပါတယ်။

မခံချင်တဲ့စိတ်နဲ့ ဟုတ်တာကို ဟုတ်တဲ့အတိုင်း၊ သိတာကို သိတဲ့အတိုင်း ပြောတဲ့အတွက် အမတ်ကြီး ရာဇသင်္ကြံရတဲ့အကျိုးကတော့ ရာထူးက နုတ်ပယ်ခံရခြင်းနဲ့ နယ်နှင်ဒဏ် အခတ်ခံရခြင်းပါပဲ။ ဒါဆိုရင်…ဟုတ်ရင်ဟုတ်တဲ့အတိုင်း၊ သိရင် သိတဲ့အတိုင်း ဘယ်လိုမျှ ဘယ်တော့မှ မပြောဘဲ နေရတော့မှာလားဆိုတော့လဲ ဒီလိုတော့ မဟုတ်ပါဘူး၊ အခြေအနေကို ကြည့်ပြီး ဟုတ်ရင် ဟုတ်တဲ့အတိုင်း၊ သိရင် သိတဲ့အတိုင်း ပြောရတာမျိုးလဲ ရှိတယ်။

တစ်ခါတုန်းက သီဟိုဠ်မှာ မဟာသိဝဆိုတဲ့ကျမ်းတတ်ပုဂ္ဂိုလ် မထေရ်မြတ်ကြီးတစ်ပါး ရှိခဲ့ဖူးတယ်။ ကျမ်းတတ် ပုဂ္ဂိုလ်မြတ်ကြီးဆိုတော့ သူ့ထံမှာ လာရောက်ပညာဆည်းပူးနေတဲ့ ရဟန်းတပည့်တွေက အများကြီးပဲ။ သောင်းနဲ့ သိန်းနဲ့ကိုချီပြီးတော့ ရှိနေတယ်။ အဲဒီမဟာသိဝမထေရ်မြတ်ရဲ့ အဆုံးအမ ဩဝါဒကိုခံယူပြီး တရားအားထုတ်တဲ့အတွက် ရဟန်း အမြောက်အမြားဟာလဲ အရဟတ္တမဂ်ဖိုလ်ပညာတွေကို ထိုးထွင်းသိမြင်ကုန်ကြတယ်။

တစ်နေ့မှာ အဲဒီ အရဟတ္တမဂ်ဖိုလ်တွေကို ထိုးထွင်း သိမြင်ကြတဲ့ ရဟန်းတွေအနက်က ရဟန်းတစ်ပါးဟာ ဒီလို ဆင်ခြင်

www.burmeseclassic.com



တယ်။ "ငါ့ရဲ့ဆရာမဟာသီဝမထေရ်မြတ်ကြီးဟာငါ့အပေါ်မှာ ကျေးဇူးကြီးမား လှပါပေတယ်၊ သူ့အဆုံးအမ ဩဝါဒအပေါ်မှာ မှီပြီး ငါဟာ ဈာန်အဘိညာဉ်နှင့်တကွ အရဟတ္တမဂ်ဖိုလ်ပညာတွေကို ရခဲ့တယ်၊ ငါ့ဆရာ မဟာသီဝမထေရ်ကြီးကော... ဘယ်လို အဆင့်အတန်းမျိုး ရှိပါလိမ့်" ဒီလို ဆင်ခြင်ပြီးတဲ့နောက် အဘိညာဉ်နဲ့ သူ့ဆရာ မဟာသီဝ မထေရ်မြတ်ကြီးကို ကြည့်တော်မူတယ်။ ဒီလိုကြည့်တော့ သူ့ဆရာ မဟာသီဝမထေရ်မြတ်ကြီးဟာ ကျမ်းဂန်စာပေတွေသာတတ်သိတဲ့ ပုထုဇဉ်အဆင့်အတန်းမျှသာ ရှိသေးသူဖြစ်ကြောင်း သိရတယ်။ ဒီအခါမှာ တပည့်ဖြစ်သူက "ငါတို့ဆရာ မဟာသီဝမထေရ်မြတ်ကြီးဟာ သူတစ်ပါးတို့ရဲ့ မှီခိုအားထားရာ ဖြစ်ပေမယ့် သူကိုယ်တိုင်မှာတော့ မှီခိုအားထားရာ မရသေးပါလား။ ငါသွားပြီး ငါ့ဆရာကို ဩဝါဒပေးမယ်" လို့ ကြံစည်ဆုံးဖြတ်ပြီး သူ့ဆရာမဟာသီဝမထေရ်မြတ်ကြီးရှိရာ ကျောင်းတော်သို့ ကြွသွားတယ်။ ရောက်တဲ့အခါမှာ ဆရာဖြစ်တဲ့ မဟာသီဝမထေရ်ကြီးက....

"ငါ့ရှင် အဘယ်အကြောင်းကြောင့် လာရောက်သလဲ" လို့ မေးတယ်။ တပည့်ရဟန်းက "တရားတစ်ပုဒ်လောက် ဆရာ့ထံမှ သင်ယူလိုတဲ့အတွက်ကြောင့် လာခဲ့ပါတယ်" လို့လျှောက်တယ်။ ဒီအခါမှာ မဟာသီဝမထေရ်ကြီးက....

"အခွင့်ရနိုင်မည် မဟုတ်ဘူး ငါ့ရှင်" လို့ ပြန်ပြောတယ်။

ဟုတ်ပါတယ်။ မဟာသီဝမထေရ်မြတ်ကြီးထံမှာ စာပေသင်ယူနေတဲ့သူတွေက သောင်းနဲ့ သိန်းနဲ့ရှိနေတယ်။ သင်ကြား



ပေးရမယ့်အချိန်တွေက အပြည့်ဖြစ်နေတဲ့အတွက်အခုလာရောက်တဲ့တပည့်အတွက် နည်းနည်းမှအချိန်ပိုမပေးနိုင်ဘူးဖြစ်နေတယ်။

တပည့်ဖြစ်သူက မဟာသီဝမထေရ်မြတ်ကြီးကို "အရှင်ဘုရားမှာ ဒီလောက်တောင် အချိန်ပိုမရနိုင်လောက်အောင် ဖြစ်နေရင် 'ယနေ့ ငါဘယ်အရပ်ကို ဆွမ်းခံကြွရပါ့မလဲလို့' ကြံစည်စဉ်းစားရာ တန်ဆောင်းဝန်းမှာ အရှင်ဘုရားရပ်တဲ့အခိုက် တပည့်တော်သင်လိုတဲ့ တရားနဲ့ပတ်သက်ပြီး မေးမြန်းပါရစေ" လို့ တောင်းပန်တယ်။

"အဲဒီနေရာမှာလဲ အခြားရဟန်းတွေက စောင့်ပြီး ငါ့ကို ပြဿနာမေးလျှောက်ကြတယ် ငါ့ရှင်၊ ငါ့ရှင်အတွက် အချိန်ရမှာ မဟုတ်ပါဘူး"

"ဒီလိုဆို အရှင်ဘုရား ဆွမ်းခံကြွရာ လမ်းခရီးတစ်လျှောက်မှာ မေးမြန်းပါရစေ"

"ငါ ဆွမ်းခံကြွရာ လမ်းခရီးမှာလဲ အခြားရဟန်းတွေက ပြဿနာ မေးလျှောက်ကြတာပဲ"

"မြို့ထဲက ဆွမ်းခံပြီး ပြန်ကြွလာတဲ့ လမ်းမှာကော ဘုရား"

"အဲဒီမှာလဲ အခြားရဟန်းတွေက ပြဿနာမေးလျှောက်ကြတယ် ငါ့ရှင်"

"ကျောင်းတိုက်ကိုရောက်လို့ ဆွမ်းစားကျောင်းမှာ အရှင်ဘုရား ဆွမ်းစားခြင်းကိစ္စ ပြီးတဲ့အချိန်မှာကော မေးမြန်းခွင့်ရပါ့မလား ဘုရား"

"အဲဒီမှာလဲ အခြားရဟန်းတွေက ပြဿနာမေးလျှောက်ကြတယ် ငါ့ရှင်"

www.burmeseclassic.com

www.burmeseclassic.com



အရှင်ဘုရားမှာ သေရမယ့်အချိန်ကိုတောင် မရနိုင်တော့ဘူးလား ဘုရား။



တပည့်က အချိန်အား ရှမရ စုံစမ်းတိုင်း ဆရာဖြစ်သူ မဟာသီ၊ မဂေထရ် မြတ်ကြီးမှာ အချိန်တိုင်း မအားမလပ်တာ ချည်းဖြစ်နေတာကို တွေ့နေရတယ်။ သူ့အတွက် အချိန်ရနိုင်တယ်ရယ်လို့ မရှိဘဲ ဖြစ်နေတာ တွေ့နေရတယ်၊ ဒီအခါမှာ တပည့်ဖြစ်သူက ဆရာဖြစ်သူ မဟာသီဝ မထေရ်ကြီးကို ဒီလို ပြောလိုက်ပါတယ်။

"ဒီအတိုင်းသာဆိုရင် အရှင်ဘုရားမှာ သေရမယ့်အချိန်ကိုတောင် မရတော့ဘူးလားဘုရား၊ တကယ်တော့ အရှင်ဘုရားမှာ ကမ္မဋ္ဌာန်းတရား နှလုံးသွင်းဖို့၊ အားထုတ်ဖို့အချိန်လောက်တော့ ရသင့်ပါတယ်။ ယူသင့် ပါတယ်။ အရှင်ဘုရားဟာ တံကဲပျဉ်နဲ့ တူနေပါတယ်။ သူ့တစ်ပါးရဲ့ မှီရာသာ ဖြစ်နေပါတယ်။ အရှင်ဘုရားကိုယ်တိုင်မှာတော့ မှီရာ၊ အားကိုးရာမရှိ ဖြစ်နေပါတယ်။ အရှင်ဘုရားဟာ သံသရာမှာ ဆောက်တည်မှီခိုရာဖြစ်တဲ့ တရားဓမ္မကို ထိုးထွင်းသိမြင်မှု မရှိသေးပါဘူး။ တပည့်တော် ဒီကိုလာတာဟာ အရှင်ဘုရားဆီမှာ တရားဓမ္မသင်ယူဖို့ လာတာ မဟုတ်ပါဘူး"လို့ ပြောပြီး တပည့်ဖြစ်သူက ချာန်အဘိညာဉ်နဲ့ ကြွသွားပါတယ်။

တပည့်ရဟန်းဟာ အဟုတ်ကို အဟုတ်အတိုင်း၊ သူ့ဆရာအကြောင်း သိထားတာကို သိထားတဲ့အတိုင်း ဘွင်းဘွင်းကြီး ပြောလိုက်တာပဲ။ အချိန်ပြည့် စာပေတွေပို့ချ သင်ကြားဆွေးနွေး ဖြေရှင်းနေတဲ့ ဆရာရဲ့ လုပ်ရပ်တွေဟာ တကယ်မှန်ကန်တဲ့ အလုပ်ပါလား ဆိုတာကိုတောင် မထောက်ထားတော့ဘဲနဲ့ "ဒီလောက်တောင်အချိန်ပြည့်အလုပ်ရှုပ်နေတဲ့ အရှင်ဘုရားမှာ

www.burmeseclassic.com



သေဖို့ကိုတောင် အချိန်မရနိုင်တော့ ဘူးလား''လို့ ပြောလိုက်ခြင်းကို တစ်ဖက်ရှုထောင့်ကနေ ကြည့်မယ်ဆိုရင် တော်တော် 'နာ'လောက်တဲ့စကား၊ 'အောင့်'သွားစရာ စကားပါပဲ။ သူများကတော့ ကိုယ့်ကိုလာလာပြီးမိုတယ်၊ တံကဲပျဉ်လိုပဲ။ကိုယ့်မှာတော့ ဘာမှမှီစရာမရှိဘူး၊ သံသရာမှာ ဘာမှ ဆောက်တည်မှီခိုရာမရှိဘူးဆိုတဲ့ အပြောမျိုးဟာလဲ အတော် အံ့ရခက်နိုင်တဲ့ စကားတွေ ဖြစ်ပါလိမ့်မယ်။ တပည့်ဟာ ဆရာကို ဘာမှထောက်ထားမနေဘဲ သိရင် သိတဲ့အတိုင်း၊ အဟုတ်အတိုင်း၊ အရင်းအတိုင်း ပြောချလိုက်တာပါပဲ။

ဒါပေမယ့် အကျိုးရှိတဲ့စကား ဖြစ်ခဲ့ရပါတယ်။ ဆရာဖြစ်သူ မဟာသိဝမထေရ်ကြီးဟာ သတိသံဝေဂရပြီး တရားအားထုတ်ခဲ့ပါတယ်။အနှစ် ၃၀ ကြာအောင် အားထုတ်ပြီးတဲ့နောက်မှာ အရဟတ္တမဂ်ဖိုလ်ဉာဏ်တွေကိုထိုးထွင်းသိမြင်ပြီး ဘဝသံသရာမှာ ဆောက်တည်ရာ၊ မှီခိုရာ ရသူအဖြစ် ရောက်သွားခဲ့ပါတယ်။

အထက်က သာဓကတွေကို ကြည့်ရင် မဟာသိဝမထေရ်မြတ်ကြီးနဲ့ သူ့ရဲ့တပည့် အဖြစ်အပျက်မှာ မြင်ရင်မြင်တဲ့အတိုင်း ဟုတ်ရင်ဟုတ်တဲ့အတိုင်း၊ သိရင်သိတဲ့အတိုင်း မထောက်မညှာ ပြောတဲ့စကားဟာ အကျိုးရှိတဲ့ စကားဖြစ်တယ်။ နရသီဟပတေ့နဲ့ အမတ်ကြီး ရာဇသင်္ကြံ အဖြစ်အပျက်မှာတော့ မခံချင်စိတ်နဲ့၊ ဒေါသနဲ့ ဟုတ်ရင်ဟုတ်တဲ့အတိုင်း၊ သိရင်သိတဲ့အတိုင်း ပြောတဲ့အတွက် အကျိုးမဲ့စကားဖြစ်ခဲ့ရတယ်။ အမတ်ကြီးခမျာ နယ်နှင်ဒဏ် ခံခဲ့ရတယ်။ ကြက်တူရွေးညီနောင် အဖြစ်အပျက်မှာလဲ မြင်ရင်မြင်တဲ့အတိုင်း၊ ဟုတ်ရင် ဟုတ်တဲ့အတိုင်း၊ သိရင်



သိတဲ့အတိုင်း ပြောမိတဲ့ ညီဖြစ်သူ ကြက်တူရွေး ကလေးဟာ အသတ်ခံခဲ့ရတယ်။ ဒီအခြေအနေကိုကြည့်ပြီး အစ်ကိုဖြစ်တဲ့ ကြက်တူရွေးကလေးဟာ မြင်ရင်မြင်တဲ့အတိုင်း၊ သိရင် သိတဲ့အတိုင်း၊ တွေ့ရင်တွေ့တဲ့အတိုင်း၊ အဟုတ်ကို အဟုတ်အတိုင်း မပြောဘဲနေခဲ့တယ်။ မပြောတဲ့အတွက် အသက်ချမ်းသာရာရခဲ့တယ်၊ မပြောတဲ့အတွက် အသက်ဘေးမှ လွတ်မြောက်ခြင်းဆိုတဲ့ အကျိုးကျေးဇူးကို ရရှိသွားတယ်လို့ ဆိုရမှာပါပဲ။

ကိုယ်ကျင့်တရား ပညာနယ်ပယ်မှာ ပြဿနာတစ်ရပ်အဖြစ်ယူဆပြီး ဆွေးနွေးကြတာ တစ်ခုရှိပါတယ်။ ဘာလဲဆိုတော့ ''လူဟာ မိမိကြိုက်နှစ်သက်သလို ရွေးချယ်ပြီး ပြောနိုင်၊ ပြုနိုင်ပါသလား''ဆိုတဲ့ ပြဿနာပါပဲ။ နှုတ်နဲ့ပတ်သက်ပြီး ပြောသင့်ရင် ပြောမယ်၊ မပြောသင့်ရင် မပြောဘဲနေမယ်၊ ဒီလို ကိုယ်နှစ်သက်သလို ရွေးချယ်နိုင်ရဲ့လား။

ဥပမာ....စောစောကအစ်ကိုဖြစ်တဲ့ ကြက်တူရွေးကလေးလို အဟုတ်အတိုင်း၊ အဖြစ်မှန်အတိုင်း မပြောသင့်တဲ့အတွက် မပြောဘဲနေနိုင်တဲ့အဖြစ်မျိုးကို လူဟာ ရနိုင်သလား။ ပြောဖို့ကို မရွေးချယ်ဘဲ မပြောဖို့ကို ရွေးချယ်လို့ရနိုင်သလား။

မရနိုင်တဲ့ အခြေအနေမျိုးတွေ ရှိတတ်ပါတယ်။

တစ်ခါမှာ....တစ်စီးရှင်ဘုရင်ဟာ ပွဲတော်တည် စားတော်ခေါ်မယ့်ဆဲဆဲမှာ မင်းချင်းတစ်ယောက် ရောက်လာပြီး နန်းရှေ့မှာ ရဟန်းတစ်ပါးရပ်လာကြောင်း လျှောက်သွားတယ်။ ဒီအခါမှာ တစ်စီးရှင်ဘုရင်က ''ဘာအလို့ရှိလို့ လာရပ်သလဲလို့

www.burmeseclassic.com



ခမေးလျှောက်ချေ”လို့ မင်းချင်းကိုခိုင်းလိုက်တယ်။မကြာခင်မှာ မင်းချင်းပြန်ရောက်လာပြီး “ဆွမ်းအလိုရှိလို့ လာရပ်ခြင်းဖြစ်ပါကြောင်း” လျှောက်ထားတယ်။

တစ်စီးရှင်ဘုရင်က စဉ်းစားတယ်။ ငါပွဲတော်တည်အံ့ဆဲဆဲမှာ အခုလို ရဟန်းဆွမ်းလာရပ်ခြင်းဟာ ထူးခြားချက်ရှိမှာပဲ။ ငါ့ကိုမ စချင်တဲ့အတွက်၊ ချီးမြှောက်ချင်တဲ့အတွက် ဆွမ်းလာရပ်ခြင်းဖြစ်မှာပဲလို့တွေးတယ်။ တွေးရင်း ဆွမ်းလောင်းလှူလိုတဲ့ သဒ္ဒါတရားတွေလဲ ဖြစ်လာတယ်။ ဒါနဲ့ ပွဲတော်အုပ်က မွန်မြတ်တဲ့ ခဲဖွယ်ဘောဇဉ်တွေကို ရဟန်းကို လောင်းလှူလိုက်တယ်။ ဒီလို လောင်းလှူပြီးတဲ့နောက် မင်းချင်းတစ်ယောက်ကို “အဲဒီ ရဟန်းနောက်ကိုလိုက်ပြီး စုံစမ်းချေ”လို့ မှာပြီး လွှတ်လိုက်တယ်။တစ်စီးရှင်တွေးထင်နေတာက သူ့ကိုချီးမြှောက်ရအောင် ကြွလာတဲ့ရဟန်းဟာ တစ်နေ့နေ့ရောက်ရင် ဈာန်အဘိညာဉ်နဲ့ ကြွသွားမယ်၊ ဒါမှမဟုတ်ရင် ကိုယ်ပျောက်သွားမယ်လို့ တွေးထင်နေတာပါ။

မင်းချင်းဟာ ဘုရင့်အမိန့်အတိုင်းရဟန်းနောက်က မယောင်မလည်လုပ်ပြီး လိုက်သွားတယ်။ မြို့အပြင်ကိုရောက်တဲ့အခါမှာ ရဟန်းဟာ ဇရပ်တစ်ခုဆီလျှောက်သွားတယ်။ ဇရပ်အတွင်းကို ရဟန်းဝင်မိတဲ့အခါမှာ မိန်းမတစ်ဦးက ရဟန်းရဲ့သပိတ်ကို လှမ်းယူလိုက်တာ မြင်ရတယ်။ ရဟန်းဟာလဲ အခန်းထဲဝင်၊ ဝတ်ရုံထားတဲ့ သင်္ကန်းကိုချွတ်ပြီး လူဝတ်နဲ့လဲလိုက်တယ်။မကြာခင်အတွင်းမှာ ရဟန်းအသွင်၊ ကိုယ်တော်အသွင် ပျောက်ပြီး လူဝတ်နဲ့ လူအဖြစ်ရောက်သွားတာကို မင်းချင်းဟာ မြင်နေရ



တယ်။ ရဟန်းအသွင်ဆောင်ပြီး သားမယားအတွက်လိမ်ညာပြီး ဆွမ်းခံကျွေးနေတဲ့ ရဟန်းတု ရဟန်းယောင်မှန်း သိမြင်ရတဲ့ အခါမှာ မင်းချင်းဟာ လှည့်ပြီးပြန်လာခဲ့ပါတယ်။

နန်းတော်ရောက်လို့ ဘုရင့်ရှေ့မှောက်ဝင်တဲ့အခါ မြင်တွေ့ခဲ့ရသမျှကို တင်လျှောက်ဖို့ ဘုရင်က ခိုင်းတော့မှာပဲ....

တကယ်လို့များ....မင်းချင်းဟာ သူမြင်ခဲ့တာနဲ့ ပတ်သက်ပြီး သူမြင်ခဲ့၊ တွေ့ခဲ့၊ သိခဲ့တာကို မြင်ခဲ့တဲ့တဲ့အတိုင်း၊ တွေ့ခဲ့တဲ့အတိုင်း၊ သိခဲ့တဲ့အတိုင်း ရဟန်းအတု အယောင် ဖြစ်တဲ့ အကြောင်း တင်လျှောက်လိုက်ရင်....ဘုရင်ဟာ ဒေါသတွေထွက်မှာ အမှန်ပဲ။ ရဟန်းတုဟာ ဘုရင်ရဲ့ အသက်ကိုလဲ ခံကောင်း ခံရမယ်။ မြင်တွေ့တဲ့အတိုင်း တင်လျှောက်တဲ့ မင်းချင်းမှာလဲ ဘာအကျိုးဆုလာဘ်မှ ရမှာလဲမဟုတ်ဘူး။ဘုရင်ရော၊ရဟန်းတုရော၊ မင်းချင်းရော သုံးဦးသားဟာ ဘာမှ အကျိုးမရှိပါဘူး။ ဒါဆိုရင် မင်းချင်းဟာ မြင်ရင်မြင်တဲ့အတိုင်း၊ တွေ့ရင်တွေ့တဲ့အတိုင်း မပြောဘဲနေလို့ ရမလား။ မင်းချင်းရဲ့ နေရာမှာနေပြီး စဉ်းစားကြည့်ပါ။

မြင်ရင် မြင်တဲ့အတိုင်း၊ တွေ့ရင် တွေ့တဲ့အတိုင်း မပြောဘဲ နေတာက အကျိုးရှိတယ်လို့ တွေးပြီး မင်းချင်းဟာ မပြောဘဲ နေလို့ရမလား။ မင်းချင်းဟာ မပြောဘဲနေလို့မရဘူး။ အာဏာရှိတဲ့ဘု၊ အာဏာထက်ရှလှတဲ့ ဘုရင်ရဲ့ ရှေ့မှောက်မှာ(ဟိုခါရှေ့က ပြောပြခဲ့တဲ့ အစ်ကိုဖြစ်တဲ့ ကြက်တူရွေး ကလေးလို) “မပြောသင့်တဲ့အတွက်မပြောတော့ပါဘူးဘုရား”လို့ ဒီလိုလုပ်လို့ မရဘူး။ ဘုရင်ပဲ၊ အာဏာနဲ့အတင်းပြောခိုင်းမှာပဲ။ ဒါဆိုရင်

www.burmeseclassic.com



မပြောဘဲနေလို့ ကိုမရတဲ့ အခြေ
အနေမျိုးတွေလဲရှိတတ်တယ်။



မင်းချင်းရဲ့ အဖြစ်က မပြောမနေ ပြောရတော့မယ့် အခြေအနေရှိတယ်။

ဒါပေမယ့် မင်းချင်းက ပညာရှိတယ်။

နန်းတော်ကိုရောက်လို့ ဘုရင့်ရှေ့မှောက်ဝင်တဲ့အခါ ဘုရင်က မင်းချင်းကို တွေ့ကြုံခဲ့သမျှ တင်လျှောက်ခိုင်းတယ်။ ဒီအခါမှာ မင်းချင်းက....

"အရှင်မင်းကြီး....အကျွန်ုပ် လိုက်လံ ကြည့်ရှုနေစဉ်မှာပင် ရဟန်းဟာ ကိုယ်တော့်အသွင် ပျောက်သွားပါတယ်ဘုရား" လို့ တင်လျှောက်လိုက်တယ်။

ဟုတ်ပေသားပဲ။ သူကြည့်နေ မြင်နေတုန်းမှာ ရဟန်းဘဝက သက်နှီးချွတ်ပြီး လူဝတ်လဲလိုက်တော့ ကိုယ်တော်အသွင် ပျောက်သွားတော့တာပါပဲ။ မင်းချင်းဟာ စကားပရိယာယ်နဲ့ ငြိနိုင်တဲ့ အစွန်းတွေကိုရှောင်ပြီး ပြောဆို လျှောက်ထားလိုက်တာပါပဲ။ မင်းချင်းရဲ့ လျှောက်ထားတဲ့ စကားဟာ မှန်တဲ့ စကားမဟုတ်ပေမယ့် လောလောဆယ်မှာတော့ သတ်ဖြတ်ညှဉ်းဆဲခြင်းအထိ သက်ရောက်သွားနိုင်တဲ့ ဒေါသကို ငြိမ်းသတ်ပေးလိုက်နိုင်တဲ့စကား ဖြစ်နေပါတယ်။ တစ်စီးရှင်ဘုရင်ဟာ မင်းချင်းရဲ့ စကားကိုကြားရတော့ သူဆွမ်းလှူလိုက်တဲ့ ကိုယ်တော်ဟာ တန်ခိုးအဘိညာဉ်ရှိတဲ့ ရဟန်းဖြစ်တယ်လို့ ထင်မှတ်ပြီး ပီတိသောမနဿတွေဖြစ်သွားတယ်။ စေတနာ၊ သဒ္ဓါတရားတွေလဲ ထပ်ဆင့်ဖြစ်တယ်။ မင်းချင်းကိုလဲ ဆုလာဘ်တွေပေးသနားလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ မင်းချင်းဟာ မပြောဘဲနေရမှာကို (တစ်မျိုးတစ်ဖုံ) ပြောပစ်လိုက်တဲ့အတွက် နှစ်ဦးနှစ်ဖက် အကျိုးရသွားတယ်။ ဒါပေမယ့် မဟောသဓ ပညာရှိဟာ မပြောဘဲ နေရမှာကို မပြောဘဲကို နေလိုက်မိလို့ အသတ်ခံရမယ့် အဖြစ်ကိုတောင် ရောက်ခဲ့ရဖူးတယ်။

ဒီအဖြစ်ကို တော်တော်များများ သိကြမှာပါပဲ။ မဟောသဓဟာ ဝိဒေဟရာဇ်မင်းကြီးရဲ့ ချီးမြှောက်မှုတွေကို တစ်ဆင့်ပြီးတစ်ဆင့်ရခဲ့တယ်။ နောက်ဆုံးမှာ သေနာပတိရာထူးကို ရခဲ့တယ်။ ဒါကိုအမတ်သုခမိန်လေးယောက်က မနာလို မရှုဆိတ်ဖြစ်ကြတယ်။ မဟောသဓကို ဒီစည်းစိမ်၊ ဒီ ရာ ထူး က နေ လျှောကျအောင် ဘယ်လိုလုပ်ရပါ့မလဲလို့ စဉ်းစားတိုင်ပင်ကြတယ်။ သူတို့အထဲက သေနကအမတ်ကြီးက မဟောသဓ ပျက်စီးဖို့ အကြံတစ်ခုရထားတဲ့အကြောင်း ပြောတယ်။ သေနကက သူ့အကြံအစည်ကို ဒီလိုပြောပြတယ်.... "ငါတို့သုခမိန် ပညာရှိ အမတ်လေးယောက်စလုံး မဟောသဓရဲ့ အိမ်ကိုသွားမယ်။ ဟိုရောက်တဲ့အခါမှာ မဟောသဓကို 'လျှို့ဝှက်အပ်တဲ့ စကားကို ဘယ်သူ့ကိုပြောအပ်သလဲ' လို့ မေးကြမယ်။ ဒီလိုမေးရင် မဟောသဓက 'လျှို့ဝှက်အပ်တဲ့ စကားကို ဘယ်သူ့ကိုမှ မပြောအပ်ဘူး' လို့ဆိုမယ်။ ဒီလိုဆိုတဲ့အခါမှာ ငါတို့ဟာ မင်းကြီးထံကိုသွားပြီး ကုန်းတိုက်စကား လျှောက်ထားမယ်။ ဒါဆိုရင် မဟောသဓရဲ့ ရာထူးစည်းစိမ်တွေ ပျက်စီးသွားမှာပဲ" စသည်ဖြင့် မိမိရထားတဲ့ အကြံအစည်ကို ပြောပြတော့ ကျန်တဲ့အမတ်တွေကလဲ သဘောတူကြတယ်။



ဒါနဲ့ အမတ်ကြီးလေးယောက်ဟာ မဟောသဓ အိမ်ကို သွားကြတယ်။ အိမ်ကိုရောက်လို့ နှုတ်ဆက်စကား ပြောဆိုပြီးဆုံးတဲ့အခါမှာ သေနကအမတ်က မဟောသဓကို "အရှင့်သားတော်သုခမိန်.... ယောကျာ်းတို့မည်သည် အဘယ်တရား၌တည်အပ်ပါသလဲ" လို့ မေးတယ်။ မဟောသဓက "ယောကျာ်းဆိုတာ သစ္စာ၌သာ တည်အပ်တယ်" လို့ ဖြေတယ်။ သေနကအမတ်က.... "သစ္စာ၌ တည်တဲ့သူဟာ အဘယ်ကို ပြုအပ်ပါသလဲ" လို့ မေးတယ်။ မဟောသဓက.... "သစ္စာ၌သာတည်တဲ့သူဟာ ဥစ္စာစည်းစိမ်ကို ဖြစ်စေတယ်" လို့ ဖြေတယ်။ သေနကက... "ဥစ္စာစည်းစိမ်ကို ဖြစ်စေအပ်ပြီးသူဟာ အဘယ်သို့ပြုအပ်ပါသလဲ" လို့ မေးပြန်တယ်။ ဒီအခါမှာ မဟောသဓက.... "ဥစ္စာစည်းစိမ် ဖြစ်ပြီးတဲ့သူဟာ မိမိလျှို့ဝှက်အပ်တဲ့ စကားကို သူတစ်ပါးတွေကို မပြောအပ်ဘူး" လို့ ဖြေတယ်။ ဒီလိုဖြေဆိုတဲ့အခါမှာ သေနကအမတ်က "မဟောသဓသုခမိန်.... သင့်စကားဟာ ကောင်းမြတ်လှပါပေတယ်" လို့ ပြောဆို ချီးမွမ်းတယ်။ အဲဒီနောက် အမတ်ကြီးလေးဦးဟာ မဟောသဓအိမ်ကထွက်ပြီး နန်းတော်ရှိရာကို လာခဲ့ကြတယ်။ လမ်းမှာ "မဟောသဓရဲ့ ပျက်စီးခြင်းကို ငါတို့ မြင်ရတော့မှာပဲ" လို့ ဝမ်းပန်းတသာနဲ့ ပြောလာကြတယ်။

မကြာခင် နန်းတော်ကိုဝင်၊ ဘုရင့်ရှေ့မှောက် ရောက်တဲ့အခါမှာ အမတ်ကြီးလေးဦးက "အရှင်မင်းကြီး.... မဟောသဓက နှုတ်ဖြင့်သာ အရှင်မင်းကြီးရဲ့ အကျိုးစီးပွားကိုလိုလားဟန်နဲ့ ပြောဆိုနေခြင်းဖြစ်ပါတယ်၊ သူ့ရဲ့ပကတိစိတ်ထဲမှာတော့



www.burmeseclassic.com

www.burmeseclassic.com



မဖြောင့်မမှန် အကောက်ကြံနေသူ ဖြစ်ပါတယ်'' လို့ လျှောက်ထားကြတယ်။ ဒီအခါမှာ ဝိဒေဟရာဇ်မင်းကြီးက ''သုခမိန် အမတ်တို့... ငါ့ရဲ့ စီးပွားတော် ယုတ်လျော့ကြောင်း အတွက် မကောင်းသော အတိုင်အပင်နှင့် သင်တို့က အကြိမ်ကြိမ် ငါ့သား မဟောသဓာကို ပျက်စီးအောင် မဟုတ်မမှန် လုပ်ကြံပြီး ငါ့ကို လှည့်စား လျှောက်ထားကြတာ များလှပြီ။ ယခု သင်တို့ လျှောက်ထားကြပေမယ့် ငါမယုံ၊ ငါ့သား မဟောသဓာဟာ ငါ့ကို အကောက်ကြံပြီး ဖောက်ပြန်မယ့်သူ မဟုတ်ပါဘူး''လို့ ပြန့်တော်မူတယ်။

မင်းကြီးရဲ့စကားကို ကြားတဲ့အခါမှာ အမတ်လေးယောက်က ''အရှင်မင်းကြီး၊.... ကျွန်ုပ်တို့သည်လည်း အရှင့် ကျေးဇူးတော်ကို ခံစားသူ အမတ်သုခမိန်တို့ ဖြစ်သည်နှင့် အညီ သူတစ်ပါးတို့ မကောင်းကြံသည်များကို အရှင့် နား မျက်စိ ပွင့်ရှုကြည့်နားထောင်ရပါသည်။ အပေါ်ယံစကားနှင့် မဟောသဓာ လျှောက်ထားသည်ကို ယုံကြည်တော်မူသဖြင့် နောင်အရေးမလှ ရှိခဲ့သော် အကျွန်ုပ်တို့လည်း ဝန်မလွတ်ချေ ဖြစ်သောကြောင့် ကြားသိလျှင် ကြားသိတိုင်း သူတစ်ပါးမျက်နှာကို မထောက် အရှင့်ဝတ်ပျက်မည်ကိုသာ ကြောက်ရွံ့ခြင်းဖြင့် ယခု လျှောက်ထားရပါသည်။ အကျွန်ုပ်တို့ စကားကို ယုံတော်မမူလျှင် မဟောသဓာကို ခေါ်တော်မူ၍ ရာဇမာယာဖြင့် လျှို့ဝှက်အပ်သော စကားကို အဘယ်သူအား ပြောအပ်မည်နည်းဟု မေးတော်မူပါ။ စင်စစ် မဟောသဓာသည် အကောက်ကြံမည်မှန်လျှင် လျှို့ဝှက်အပ်သော စကားကို အဘယ်သူအားမျှ ထိုကြံသောအမှု



မပြီးမီ မပြောအပ်၊ နှလုံးအလို ပြည့်မှကား ပြောလိုလည်း ပြောအပ်ပါ၏ဟု ဆိုပါလိမ့်မည်။ ထိုသို့ ဆိုသောစကားကိုကြားတော်မူရမှ မင်းကြီးသည် ယခု အကျွန်ုပ်တို့ လျှောက်ထားသော စကားကို ယုံကြည်တော်မူပါ''လို့ လျှောက်ထားကြတယ်။

အမတ်တို့ရဲ့စကားကို ကြားတဲ့အခါမှာ ဝိဒေဟရာဇ်မင်းကြီးဟာ မဟောသဓာအပေါ် ယုံမှားမှုရှိပြန်တဲ့အတွက် ''ကောင်းပြီ၊ သင်တို့ပြောတဲ့အတိုင်း မဟောသဓာကို ငါ မေးမယ်''လို့ ဆိုတယ်။

နောက်တစ်နေ့မှာ မဟောသဓာအပါအဝင် အမတ်ငါးဦးဟာ ဝိဒေဟရာဇ်မင်းကြီးကို ခစားနေကြတယ်။ ဒီအခါမှာ မင်းကြီးက ''သုခမိန် ငါးယောက်တို့.... အညီအညွတ်စည်းဝေးမိခိုက်မှာ ငါ့မှာ ပြဿနာတစ်ခု ထင်လာတယ်။ အဲဒီပြဿနာကို ငါမေးတော်မူမယ်။ သတိထားပြီး နားထောင်စေချင်တယ်။ ကဲ့ရဲ့အပ်သည်ဖြစ်စေ၊ ချီးမွမ်းအပ်သည် ဖြစ်စေ (ကောင်းတဲ့ လျှို့ဝှက်အပ်သည့် စကားပဲဖြစ်ဖြစ် မကောင်းတဲ့ လျှို့ဝှက်အပ်သည့် စကားပဲဖြစ်ဖြစ်) လျှို့ဝှက်အပ်သောစကားကို အဘယ်သူကိုပြောအပ်သလဲ''လို့ မေးတယ်။

ဒီလို မေးတဲ့အခါ သေနကအမတ်က အကြံတစ်ခုရတယ်။ ဘာလဲဆိုတော့ ငါတို့ဟာ မင်းကြီးကို ပြင်ပပုဂ္ဂိုလ်အနေနဲ့ ထားပြီး မင်းကြီးရှေ့မှာ မဟောသဓာနဲ့ အချေအတင် ပြောကြရင် ငါတို့ ရှုံးနိမ့်နိုင်တယ်။ ဒီတော့ မင်းကြီးကို ငါတို့ဘက်သား ငါတို့ အသင်းဝင်ဖြစ်အောင် သိမ်းသွင်းပြီးမှ ပြဿနာကို

www.burmeseclassic.com

www.burmeseclassic.com



ဖြေရှင်းမှ တော်မယ်လို့ အကြံရတယ်။ ဒီအကြံနဲ့အဘူ သေနကအမတ်ကြီးက....

"မြေအပြင်၌နေသော၊ လူခပ်သိမ်းကို အစိုးရတော်မူသော အရှင်မင်းကြီး.... အရှင်မင်းကြီးက အမေးတော် ရှိတဲ့အတွက် အကျွန်ုပ်တို့ ငါးဦးက လျှောက်ထားရပါတော့မယ်။ ထိုသို့ လျှောက်ထားရာမှာ အရှင်မင်းကြီးရဲ့အလိုတော်ကိုသိရမှ ဆန္ဒတော်နှင့်လဲ သင့်လျော်အောင်....အမေးတော်လဲ ပြေအောင်.... ဆင်ခြင် စဉ်းစားပြီး လျှောက်ပါမယ်၊ အရှင်မင်းကြီးသည်လဲ ဝိုင်းပြည်ဝန်ကို ရွက်ဆောင်တော်မူရတဲ့ အရှင်ဖြစ်တဲ့အတွက် လျှို့ဝှက်အပ်သောစကားကို မည်သို့သော သူကိုသာ ပြောအပ်တယ်။ မည်သို့သော သူကိုတော့ မပြောအပ်ဘူးဆိုတာကို မပြတ်ပင် ဆင်ခြင်သတိရှိတော်မူရသည်နှင့်အညီ ရှေးဦးစွာ အရှင်မင်းကြီးရဲ့ အလိုတော်ကို ဆိုတော်မူစေချင်ပါသေးတယ်" လို့ လျှောက်တယ်။

အလိုတူ အလိုပါဖြစ်အောင် သေနကအမတ်က လျှောက်ထားနေခြင်းဖြစ်တယ်ဆိုတာကို ဝိဒေဟရာဇ်မင်းကြီးက နားမလည်ဘူး။ နားမလည်တော့ သယ့်နှယ်ပြန်ပြီး မိန့်တော်မူသလဲဆိုတော့....

"သုခမိန်တို့.... ငါ့ရဲ့အလို ငါ့ရဲ့ သဘောထားကို သင်တို့ သိလိုလျှင် ငါဖြေဆိုပါမယ်။ မိမိရဲ့ လင်ယောကျ်ားမှ တစ်ပါး ဘယ်ယောကျ်ား အပေါ်မှာမှ မဖောက်ပြား၊ စိတ်နဲ့တောင် မကူးလူး မဆက်ဆံ မငြိတွယ်တဲ့ မယားမြတ်ကို လျှို့ဝှက်အပ်



တဲ့စကားကို ပြောသင့်တယ်။ ဒါဟာ ငါ့ရဲ့အလို၊ ငါ့ရဲ့သဘောထားဖြစ်တယ်" လို့ ဆိုတယ်။

မင်းကြီးရဲ့စကားကို ကြားတဲ့အခါမှာ မင်းကြီးဟာ ငါတို့ရဲ့ အလိုတူ အလိုပါဖြစ်ပြီ၊ ငါတို့ရဲ့ဘက်တော်သား ဖြစ်ပြီလို့ တွေးပြီး သေနကအမတ်ဟာ ဝမ်းသာသွားတယ်။

ဝမ်းပန်းတသာနဲ့ပဲ သေနကအမတ်က မင်းကြီးရဲ့ 'လျှို့ဝှက်အပ်သော စကားကို မည်သူအား ပြောသင့်သနည်း" ဆိုတဲ့ ပြဿနာကို ဒီလိုအဖြေပေးတယ်။ "အရှင်မင်းကြီး.... ဒုက်အခဲနဲ့ ဒုက္ခအန္တရာယ်တွေ ဒါမှာ ကျရောက်လာတဲ့အခါ မိမိကို ထားချန် စွန့်ပစ်မထားဘဲ မိမိကို စောင့်ရှောက်ကြည့်ရှုတဲ့ မိတ်ဆွေကောင်း၊ အဆွေခင်ပွန်းကောင်းကို လျှို့ဝှက်အပ်တဲ့ စကားကို ပြောသင့်ပါတယ်" လို့ လျှောက်တယ်။

ဒီအခါမှာ ဝိဒေဟရာဇ်မင်းကြီးက "သေနက အမတ်ကြီးရဲ့ သဘောထားကို သိရပြီ။ ပက္ကုသအမတ်ကြီးရဲ့ အလိုသဘောထားကကော ဘယ်လိုပါလဲ၊ လျှို့ဝှက်အပ်တဲ့စကားကို ဘယ်သူ့ကို ပြောသင့်တယ်လို့ထင်သလဲ" လို့ မေးတယ်။ ဒီအခါမှာ ပက္ကုသအမတ်က....

"အရှင်မင်းကြီး....အကျင့်သီလ တည်ကြည်တဲ့၊ သမာဓိရှိတဲ့ အမျိုးကိုရန်ငြိုး မထားတတ်တဲ့ မွေးချင်းပေါက်ဖော် (ဥပမာ- အမိတစ်ဖတည်း သားချင်းပေါက်ဖော်ဖြစ်တဲ့ အစ်ကို ဒါမှမဟုတ် ညီ) ကို လျှို့ဝှက်အပ်တဲ့စကားကို ပြောသင့်ပါတယ်" လို့ လျှောက်တယ်။ ဒီအခါမှာ ဝိဒေဟရာဇ် မင်းကြီးက ကာမိန္ဒအမတ်ဆီကို လှမ်းပြီး "ကာမိန္ဒ အမတ်ကြီးကကော

www.burmeseclassic.com

www.burmeseclassic.com



လျှို့ဝှက်အပ်သော အရာ
လျှို့ဝှက်မှသာလျှင်ကော
ပါတယ်။



ဘယ်လိုထင်ပါသလဲ၊ လျှို့ဝှက်အပ်တဲ့စကားကို ဘယ်သူ့ကို ပြောသင့်တယ်ဆိုတာ လျှောက်ထားပါဦး”လို့ မိန့်တော်မူတယ်။ ဒီအခါမှာ ကာမိန္ဒအမတ်က ..

“အရှင်မင်းကြီး.... အတိဇာတ၊ အနုဇာတ၊ အဝဇာတ အားဖြင့် သားသုံးမျိုးရှိရာမှာ မယုတ်မလျော့တဲ့ပညာ၊ သတိ၊ ဝီရိယနဲ့ပြည့်စုံပြီး ဖခင်ဖြစ်သူနဲ့ အကျင့်သဘောလဲတူတဲ့....အဖေ ရဲ့ အလိုကိုလဲလိုက်တတ်တဲ့ အနုဇာတသားကို လျှို့ဝှက်အပ် တဲ့ စကားကို ပြောအပ်ပါတယ်”လို့ လျှောက်တယ်။ ဒီလျှောက် ထားချက်ကို ကြားပြီးတဲ့အခါမှာ မင်းကြီးက ဒေဝိန္ဒအမတ် ကြီးဆီ လှမ်းပြီး....

“သုခမိန်သုံးယောက်တို့ရဲ့ စကားကို ကြားရပြီ၊ အသင် ဒေဝိန္ဒသုခမိန့်ရဲ့ အလိုကကော ဘယ်လိုပါလဲ”လို့ မေးတယ်။ ဒီအခါမှာ ဒေဝိန္ဒအမတ်က....

“အရှင်မင်းကြီး.... မိမိကိုချစ်ခင် ကြင်နာစွာနဲ့ ကျွေးမွေး သုတ်သင်တဲ့ မိမိရဲ့မိခင်ကို လျှို့ဝှက်အပ်တဲ့ အကောင်းအဆိုး စကားမျိုးကို ပြောအပ်ပါတယ်”လို့ လျှောက်ထားတယ်။

ဒီလိုအမတ်လေးဦးက လျှောက်ထားပြီးတဲ့အခါမှာ ဝိဒေ ဟရာဇ်မင်းကြီးက....

“သုခမိန်လေးယောက်တို့ရဲ့ စကားကို ကြားရပြီ၊ ငါ့သား မဟောသဓသုခမိန်ကကော ဘယ်လိုထင်သလဲ၊ လျှို့ဝှက်အပ် သော စကားကို ဘယ်သူ့ကို ပြောအပ်ပါသလဲ”လို့ မေးတယ်။ မဟောသဓက ဒီလိုပြန်ပြီးလျှောက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အရှင်မင်းကြီး.... လျှို့ဝှက်အပ်သော အမှုကို လျှို့ဝှက်မှသာလျှင် ကောင်းပါတယ်၊ လျှို့ဝှက်အပ်သောအမှုကို မလျှို့ဝှက်ဘဲ သူတစ်ပါးကို ပြောမိမှားလျှင် နောင်အခါမှာ မကောင်းဖြစ်တတ်ပါတယ်၊ အရှင်မင်းကြီး.... အကြင်ပညာရှိသည် မိမိလိုအင်သော အကျိုးမပြည့်စုံသေးသမျှ ကာလပတ်လုံး လျှို့ဝှက်အပ်သောအမှုကို အဘယ်သူကိုမျှ မသိစေအပ်ပါ၊ မပြောဆိုအပ်ပါ၊ လျှို့ဝှက်အပ်သည်ကို မည်သူ့ကိုမှ မပြောမဆိုဘဲ နှုတ်ကို စောင့်စည်းချုပ်တည်း သည်းခံရပါမယ်၊ မိမိအလိုပြည့်သောအခါမှာတော့ ပြောလိုလျှင် ပြောနိုင်ပါတယ်။ ဤသို့ကျင့်သုံးခြင်းဟာ ပညာရှိတို့ရဲ့ သဘောဓလေ့ ဖြစ်ပါတယ်" လို့ လျှောက်ထားလိုက်တယ်။

ဝိဒေဟရာဇ်မင်းကြီးဟာ စိတ်နှလုံး မသာမယာနဲ့ မျက်နှာပျက်သွားတယ်။

သေနကအမတ်ကတော့ ရွှင်လန်းတဲ့မျက်နှာနဲ့ ဝိဒေဟရာဇ် မင်းကြီးကို လှမ်းကြည့်တယ်၊ "ငါ့အကြံအောင်ပြီ" ဆိုတဲ့ အတွေးနဲ့ သေနကအမတ်က ကြည်နူးနေတာပါပဲ။

မဟောသဓဟာ မင်းကြီးနဲ့ သေနကအမတ်ရဲ့ အမူအရာ မျက်နှာရိပ် မျက်နှာထားတွေကို မြင်ရတဲ့အခါမှာ ဒီလိုတွေးမိတယ်။ "ဒီအမတ်လေးဦးဟာ အခုပြဿနာကို မမေးမီကတည်းကပဲ ငါ့ကို ပျက်စီးစေလိုတဲ့ အကြံနဲ့ မင်းကြီးထံတိုင်ပင်ပြောဆို လျှောက်ထားပြီး ဖြစ်လိမ့်မယ်၊ ဒီလို လျှောက်ထားပြီး ငါးဦး



စလုံး သဘောတူဖြစ်အောင်လုပ်ပြီးရင်း ငါ့ကို အလိုစမ်းလိုတဲ့ အတွက်ကြောင့်သာ အခုပြဿနာကို မေးတာဖြစ်လိမ့်မယ်" လို့ တွေးမိတယ်။

အဲဒီအချိန်မှာ နေဝင်ပြီးဖြစ်လို့ နန်းတော်မှာ ဆီမီးများ တောင် ထွန်းညှိထားကြပြီ။

မဟောသဓက ဆက်ပြီးစဉ်းစားတယ်.... "အခု ညဉ့်အချိန် လဲရောက်ပြီ၊ မင်းရေးမင်းရာဆိုတာ သိနိုင်ခဲတယ်၊ ငါ့အပေါ် မှာ ဘယ်ပုံဘယ်နည်းအကောက်ကြံနေကြသလဲ မသိနိုင်ဘူး" ဒီလို တွေးတောရင်း မဟောသဓဟာ မင်းကြီးကိုရှိခိုး နှုတ်ဆက်ပြီး ထွက်လာခဲ့တယ်။

ထွက်လာခဲ့တဲ့ တစ်လျှောက်လုံးမှာလဲ မဟောသဓ တွေးလာတယ်။ "အမတ်လေးယောက်မှာ.... တစ်ယောက်က လျှို့ဝှက်အပ်တဲ့စကားကို အဆွေခင်ပွန်းကို ပြောအပ်တယ်လို့ ဆိုတယ်၊ နောက်တစ်ယောက်က လျှို့ဝှက်အပ်တဲ့ စကားကို ညီ ဒါမှ မဟုတ် အစ်ကိုကို ပြောအပ်တယ်လို့ ဆိုတယ်၊ နောက်တစ်ယောက်ကတော့ လျှို့ဝှက်အပ်တဲ့ စကားကို သားကို ပြောအပ်တယ်လို့ ဆိုတယ်၊ နောက်ဆုံး တစ်ယောက် ကတော့ လျှို့ဝှက်အပ်တဲ့စကားကို အမိဖြစ်သူကို ပြောအပ်တယ်လို့ ဆိုတယ်၊ သူတို့စကားတွေဟာ ပညာရှိတို့ရဲ့စကားတွေလဲ မဟုတ်ဘူး၊ ဘယ်သူ ဘယ်သူကို ပြောအပ်တယ်လို့ သူတို့ ပြောဆိုကြခြင်းမှာ ရည်ရွယ်ချက်တစ်ခုခုနဲ့ပြောနေတာ ဖြစ်ရမယ်၊ ဒါကို ငါ ဒီနေ့ပဲ သိအောင်လုပ်မယ်" လို့ မဟောသဓက ဆုံးဖြတ်ချက် ချလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



နန်းတော်ရဲ့ တံခါးဝအနီးမှာ စားပွဲခုံကြီးတစ်ခုရှိတယ်။လူအများကြီးစုပြီး ထိုင်နိုင်လောက်အောင် ကြီးကျယ်တဲ့ စားပွဲခုံကြီးဖြစ်ပါတယ်။ ဘေးဘက်တွေက အလုံပိတ်ထားတဲ့ စားပွဲခုံကြီး ဖြစ်တဲ့အတွက် အကယ်၍များ စားပွဲခုံကြီးအောက် ဝင်နေမယ်ဆိုရင် ဘယ်သူမှ မမြင်နိုင်ပါဘူး၊ အမတ်လေးယောက်ဟာ နန်းတော်ကထွက်ရင် နေ့တိုင်းပဲ အဲဒီစားပွဲခုံကြီးမှာ ထိုင်ပြီး တိုင်ပင် ဆွေးနွေးစရာရှိတာ တိုင်ပင်ဆွေးနွေး၊ ပြောစရာရှိတာတွေပြောကြ၊ ဆိုကြလုပ်တတ်ကြပါတယ်၊ကျေနပ်သည်အထိ ပြောဆိုဆွေးနွေးပြီးမှ အမတ်ကြီးလေးဦးဟာ အိမ်ကို ပြန်တတ်ကြပါတယ်။

မဟောသဓာ သူ့အခြံအရံတွေရဲ့ အကူအညီနဲ့ အဲဒီစားပွဲခုံကြီးအောက်ဝင်တယ်၊ အမတ်ကြီးတွေ ပြန်သွားတဲ့အခါဘာဆက်လုပ်ရမယ်ဆိုတာကိုလဲ အခြံအရံတွေကို မှာလိုက်တယ်။

အဲဒီအချိန်မှာ သေနကအမတ် အစရှိတဲ့ အမတ်ကြီးလေးဦးနဲ့ ဝိဒေဟရာဇ်မင်းကြီးဟာ စကားပြောဆိုနေကြတုန်းပဲ။

သေနကအမတ်က ဝိဒေဟရာဇ်မင်းကြီးကို "အရှင် မင်းကြီး....အကျွန်ုပ်တို့ဟာ အရှင်မင်းကြီးရဲ့အကျိုးကို ကြည့်ပြီး လျှောက်ထားခဲ့ကြပါတယ်၊ ဒီလို လျှောက်ထားခဲ့ပါလျက် အရှင်မင်းကြီးက ယုံတော်မမူခဲ့ပါ၊ ယခု အရှင်မင်းကြီး ကိုယ်တိုင်နားဖြင့်ဆက်ဆက်ကြားခဲ့ပြီမဟုတ်ပါလော၊အရှင်မင်းကြီး ဘယ်သို့ ပြုလုပ်မယ်လို့ အကြံရှိပါသလဲ" လို့ မေးလျှောက်တယ်။

ဝိဒေဟရာဇ်မင်းကြီးဟာ အခုချက်ချင်းပဲ သူ့ကို မဟောသဓာ လုပ်ကြံသတ်ဖြတ်တော့မှာလို ကြောက်လန့်သွားတယ်။



အမတ်တွေလျှောက်ထားတဲ့စကားကို အဆင်အခြင်မရှိ ယုံမိပြန်တယ်၊ ဝိဒေဟရာဇ်မင်းကြီးက သေနကအမတ်ကို "သေနက သုခမိန်....အသို့ပြုရသော် ကောင်းပါမလဲ" လို့မေးတယ်။

သေနကအမတ်က "အရှင်မင်းကြီး....မဟောသဓာ အကြံအစည် အလွန် ဆန်းပြားသူဖြစ်ပါတယ်၊ သူတစ်ပါးကို ဖြားယောင်းပြီး မိမိအလိုကို လိုက်အောင်လုပ်တဲ့အရာမှာလဲ အလွန်စွမ်းသူဖြစ်ပါတယ်၊ ဒါကြောင့် မဟောသဓာကို ကြာရှည်မထားသင့်ဘူးလို့ ထင်ပါတယ်။ယခုပင်တစ်ပါးသူတွေ မသိမမြင်စေဘဲလုပ်ကြံ ဖျောက်ဖျက်လိုက်လျှင် ကောင်းပါလိမ့်မယ်" လို့ လျှောက်ထားပါတယ်။

ဝိဒေဟရာဇ်မင်းကြီးဟာ သူ့ကိုနန်းချပြီး သူ့နန်းတော်ကို သိမ်းယူဖို့ မဟောသဓာ ကြံနေတယ်လို့ တကယ်ပဲ ထင်ယောင်ထင်မှားတွေဖြစ်လာတယ်။ ဒီလိုကျိတ်ပြီး ကြံနေလို့သာ လျှို့ဝှက်အပ်တဲ့စကားကို ဘယ်သူ့ကိုမှ မပြောအပ်ဘူးလို့ မဟောသဓာကပြောနေတယ်လို့ပဲ မင်းကြီးက တွေးမိနေတယ်နဲ့ တူပါတယ်။ ဒီအတွေးနဲ့ ကြောက်လန့်နေတဲ့ ဝိဒေဟရာဇ်မင်းကြီးဟာ သေနက အမတ်ကို....

"ဆရာ သေနက သုခမိန်....သင်ဟာ ငါ့ရဲ့အကျိုးစီးပွားဖြစ်ရာဖြစ်ကြောင်းကို လိုလားတဲ့သူပါ၊ လိုလားတဲ့အတိုင်းပဲ ငါ့အကျိုးကိုဆောင်ရွက်ပါပေတယ်၊ ဒီကိစ္စမှာလဲ သူတစ်ပါးမသိစေရအောင် သင်ယုံကြည်စိတ်ချရတဲ့သူတစ်ဦးကို အဖော်အဖြစ်ခေါ်ပြီး မနက်ဖြန် မနက်စောစောမှာ နန်းတော်တံခါးဘိုင်ကြားမှာစောင့်နေ၊ မဟောသဓနန်းတော်ကို ဝင်တဲ့အခါမှာ

www.burmeseclassic.com



ဟောဒီသန့်လျက်နဲ့လုပ်ကြံလေ" လို့ ဆိုပြီးလက်စွဲတော်သန်လျက်ကို သေနကအမတ်လက် အပ်လိုက်တယ်။

မဟောသဓကို သတ်ဖို့ မင်းကြီးကိုယ်တိုင်က သန်လျက်ကို အပ်တဲ့အထိဖြစ်သွားရတဲ့ အဖြစ်အပျက်ကိုကြည့်ရင် မပြောသင့်တာကို မပြောဘဲ နေတဲ့အတွက် အဲဒီလိုမပြောဘဲ နေတာဟာ မဟောသဓကို ဒုက္ခလှလှ ဆိုးကျိုးကြီးပေးတဲ့ အဖြစ် ရောက်စေခဲ့တာကိုတွေ့ရမယ်။ မဟောသဓက မင်းနဲ့ အမတ်တွေလို သံယောင်လိုက်ပြီး လျှို့ဝှက်အပ်တဲ့စကားကို မည်သူ၊ မည်သူ့ကိုတော့ ပြောသင့်တယ်လို့ မဆိုဘူး၊ ဆိုလဲ မဆိုသင့်ဘူး၊ ဒီလို မဆိုတာနဲ့ဘဲ အသတ်ခံရမယ့်အခြေအနေထိ ရောက်ခဲ့ရတာ ဖြစ်တယ်။

သမာသမတ်ရှိတဲ့ အခြေအနေ၊ ပုံမှန်ရိုးရိုး အခြေအနေမှာ ဆိုရင်တော့ မဟောသဓက "လျှို့ဝှက်အပ်တဲ့စကားဟာ လျှို့ဝှက်ကို ထားရမှာဖြစ်တယ်၊ ဘယ်သူ့ကိုမှမပြောဘဲ နေရမယ့် စကားဖြစ်တယ်" လို့ ပြောရင် သိပ်ကို အကျိုးရှိတဲ့ ဩဝါဒ စကား၊ တစ်သက်လုံးဆောင်ထားထိုက်တဲ့ စကားဖြစ်မှာပါပဲ၊ ဒါပေမယ့် မဟောသဓကျရောက်နေတဲ့ အခြေအနေက ပုံမှန် အခြေအနေမဟုတ်ဘူး၊ သမာတဲ့အခြေအနေမှ မဟုတ်ဘူး။

မသမာတဲ့ အမတ်လေးယောက်က ဘုရင်ကို ကိုယ့်ဘက်သား ဖြစ်အောင် သိမ်းသွင်းပြီး မဟောသဓကို တမင်သက်သက် ဒုက္ခ ရောက်အောင် ဖန်တီးထားတဲ့ အခြေအနေ ဖြစ်နေတယ်။

တကယ်လို့သာ မင်းကြီးက "လျှို့ဝှက်အပ်တဲ့ စကားကို ဘယ်သူ့ကိုပြောသင့်သလဲ မဟောသဓ" လို့ မေးတဲ့အခါ မဟော



သဓက... "အရှင်မင်းကြီး.... လျှို့ဝှက်အပ်တဲ့စကားကို အကျွန်ုပ်ရဲ့ အသက်သခင် ကျေးဇူးရှင်ဖြစ်တဲ့အရှင်မင်းကြီးကို ပြောအပ်ပါတယ်၊ ပြောမှာပါပဲ" လို့ ဖြေခဲ့ရင် အမတ်တွေရဲ့ အကြံလဲ ပျက်၊ မင်းကြီးလဲ သဘောပေါက်၊ မဟောသဓလဲ ရာထူးတွေ ထပ်တိုး၊ ဘယ်လောက် အကျိုးများတဲ့စကားမျိုးဖြစ်သွားလိုက်မလဲဆိုတာ တွေးကြည့်ရင် သိနိုင်ပါတယ်။

အခုတော့ မပြောဘဲနေလို့...မပြောဘဲတင်းခံလို့ အသတ်ခံရတော့မယ့် အခြေအနေကိုတောင် ရောက်လာခဲ့ရတယ်။ လူ့လောကမှာ မသမာတဲ့သူတွေရဲ့ လုပ်ကြံထားတဲ့ ပုံမှန်မဟုတ်တဲ့ အခြေအနေမျိုးတွေနဲ့ ကြုံရတာမျိုးတွေ ရှိတာပါပဲ။ မသမာသူတွေရဲ့ လက်ချက်ကြောင့် ဘဝပျက်ခဲ့ရတဲ့သူတွေ အများကြီး ရှိမှာပါပဲ။

ဒါပေမယ့် မဟောသဓလို လူမျိုးကိုတော့ ဘဝပျက်အောင် သွားလုပ်လို့ ဘယ်ရမလဲ၊ သတ္တိရော ဗျတ္တိရော ပညာရောပြည့်စုံတဲ့ ပညာရှိသုခမိန်ပဲ၊ မဟောသဓက တခြား ပညာရှိတွေလို ဦးနှောက်နဲ့ တွေးရုံမျှ တွေးမြင်ပြီး ထိုင်နေတဲ့ပညာရှိမျိုး၊ သိသယောင်ယောင် ပညာရှိဟန်ဆောင်ပြီး ဩဝါဒပေးတဲ့ အလုပ်ကို လုပ်စားတဲ့ ပညာရှိမျိုးမဟုတ်ဘူး။ သတ္တိဗျတ္တိအပြည့်နဲ့လှုပ်ရှားတတ်တဲ့ ပညာရှိ၊ လုပ်ကိုင် ဆောင်ရွက်တတ်တဲ့ ပညာရှိ ဖြစ်တယ်။ ဆိုခဲ့တဲ့အတိုင်း မဟောသဓဟာ အခြေ အရံတွေနဲ့ စားပွဲခုံကြီးကိုမ,ပြီး စားပွဲအောက်ကို ဝင်ခဲ့တယ်။ အမတ်တွေရဲ့ သဘောထားကို မသိ,သိအောင်လုပ်ဖို့ မဟောသဓဟာ လှုပ်ရှားခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



အမတ်လေးယောက်ဟာ မင်းကြီးနဲ့ ပြောဆို တိုင်ပင်ပြီးတဲ့ အခါ မင်းကြီးကို ရှိခိုးနှုတ်ဆက်ပြီး ထွက်လာကြတယ်။ မဟောသဓာ ရှိနေတဲ့ စားပွဲခုံကြီးကိုရောက်တဲ့အခါမှာ ထုံးစံအတိုင်းထိုင် ကြတယ်၊ မဟောသဓာဟာ သူတို့ ဘာတွေ ပြောမလဲဆိုတာကို ကောင်းကောင်းနားစွင့်နေတယ်၊ သေနကအမတ်ကြီးရဲ့စကား သံက ပထမဦးစွာ ထွက်ပေါ်လာတယ်။

"အချင်းတို့....ငါတို့ကို ယုံတော်မူတဲ့အတွက် မင်းကြီးက လက်စွဲတော်သန်လျက်ကို ပေးအပ်လိုက်ပြီ၊ မဟောသဓာကို ဒီသန် လျက်နဲ့ သတ်ပါမယ်လို့လဲ ဝန်ခံခဲ့ကြပြီ၊ ကဲ....မဟောသဓာကို ဘယ်သူ လုပ်ကြံမလဲ"လို့ မေးတယ်၊ ကျန်တဲ့ အမတ်သုံး ယောက်က....

"ဆရာ...မဟောသဓာကို လုပ်ကြံတဲ့အမှုကြီးဟာ ကြီးမားတဲ့ အမှုဖြစ်ပါတယ်၊ မင်းကြီးကိုယ်တိုင်ကလဲ ဆရာအမတ်ပဲ လုပ်ကြံ စေဖို့ အမိန့်ရှိခဲ့ပါတယ်၊ ဒါကြောင့် ဆရာပဲ မဟောသဓာကို လုပ်ကြံတော်မူသင့်လှပါတယ်လို့" အကြံပြု တိုက်တွန်းကြ တယ်။

သေနက အမတ်ကလဲ သဘောတူ လက်ခံလိုက်တယ်။ အဲဒီ နောက် သေနကအမတ်က အမတ်သုံးဦးကို "အချင်းတို့ သင် တို့ဟာ မင်းကြီးထံမှာ လျှို့ဝှက်အပ်တဲ့စကားကို ဘယ်သူ ဘယ် သူ့ကို ပြောဆိုအပ်တယ်လို့ အသီးသီး လျှောက်ထားဖြေဆိုခဲ့ကြ တယ်၊ သင်တို့ ဒီလို ဖြေဆိုခဲ့ရာမှာ... သင်တို့ ဖြေဆိုခဲ့တဲ့ စကား အတိုင်း တကယ်ပြောရမယ့်သူ၊ ပြောရမယ့် အဖြစ်အပျက်မျိုး ရှိခဲ့ကြလို့ ဖြေဆိုခဲ့ကြတာလား၊ ဒါမှမဟုတ် ဉာဏ်ဆင်ပြီး



လျှောက်ထားဖြေဆိုခဲ့ကြတာလား"လို့ [illegible] မေး တော့ အမတ်တွေက ဉာဏ်ဆင်ပြီး မဟုတ်ကို အဟုတ်လုပ်ပြီး ဖြေဆို လျှောက်ထားခြင်း မဟုတ်ကြောင်း၊ တကယ်ပင်ပြောရ မည့်သူများ ရှိနေသောကြောင့် မှန်တဲ့အတိုင်းပင် တင်လျှောက် ခဲ့ခြင်း ဖြစ်ပါကြောင်း ပြောပြကြတယ်။ အဲဒီနောက် အမတ် သုံးဦးက "ဆရာသေနကအမတ်ဟာ လျှို့ဝှက်အပ်တဲ့စကားကို အဆွေခင်ပွန်းဖြစ်ကြတဲ့သူကို ပြောအပ်တယ်လို့ ဖြေဆိုခဲ့ပါတယ်၊ အဲဒီ ဖြေဆိုချက်ဟာကော အကျွန်ုပ်တို့ကဲ့သို့ အမှန်အတိုင်း ဖြေ ဆိုခဲ့ခြင်း ဖြစ်ပါသလား၊ ဒါမှမဟုတ် ဉာဏ်ဆင်ပြီး မဟုတ်သည် ကို အဟုတ်လုပ်ပြီး ဖြေဆိုခဲ့ခြင်း ဖြစ်ပါသလား"လို့ မေးကြ တယ်။

ပထမတော့ သေနက အမတ်က အမတ်တွေ မေးတာကို မဖြေလိုတဲ့ သဘောနဲ့ ဝေ့လည်လည် လုပ်နေသေးတယ်၊ နောက်တော့မှ သေနက အမတ်က.... "အချင်းတို့.... ဤ မြို့တော်မှာ ဤမည်သော ပြည့်တန်ဆာမကို ယခု သင်တို့ မြင်သေးသလော"လို့ မေးတယ်၊ "ယခုအခါ ပြည့်တန်ဆာ မကို ကျွန်ုပ်တို့ မမြင်တွေ့ရတော့ပါ"လို့ အမတ်တွေက ဖြေ တယ်။ "အချင်းတို့.... အင်ကြင်းဥယျာဉ်တော်မှာ ငါဟာ အဲဒီ ပြည့်တန်ဆာမနဲ့ ပျော်ပါးပြီးတဲ့နောက် ပြည့်တန်ဆာမရဲ့ အဝတ်တန်ဆာပလာတွေကို လိုချင်စိတ်ဖြစ်လာခဲ့တယ်၊ [illegible] အဲဒီဥယျာဉ်တော်မှာပဲ ပြည့်တန်ဆာမကို သတ်ဖြတ် [illegible] ဖျက်ပြီး အဝတ်တန်ဆာပလာတွေကို ချွတ်ယူတယ်၊ အဲဒီအဝတ် တန်ဆာတွေကို ပြည့်တန်ဆာမရဲ့ တဘက်နဲ့ ထုပ်ပြီး ငါဟု

www.burmeseclassic.com



လာခဲ့တယ်။ ဤမည်သော အဆောင် ဤမည်သော တိုက်ထဲမှာ ရှိတဲ့ ဆင်စွယ်ကောက်မှာ ငါယူလာတဲ့ ပြည့်တန်ဆာမရဲ့ ပစ္စည်းထုပ်ကို ချိတ်ဆွဲထားတယ်၊ အဲဒီလို ငါပြုလုပ်ခဲ့တာတွေကို ငါနဲ့ သိကျွမ်းတဲ့ အဆွေခင်ပွန်းတစ်ယောက်သာ သိတယ်၊ ငါ့သားမယားတွေလဲ မသိဘူး။ တခြား ဘယ်သူမှလဲ မသိဘူး၊ မင်းကြီးလဲ မသိဘူး။ ငါဟာ ခုထိ အဲဒီပစ္စည်းထုပ်ကို ဖွင့်ပြီး တစ်ခုမှ မသုံးဝံ့သေးဘူး။ ငါ့ရဲ့ အဆွေခင်ပွန်းက နှုတ်စောင့်လွန်းလို့သာ အခုလို နှစ်ရှည်လများ ဘယ်သူမှ မသိနိုင်ကြဘူးဖြစ်နေတာပဲ။ ဒါကြောင့် လျှို့ဝှက်အပ်တဲ့ စကားကို အဆွေခင်ပွန်းကို ပြောအပ်တယ်လို့ မင်းကြီးကို ငါလျှောက်ထားခဲ့ခြင်း ဖြစ်တယ်''လို့ ပြောပြတယ်။

စားပွဲခုံကြီးအောက်မှာ ရှိတဲ့ မဟောသဓဟာ သေနကအမတ် ဖွင့်ဟ ပြောဆိုနေတဲ့ စကားတွေကို တစ်လုံးမကျန်ရအောင် မှတ်သားနေတယ်။

သေနကအမတ်က လျှို့ဝှက်အပ်တဲ့ စကားကို အဆွေခင်ပွန်းကို ပြောအပ်တယ်လို့ မင်းကြီးကို လျှောက်ထားခဲ့ရာမှာ အထက်က အကြောင်းတွေကြောင့် လျှောက်ထားခဲ့ခြင်း ဖြစ်ကြောင်း ရှင်းပြပြီးခဲ့တဲ့အခါမှာ ပက္ကုသအမတ်က ဆက်ပြီး လျှို့ဝှက်အပ်တဲ့စကားကို ညီဖြစ်သူကို ပြောအပ်တယ်လို့ မိမိဆိုခဲ့ခြင်းမှာလဲ အကြောင်းရှိတဲ့အတွက် ဆိုခဲ့ခြင်းသာ ဖြစ်ကြောင်း ဝန်ခံတယ်။ ဒီလို ဝန်ခံပြီးတော့ ပက္ကုသအမတ်က....

''ဆရာ အမတ်ကြီးတို့.... ကျွန်ုပ်ရဲ့ပေါင်မှာ ကုဋ္ဌနူနာရှိပါတယ်၊ အဲဒီအနာကို ကျွန်ုပ်ရဲ့ ညီဟာ နံနက်စောစော ထပြီး



သူတစ်ပါးမသိစေအောင် ဖန်ရေဆေး၊ ဆေးလိမ်း၊ အဝတ်နဲ့စည်း စတဲ့ ပြုစုမှုကို နေ့စဉ်မပြတ် လုပ်ပေးပါတယ်။ ဒီလိုပြုလုပ်ခဲ့ပြီးမှ နန်းတော်ကို ကျွန်ုပ်ဝင်ပြီး မင်းကြီးကို ခစားပါတယ်။ မင်းကြီးဟာ တစ်ခါတစ်ရံစိတ်လိုတဲ့အခါမှာ ကျွန်ုပ်ကို ခေါ်ပြီး အနားမှာရှိတဲ့ ကျွန်ုပ်ပေါင်ပေါ်မှာ ဦးခေါင်းတင်ပြီး အိပ်တော်မူလေ့ပင် ရှိပါတယ်။ တကယ်လို့များ ကျွန်ုပ်ပေါင်မှာ ကုဋ္ဌနူနာရှိတာကို မင်းကြီး သိများသိလျှင် ကျွန်ုပ်အသက်ရှင်နိုင်တော့မည်ပင် မဟုတ်တော့ပါ၊ အဲဒီ ကုဋ္ဌနူနာကို ညီဖြစ်သူမှတစ်ပါး ဘယ်သူမှ မသိပါ။ ကျွန်ုပ်ညီဟာ ဒီအချက်ကိုကောင်းစွာ လျှို့ဝှက်ထားခဲ့ပါပေတယ်။ ဒါကြောင့် လျှို့ဝှက်အပ်တဲ့စကားကို ညီဖြစ်သူကို ပြောအပ်တယ်လို့ ကျွန်ုပ်ဆိုခဲ့ခြင်း ဖြစ်ပါတယ်''လို့ ပြောပြတယ်။

ပက္ကုသအမတ် ပြောပြီးတဲ့အခါမှာ ကာမိန္ဒအမတ်က ''ဆရာ သုခမိန်တို့....လကွယ် ပက္ခဥပုသ်နေ့တိုင်း တစ်လလျှင် တစ်ကြိမ် ကျွန်ုပ်မှာ ခွေးရူးလို အော်နေရတဲ့ ရောဂါတစ်မျိုးဖြစ်လေ့ ရှိတယ်။ ဒီရောဂါထလာပြီ ဆိုရင် တစ်နေရာတည်းမှာ အငြိမ်မနေနိုင်တော့ဘဲ အခန်းထဲမှာ လှည့်ပတ်ပြေးလွှားနေရပါတယ်။ ပါးစပ်ကလဲ အော်ဟစ် ညည်းတွားနေရပါတယ်။ ဒီအကြောင်းကို ကျွန်ုပ်ရဲ့သားကိုသာ ပြောပြအသိပေးထားပါတယ်။ ဒါကြောင့် သားဖြစ်သူဟာ လကွယ်ပက္ခဥပုသ်နေ့ကို ရောက်တိုင်း ကျွန်ုပ်ကို အိမ်တိုက်ခန်းထဲသွင်းပြီး တံခါးကို အလုံပိတ်ပါတယ်။ ဒီလို ပိတ်ပြီးတော့ ကျွန်ုပ်အော်ဟစ် မြည်တမ်းတာတွေကို ပြင်ပက တခြားလူတွေ မကြား



www.burmeseclassic.com

www.burmeseclassic.com



ရအောင် အတီးအမှုတ်တွေနဲ့ ပွဲသဘင် ခံထားပေးပါတယ်။ ဒါကြောင့် လျှို့ဝှက်အပ်တဲ့စကားကို သားဖြစ်သူကို ပြောအပ်တယ်လို့ ကျွန်ုပ်ဆိုခဲ့ခြင်း ဖြစ်ပါတယ်'' လို့ ရှင်းပြတယ်။

ကာမိန္ဒအမတ် ပြောပြီးတဲ့အခါမှာ ဒေဝိန္ဒအမတ်က ဒီလို ဖွင့်ဟပြီးပြောပြတယ်။ ''ဆရာသုခမိန်တို့.... ကျွန်ုပ်ဟာ မင်းကြီး မသိအောင် ပတ္တမြားတစ်လုံးကို ခိုးယူထားပါတယ်။ အဲဒီ ပတ္တမြားဟာ ပတ္တမြားပိုင်ရှင်ကို ဘုန်းကျက်သရေတိုးအောင် စည်းစိမ်ချမ်းသာဝင်အောင် ဖန်တီးဘတ်ပါတယ်။ ဒီပတ္တမြားကို ကျွန်ုပ်ဟာ ခိုးယူလာပြီးတဲ့နောက် ကျွန်ုပ်ရဲ့မိခင်ထံ အပ်ထားပါတယ်။ ကျွန်ုပ်နန်းတော်ကို ဝင်မယ့်အခါမှာ မိခင်က ပတ္တမြားကို ကျွန်ုပ်ကို ပေးပါတယ်။ ကျွန်ုပ်ကလဲ ပတ္တမြားကို ဆောင်ပြီး နန်းတော်ဝင်....၊ မင်းကြီးကိုခစားတယ်။ ပတ္တမြား အဆောင်ကြောင့် ပတ္တမြားရဲ့ တန်ခိုးအစွမ်းကြောင့် မင်းကြီးဟာ သင်ဘို့ကိုမခေါ်ပြော၊မမေးမြန်းမီ ကျွန်ုပ်ကို အလျင်အဦး ခေါ်ဝေါ်မေးမြန်းပြီး စကားဆိုတော်မူပါတယ်။ မင်းကြီးကို ခစားတိုင်း မင်းကြီးဟာ ရှစ်အသပြာ ဒါမှမဟုတ် တစ်ဆယ့်ခြောက်အသပြာ၊ ဒါမှမဟုတ် သုံးဆယ့်နှစ်အသပြာ၊ဒါမှမဟုတ် ခြောက်ဆယ့်လေး အသပြာကို ကျွန်ုပ်ကို ပေးသနားခဲ့ပါတယ်။ ဒီလို ကျွန်ုပ်ကို သူပေးသနားနေတာဟာ ပတ္တမြားရဲ့ အစွမ်းသတ္တိကြောင့် ပေးသနားနေခြင်း ဖြစ်တယ်ဆိုတာကို မင်းကြီးသိသွားရင် ကျွန်ုပ် အသက်ရှင်နိုင်တော့မည် မဟုတ်ပါ။ ကျွန်ုပ် အမိက ကောင်းကောင်း လျှို့ဝှက်ပေးထားတဲ့ အတွက်ကြောင့်သာ ယခုတိုင် ဒီအဖြစ်ကို မည်သူမျှ မသိခြင်း ဖြစ်ပါတယ်။



ဒါကြောင့် လျှို့ဝှက်အပ်တဲ့စကားကို အမိကို ပြောအပ်တယ်လို့ ဆိုခဲ့ခြင်းဖြစ်ပါတယ်'' လို့ ပြောပြတယ်။

လျှို့ဝှက်အပ်တဲ့စကားဆိုတာ လျှို့ဝှက်ထားရမှာ ဖြစ်ပါလျက်နဲ့ အခုတော့ အမတ်လေးဦးဟာ ကိုယ့်ရင်ကိုယ်ခွဲသလိုပဲ၊ သူတစ်ပါး မကြားစေအပ်တဲ့ အမှုတွေကို ပြောပြနေကြတယ် ရင်ဖွင့်နေကြတယ်။ စားပွဲခုံကြီးအောက်မှာ ရှိနေတဲ့ မဟောသဓဟာ အမတ်တွေရဲ့စကားကို အကြွင်းမရှိ အကုန်မှတ်သားတယ်။

သုခမိန်လေးယောက်ဟာ ကိုယ့်အဖြစ်တွေကို ကိုယ်ကိုယ်တိုင်ပဲ ဖွင့်ဟ ပြောကြပြီးတဲ့နောက်....

''ဆရာတို့....နက်ဖြန်နံနက်ခေါစောစောထပြီး နန်းတော်တံခါးကို အရောက်လာကြပါ၊ မဟောသဓကို လုပ်ကြံရမယ့် အချိန်သေးတယ်'' အဲဒီလို အချင်းချင်းသတိပေးကြတယ်။အဲဒီနောက် စားပွဲခုံမှထပြီး ပြန်သွားကြပါတယ်။

အမတ်လေးယောက်ထွက်သွားကြတဲ့အခါမှာ မဟောသဓရဲ့ အခြွေအရံတွေရောက်လာပြီး စားပွဲခုံအောက်က မဟောသဓကို ထုတ်ယူကြတယ်။ အဲဒီနောက် မဟောသဓဟာ အခြွေအရံတွေနဲ့ အတူ အိမ်ကိုပြန်တယ်။

ညဉ့်အတန်နက်တဲ့အခါမှာ မဟောသဓ မျှော်လင့်တွေးထားသားတဲ့ အတိုင်းပါပဲ။ ဝိဒေဟရာဇ် မင်းကြီးရဲ့ မိဖုရားဖြစ်တဲ့ ဥဒုမ္ဗရဒေဝီထံက လျှို့ဝှက်ပြီး ပို့လိုက်တဲ့ စာတစ်စောင်ရတယ်။ စာထဲမှာ....မနက်ဖြန်မနက် အမတ်ကြီးလေးယောက် နန်းတော်ဝင်တံခါးကြားကစောင့်ပြီး မဟောသဓကို ချောက်ဖျက်ဖို့ စောင့်နေကြမှာ ဖြစ်တဲ့အကြောင်း၊ ဒါကြောင့်

www.burmeseclassic.com

www.burmeseclassic.com



နန်းတော်ကို ဝင်မလာဘဲနေစေလိုကြောင်း၊ ဝင်လိုလျှင် တစ်တိုင်းပြည်လုံးကို သိမ်းယူပြီးမှ ဝင်စေလိုကြောင်း ပါရှိတယ်။

မဟောသဓ ဟာ အဲဒီညမှာ စိတ်လက်ချမ်းမြေ့စွာနဲ့ အိပ်ရာဝင်ခဲ့တယ်။

နောက်တစ်နေ့ မနက်စောစောမှာ အမတ်လေးယောက်ဟာ နန်းတော်တွင်းဝင်ပြီး နန်းတော်တံခါးဝ တံခါးတိုင်ကြားကနေ မဟောသဓအလာကို စောင့်နေကြတယ်၊ မဟောသဓက ဘယ်လာလိမ့်မတုံး၊ ဒီလိုဉာဏ်မျိုး အကြံအဖန်မျိုးလောက်နဲ့ မဟောသဓကို ဘယ်မှာလုပ်ကြံလို့ ရလေမှာလဲ။ အမတ်လေးဦးဟာ မဟောသဓ ပေါ်မလာတဲ့အတွက် စိတ်ပျက်လွန်းစွာနဲ့ မဟောသဓ မလာကြောင်းကို မင်းကြီးထံဝင်ပြီး လျှောက်ထားကြတယ်။

မဟောသဓဟာ အရုဏ်တက်ချိန်ကပဲ မြို့ကို လက်ရသိမ်းယူလိုက်တယ်။ သေနာပတိစစ်သူကြီးရာထူးရထားတဲ့ မဟောသဓအဖို့ မြို့ကိုသိမ်းဖို့လွယ်ကူပါတယ်။ အရေးကြီးတဲ့ နေရာတွေမှာ အစောင့်တွေလဲ ချထားပြီးပြီ။ အဲဒီနောက် အခြွေအရံများစွာနဲ့ မဟောသဓက နန်းတော်ကိုသွားတယ်။ အဲဒီအချိန်မှာ ဝိဒေဟရာဇ် မင်းကြီးက ပြတင်းပေါက်မှ ရပ်ပြီး အပြင်ကို ကြည့်နေတယ်။

မဟောသဓဟာ နန်းတော်တံခါးကို ရောက်တဲ့အခါမှာ ရထားကနေဆင်းပြီး မင်းကြီးကို ရှိခိုးရင်းရပ်နေတယ်။ မဟောသဓ ဒီလိုရှိခိုးရင်းရပ်နေတာကိုမြင်တော့ မင်းကြီးက "ငါ့ရန်



သူဖြစ်ရင် မဟောသဓဟာ ငါ့ကိုရှိခိုးမှာ မဟုတ်ဘူး"လို့ တွေးပြီး မဟောသဓကို အခေါ်ခိုင်းလိုက်တယ်။

မဟောသဓ မင်းကြီးရှေ့မှောက် ရောက်တဲ့အခါမှာ အမတ်သုခမိန်လေးယောက်ဟာလဲ မင်းကြီးကို ခစားလျက် ရှိနေကြပါတယ်။မင်းကြီးက တစ်စုံတစ်ရာကိုမသိတဲ့အနေနဲ့ "သားတော်မဟောသဓ ...ယနေ့ နေမြင့်မှအခစားရောက်လာတယ်၊ ဘယ်လိုသတင်းကြားရလို့ ဘာကိုသတိထားမိလို့ နောက်ကျပါသလဲ၊ တစ်စုံတစ်ယောက်သောသူက သင့်ကို ဘယ်လို ပြောပါသလဲ" လို့ မေးတယ်၊ အဲဒီအခါမှာ မဟောသဓက....

"အရှင်မင်းကြီး.... အရှင်မင်းကြီးက နက်ဖြန် နံနက်မှာ မဟောသဓကိုသတ်ရမယ်လို့ သုခမိန်များနဲ့ တိုင်ပင်တော်မူပြီးတဲ့နောက် သန့်လျက်ကို ပေးအပ်လိုက်တယ် မဟုတ်ပါလော။ ဤအကြောင်းကို "အရှင်မင်းကြီးဟာ မိဖုရားကို ထုတ်ဖော်ပြောကြားခြင်းအားဖြင့် လျှို့ဝှက်ရမယ့်ကိစ္စကို ဖွင့်ဟလိုက်ပါတယ်။ ဒီလိုဖွင့်ဟပြောဆိုတဲ့အတွက် အရှင်မင်းကြီးရဲ့ အကြံအစည်များကို အကျွန်ုပ် အကုန်သိခဲ့ရပါတယ်။ ဒါကြောင့် နေမြင့်မှ အခစားဝင်ခြင်း ဖြစ်ပါတယ်"လို့ လျှောက်တယ်။

ဒီလို လျှောက်ထားတဲ့အခါမှာ မင်းကြီးရဲ့ဘေးမှာ မဟောသဓထံ သတင်းပေးပို့ခဲ့တဲ့ ဥဒုမ္ဗရဒေဝီ မိဖုရားကြီး ရှိနေတယ်။ သတင်းပေးတာဟာ ဥဒုမ္ဗရဒေဝီမိဖုရားပဲ ဖြစ်မှာပဲဆိုတဲ့ အတွေးနဲ့ မင်းကြီးဟာ မိဖုရားကြီးဥဒုမ္ဗရဒေဝီကို ဒေါသထွက်တဲ့ မျက်နှာထားနဲ့ကြည့်တယ်။ ဥဒုမ္ဗရဒေဝီအပေါ် မင်းကြီးအမျက်ထွက်မှန်းသိတဲ့အတွက် မဟောသဓက....

www.burmeseclassic.com



"အရှင်မင်းကြီး....မိဖုရားကို အမျက်ထွက်တော် မမူပါနဲ့၊ အကျွန်ုပ်ဟာ ဖြစ်သမျှအကြောင်းကို သိနိုင်စွမ်းသူဖြစ်ပါတယ်။ အရှင်မင်းကြီးရဲ့ လျှို့ဝှက်တဲ့ ကိစ္စကို မိဖုရားက ပြောသည်မ ထားဦး၊ သေနကအမတ်၊ ပက္ကုသအမတ်၊ ကာမိန္ဒအမတ်၊ ဒေဝိန္ဒအမတ်တို့ရဲ့ လျှို့ဝှက်အပ်တဲ့ကိစ္စကို အဘယ်သူက အကျွန်ုပ်ကို ပြောပါ့မလဲ၊ အကျွန်ုပ်ဟာ သုခမိန်လေးယောက်တို့ရဲ့ လျှို့ဝှက်အပ်တဲ့ကိစ္စတွေကိုလဲ အလုံးစုံသိသူ ဖြစ်ပါတယ်၊ သေနကအမတ်ဟာ ပြည့်တန်ဆာမကို အင်ကြင်းဥယျာဉ်မှာ ခေါ်ပျော်ပါးတယ်၊ ဒီလိုပျော်ပါးပြီးတဲ့နောက် ပြည့်တန်ဆာမကို သတ်ပြီး လက်ဝတ်လက်စားတွေကို ယူထားသူ ဖြစ်ပါတယ်။ ဒီအကြောင်းကို သူ့မိတ်ဆွေ အဆွေခင်ပွန်းကို ပြောပြထားပါတယ်၊ ဒီအကြောင်း အလုံးစုံကိုလဲ ကျွန်ုပ် သိထားပါတယ်။ အရှင်မင်းကြီး....အကျွန်ုပ်ဟာ အရှင်မင်းကြီးရဲ့ရန်သူ မဟုတ်ပါ ရန်သူကိုဖမ်းလိုလျှင် သေနကအမတ်ကိုသာ ဖမ်းတော်မူပါ" လို့ လျှောက်တယ်။ ဒီအခါမှာ မင်းကြီးက သေနက အမတ်ကို ကြည့်ပြီး "ဟုတ်သလော" လို့ မေးတယ်။ သေနကအမတ်က မဖုံးကွယ်သာတဲ့အတွက် ဟုတ်ကြောင်းဝန်ခံရတယ်။ မင်းကြီးဟာ သေနကအမတ်ကို "ထောင်သွင်းအကျဉ်းချထားစေ" လို့ မိန့်တော်မူတယ်။ အဲဒီနောက်မှာ....

မဟောသဓဟာ ပက္ကုသအမတ်ရဲ့ပေါင်မှာ နူနာရှိတဲ့ လျှို့ဝှက်ချက်၊ ကာမိန္ဒအမတ်ရဲ့ ခွေးရူးလိုအော်နေတဲ့ လျှို့ဝှက်ချက်၊ ဒေဝိန္ဒအမတ်ရဲ့ ပတ္တမြားခိုးယူထားတဲ့ လျှို့ဝှက်ချက်တွေကို လျှောက်ထားတယ်။



မင်းကြီးက အဲဒီအမတ်တွေကိုလဲ "ထောင်သွင်း အကျဉ်းချစေ" လို့ မိန့်တယ်။ ဒီလိုနဲ့ မဟောသဓကို သတ်မယ်လို့ ကြံတဲ့ အမတ်တွေ ထောင်ထဲရောက်ခဲ့ကြရတယ်။

မဟောသဓက မင်းကြီးကို လျှို့ဝှက်ထားအပ်တဲ့ ကိစ္စကို လျှို့ဝှက်ထားခြင်းသာ ကောင်းတဲ့အကြောင်း၊ မိမိ လျှို့ဝှက်ချက်ကို ကိစ္စမပြီးမီ ဘယ်သူ့ကိုမှ မပြောအပ်တဲ့အကြောင်း အကျယ်တဝင့် ရှင်းလင်း လျှောက်ထားတယ်။

ဝိဒေဟရာဇ်မင်းကြီးက တွေးတယ်၊ "အမတ်တွေဟာ သူတို့ကိုယ်တိုင်က ငါ့ရဲ့ရန်သူတွေ ဖြစ်နေပါလျက်နဲ့ မဟောသဓကို ငါ့ရန်သူဖြစ်အောင် လုပ်ကြတယ်။ ဒီလို မဟုတ်မတရားအထင်မှားအောင် ငါလိုမင်းကို လုပ်ကြံလျှောက်ထားရဲတဲ့ သူတွေပါလား" ဒီလိုတွေးရင်း အမျက်ထွက်မိတဲ့အတွက် အမတ်တွေကို "မြို့ပြင်ထုတ်၊ တံကျင်လျှိုပြီး ခေါင်းဖြတ်သတ်စေ" လို့ အာဏာထားလိုက်တယ်။

အမိန့် အာဏာအတိုင်း အာဏာသားတွေဟာ သုခမိန်လေးယောက်ကို လက်ပြန်ကြိုးတုပ်ပြီး လမ်းဆုံလမ်းခွ ရောက်တိုင်း ကြိမ်နဲ့ အချက်တစ်ထောင် ရိုက်တယ်၊ လျှို့ဝှက်ရမှာကို မလျှို့ဝှက်နိုင်တဲ့ အမတ်တွေဟာ ခုလို ကြိမ်အရိုက်ခံပြီး သေပေါက် သေဝကို အပို့ခံနေရတာပဲ။

ဒါပေမယ့် မဟောသဓရဲ့ ကြင်နာမှု၊ သဘောထားကြီးမှုကြောင့် အမတ်တွေဟာ သေပေါက် သေဝက လွတ်ခဲ့ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အခုပြောလာခဲ့တဲ့ သာဓကတွေကို ကြည့်ရင် မြင်တာကို မြင်တဲ့အတိုင်း၊ ကြားတာကို ကြားတဲ့အတိုင်း၊ တွေ့တာကို တွေ့တဲ့အတိုင်း၊ သိတာကို သိတဲ့အတိုင်း ပြောလိုက်မိတဲ့အတွက်—

၁။ ဇာတကထဲက ညီဖြစ်တဲ့ ကြက်တူရွေးကလေးဟာ အသတ်ခံရတယ်၊ အမတ်ကြီး ရာဇသင်္ကြံဟာ ရာထူးရုပ်သိမ်းခံရပြီး နယ်နှင်ခံလိုက်ရတယ်။ ဒီတော့ သူတို့ ပြောတဲ့စကားကို တစ်ဖက်သူတွေက ခံယူနိုင်မှု မရှိဘူး။ ခံယူနိုင်တဲ့ အခြေအနေ မရှိဘူးဆိုတာ တွေ့ရမယ်။ ဒါပေမယ့် တပည့်က ဆရာဖြစ်တဲ့ မဟာသီဝမထေရ်ကြီးကို ဟုတ်တဲ့အတိုင်း ပြောလိုက်တဲ့အတွက်—

၂။ မဟာသီဝမထေရ်မြတ်ကြီးဟာ သံဝေဂတွေရပြီး အင်မတန် ကြီးမြတ်လှတဲ့ လွတ်မြောက်ရေးတရားကိုရသွားတယ်၊ ဒီမှာတော့ ပြောလိုက်တဲ့စကားကို ခံယူတတ်သူ ဖြစ်တာကို တွေ့ရမယ်၊ ခံယူနိုင်ဟဲ့ အခြေအနေရှိတယ် ဆိုတာကို တွေ့ရမယ်။

၃။ ဟုတ်ရင် ဟုတ်တဲ့အတိုင်း မပြောဘဲ နေရတာမျိုးလဲ ရှိတယ်၊ ဇာတကထဲက အစ်ကိုဖြစ်တဲ့ ကြက်တူရွေးကလေးလိုပါပဲ၊ မပြောဘဲနေလို့ သူ့အသက်ရှင်ခဲ့ရတာ ဖြစ်တယ်ဆိုတာကို တွေ့ရမယ်၊ ဒီအဖြစ်အပျက်မှာတော့ မပြောဘဲ နေလို့ရတဲ့ အခြေအနေ ရှိနေတယ်။



၄။ တချို့က "ပါးစပ်ကို ပိတ်ထားခြင်းသည် အမှန်ကန်ဆုံးသော စကားကို ပြောဆိုခြင်း ဖြစ်၏။" "ဆိတ်ဆိတ်နေ ထောင်တန် Silence is golden" စသည်ဖြင့် မပြောဘဲနေခြင်းကို ကောင်းတဲ့အခြေအနေအဖြစ် ဖော်ပြတာတွေ ရှိပါတယ်။ ဒါပေမယ့် မပြောဘဲ နေလို့ကို မရတဲ့ အခြေအနေတွေရှိတတ်ပါတယ်။ တစ်စီးရှင်ဘုရင့်ရဲ့ ရှေ့မှောက်ကို ရောက်ရှိလာတဲ့ မင်းချင်းရဲ့ အဖြစ်လိုပါပဲ။ "မပြောသင့်တဲ့စကားဖြစ်တဲ့အတွက် မပြောတော့ပါဘူးဘုရား" လို့ ဘုရင်ကို သွားလုပ်လို့ ရတာမျိုး မဟုတ်ဘူး။ ပြောရတော့မှာပဲ။ ပြောပုံပြောနည်း မဟုတ်ရင် မိမိရော သူတစ်ပါးတွေပါ အကျိုးမဲ့တွေ ဖြစ်သွားစေနိုင်ပါတယ်။

၅။ မဟောသဓ ကြုံခဲ့ရတဲ့ အဖြစ်အပျက်ကတော့ တမင်သက်သက်ကို အပြစ်ရှာခံရတဲ့ မသမာတဲ့ အခြေအနေပါ။ "လျှို့ဝှက်အပ်တာကို လျှို့ဝှက်ထားရမယ်။ ဘယ်သူ့ကိုမှ ဖွင့်ဟ မပြောအပ်ဘူး" လို့ မဟောသဓပြောတာဟာ ကောင်းတဲ့စကား၊ အကျိုးရှိတဲ့စကားပါ။ ဒါပေမယ့် အမတ်တွေက ဘုရင်ကို မဟောသဓအပေါ် အပြစ်မြင်အောင် တမင်လုပ်ကြံထားတာဆိုတော့ ဖွင့်ဟ မပြောတာကိုဘဲ ဖွင့်ဟ မပြောရကောင်းလားဆိုပြီး အပြစ်မြင်ခံရတယ်၊ သတ်ဖို့ အမိန့်ချခံရတယ်။

မိမိအကျိုးစီးပွားကို ပျက်စီးအောင်ဆိုပြီး မသမာသူတွေ လုပ်ကြံ ဖန်တီးထားတဲ့ အခြေအနေမျိုးကို မြင်နိုင်ဖို့ဟာ ခက်

www.burmeseclassic.com



လုပါတယ်၊ အဲဒီအခြေအနေမျိုးမှာ စကားဆိုဖို့ ခက်မှာပါပဲ။ အပြစ်မရှိဘဲနဲ့ အပြစ်ရှာ၊ အကြောင်းမရှိဘဲနဲ့ အကြောင်းရှာပြီး ကိုယ့်ကိုဖျက်ဆီးဖို့ ကြိုးစားနေသူမျိုးကို စကားဆိုရမှာ သိပ်ကို ခက်ပါလိမ့်မယ်။

တစ်ခါတုန်းက ဆိတ်တစ်ကောင်ဟာ အဖော်တွေနဲ့ ကွဲပြီး ကျန်ခဲ့ပါတယ်။ အဖော်တွေနောက်ကို လိုက်မယ်လို့ လုပ်ရော သူ့ရှေ့မှာ ကျားသစ်တစ်ကောင် သူ့ကိုစားဖို့ စောင့်နေတာ တွေ့ရတယ်။ ဆိတ်ဟာ ချောင်ပိတ်မိနေတော့ ပြန်လှည့်ပြီး ပြေးဖို့ မတတ်နိုင်ဘူးဖြစ်နေတယ်။

ကျားသစ်ကို သာသာယာယာ တောင်းပန်စကားဆိုရင် အသက်ဘေးက လွတ်လေမလားလို့ ဆိတ်ကတွေးပြီး—

"ဦးရီး....ဦးရီးကို ကျွန်တော့်အမေက နေကောင်းရဲ့လား၊ ကျန်းမာရဲ့လားလို့ မေးလိုက်ပါသေးတယ်။ ကျွန်တော့်အမေက ဦးရီးကို အင်မတန် ကျန်းမာ ချမ်းသာစွာနဲ့ ရှိနေတာကို မြင်ချင်သူပါ။ ကျွန်တော်ကလဲ ဦးရီးကို ကိုယ်ရဲ့ ကျန်းမာခြင်း စိတ်ရဲ့ ချမ်းသာခြင်းနဲ့ ပြည့်စုံတာကို မြင်ချင်ပါတယ်"လို့ ဆိုတယ်။

ဒီလိုဆိုတဲ့ စကားကို ကြားရတဲ့အခါမှာ ကျားသစ်က "အင်း....ဒီဆိတ်က ငါ့ကို ဦးရီးတဲ့၊ ငါ့ကိုအချိုသတ်ပြီး လှည့်စားနေပြီ"၊ ဒီလိုတွေးပြီးတော့....

"ဘာခုမှ ငါ့ကို ဦးရီးလဲ၊ ငါ့အမြီးကို စောစောက နင်တက်နင်းသွားတယ်။ ဘယ်လောက် ငါမှာ ခံလိုက်ရတယ် မှတ်လဲ။ ခုမှ ငါ့ကို ဦးရီး၊ ဘာညာနဲ့ မျက်နှာချိုသွေးမနေနဲ့



သေပြီသာမှတ်"လို့ ကျားသစ်ဟာ ဆိတ်ကို သက်သက်မဲ့အပြစ်ရှာစကားဆိုတယ်။ ဒီလို အပြစ်ရှာစကားဆိုတော့ ဆိတ်က....

"ဦးရီး....ဦးရီး ဒီလိုမပြောပါနဲ့၊ ဦးရီးက အနောက်ဘက်ကို မျက်နှာပြုပြီး နေတယ်၊ ကျွန်တော်က ဦးရီးရှေ့က လာတာ၊ ကျွန်တော် ဘယ်လိုလုပ်ပြီး ဦးရီးအမြီးကို နင်းမိမှာလဲ"လို့ ပြောတော့ ကျားသစ်က....

"ဟဲ့ ဆိတ်ရဲ့.... နင်မသိသား ဆိုးရွားလိုက်တာ....ငါ့ အမြီးဟာ တစ်တောလုံး မရောက်တဲ့နေရာမရှိဘူး။ ငါ့အမြီးရှည်ကြောင်း နင်မသိသေးဘဲကိုး၊ သမုဒ္ဒရာထဲကော၊ တောင်တွေဆီကိုရော၊ ငါ့အမြီးကရောက်တယ်၊ ဒီတော့ နင် ဘယ်ကလာလာ၊ ငါ့အမြီးကိုနင်းမိမှာပဲ"

ကျားသစ်ဟာ မဟုတ်တာတွေကို တမင်လုပ်ကြံပြီး ပြောနေပြီ။ ငါလဲ မဟုတ်တာပြောမှာပဲလို့ တွေးပြီး ဆိတ်က....


"ဦးရီး....ကျားသစ်ရဲ့အမြီးဟာ သိပ်ရှည်တယ် ဆိုတာကို ကျွန်တော့် အဖေအမေတို့ ပြောတာ ကြားဖူးပါတယ်၊ ဒါကြောင့် ကျွန်တော်ဟာ ဒီနေရာကို ကျားသစ်အမြီးက လွတ်အောင် ကောင်းကင်ကနေ လာခဲ့တာပါ"လို့ ပြောတယ်။

ဒီလိုပြောတော့လဲ အပြစ်က ဘယ်လွတ်မလဲ၊ တမင် အပြစ်ရှာနေတဲ့ ကျားသစ်ဆိုတော့....

"ဩော်....ဒါကြောင့်ကိုး၊ နင် ကောင်းကင်ကနေလာတာကို မြင်လို့ ငါစားရမယ့် သားကောင်တွေဟာ လန့်ဖျပြီး ထွက်ပြေးကုန်ကြတယ်၊ တကယ်တော့ နင်ဟာ ငါ့အစာကို ဖျက်ဆီးသူပဲ"လို့ ပြောပြီး ဆိတ်ကို ဖမ်းတယ်၊ ဆိတ်က အသက်ချမ်း

www.burmeseclassic.com

www.burmeseclassic.com



မိမိ၏ အကျိုးစီးပွားကို ပျက်စီးအောင် မသမာသူတွေ လုပ်ကြံ ဖန်တီးထားတဲ့ အခြေအနေမျိုးကို မြင်နိုင်ဖို့ဟာ ခက်လှပါတယ်၊ အဲဒီ အခြေအနေမျိုးမှာ စကားဆိုဖို့လဲ ခက်တာပါပဲ။



သာ ပေးပါလို့ တောင်းပန် မြည်တမ်းနေစဉ်မှာပဲ ကျားသစ်ဟာ ဆိတ်ရဲ့ လည်ကုပ်ကို ကိုက်သတ်ဝါးစားတယ်။

တမင် အပြစ်ရှာနေတဲ့သူကို ဘယ်လိုစကားမျိုးပဲပြောပြော အပြစ်လွတ်မှာ မဟုတ်ပါဘူး၊ ဒါပေမယ့် အခုလို ကျားသစ်နဲ့ ရင်ဆိုင်တိုးခဲ့ဖူးတဲ့....

တစ်ခါတုန်းက ဆိတ်တစ်ကောင်ကတော့ ကျားသစ်ကိုအခု ဆိတ်လို စကားအမျိုးမျိုး ပြောမနေဘူး၊ တောင်းပန်တိုးလျှိုး စကားမျိုးတွေ ဆိုမနေဘူး၊ ဘာလုပ်သလဲဆိုတော့ သူ့မှာ ရှိ သမျှ ခွန်အားကို အကုန်လုံးအသုံးချပြီး လေလိုမြန်တဲ့အလျင်နဲ့ သူ့ရှေ့က ကျားသစ်ရင်ပွင့်ပြီး သေလောက်အောင် ဦးချိုနဲ့ ပြေးပြီး တိုက်ပစ်လိုက်တယ်၊ ဒီနည်းအားဖြင့် အဲဒီ ဆိတ်ဟာ ကျားသစ်ရဲ့ ဝါးမျိုခြင်းမှ လွတ်ခဲ့ဖူးတယ်။

တမင် အပြစ်ရှာနေသူကို ကျိုးကြောင်းတွေပြပြီး ပြောနေလဲ အချည်းနှီးပဲ။ ဘယ်လောက် ယထာဘူတကျတဲ့ သဘောတရားတွေကို ပြောနေလဲ အချည်းနှီး အလကားပဲ။ ဘယ်လောက်ကောင်းတဲ့ အကျိုးရှိတဲ့စကားကိုပဲဆိုနေနေ အချည်းနှီးပဲ ဖြစ်ပါလိမ့်မယ်။ အပြစ်ရှာသူဟာ စကားကောင်းကို နှစ်သက်တာမှမဟုတ်ဘဲ။ ဖြစ်မှားတတ် အပြစ်ရှာတတ်တဲ့ သူနဲ့တွေ့ရင် အဲဒီသူမျိုးကို စကားဆိုနေခြင်းဟာ အချည်းနှီးအလကားအပိုပဲဖြစ်မှာပဲ။ ဒီတော့ အဲဒီလူမျိုးကိုရှောင်ဖို့ဖယ်ရှားဖို့အတွက် လုံ့လထုတ်တဲ့အမှုကို ပြုခြင်းသာ အသင့်လျော်ဆုံးဖြစ်ပါလိမ့်မယ်။ အဲဒီလူမျိုးလက်က လွတ်ဖို့ နည်းလမ်းရှာပြီး လွတ်အောင် ကြိုးပမ်းခြင်းသည်သာ အကောင်းဆုံး ဖြစ်ပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



လူဟာ အဆက်ကပြောပြခဲ့တဲ့သူတွေလို အခြေအနေအမျိုးမျိုးမှာ ကျင်လည်တတ်သူဖြစ်ပါတယ်။ အခြေအနေအမျိုးမျိုးကို ရင်ဆိုင်ရတတ်တဲ့သူ ဖြစ်ပါတယ်။ မိမိ ကျရောက်နေတဲ့ အခြေအနေ အမျိုးမျိုးမှာ ပြောသင့်လို့ ပြောရတာမျိုးလဲ ရှိတယ်၊ မပြောသင့်လို့ မပြောဘဲ နေရတာမျိုးလဲ ရှိတယ်။ "ဆိတ်ဆိတ်နေ ထောင်တန်" ဆိုတဲ့ စကားအတိုင်း မပြောဘဲ နေလို့ ရတာမျိုး၊ (မွေးဘယ်ပြောနပြော၊ နံတယ်လို့ပဲ ပြောပြော၊ အပြစ်မလွတ်အောင် အကြောင်း တမင်ရှာပြီး သတ်စားဖို့ ရည်ရွယ်ချက်နဲ့ ပါးစပ်ဟ အနမ်းခိုင်းတဲ့ ခြင်္သေ့ကို "နှာစေးနေလို့ ဘာအနံ့မှ မရပါဘူး" လို့ ယုန်ပညာရှိက ထင်မြင်ချက် တစ်စုံတစ်ရာ မဆိုတော့ဘဲ ခပ်အေးအေး ထွက်သွားနိုင်တာသို့) မပြောနိုင်သေးပါဘူးလို့ ပြောပြီးရှောင်သွားနိုင်တာမျိုး ရှိနိုင်ပေမယ့် တစ်ခါတစ်ခါမှာ မပြောဘဲ ဘယ်လိုမှနေလို့ကို မရတာမျိုးလဲ ရှိပါတယ်။ ဒီအခါမှာ တစ်မျိုးတစ်ဖုံ ပြောရတာမျိုးလဲရှိပါတယ်။ ဘာမှ ပြောမနေဘဲ လုပ်သင့်လုပ်ထိုက်တာကို လုပ်ရတာမျိုးလဲ ရှိတတ်တာပါပဲ။ စကားပြောဆိုဖို့ဟာ လွယ်မလိုနဲ့ ခက်လှပါတယ်။ အခြေအနေ အမျိုးမျိုးကိုသုံးသပ် ရှုမြင်နိုင်တဲ့ အစွမ်းသတ္တိ လူမှာ အထူးလိုအပ်မှာပါပဲ။ အခြေအနေတွေကို သုံးသပ်တတ်ဖို့ လိုကြောင်းနဲ့ ပတ်သက်ပြီး ရှေ့မှာ ပြောပါဦးမယ်။

# အပိုင်း (၂)

## မူအဓိကဝါဒ၊ အကျိုးသက်ရောက်မှု အဓိကဝါဒနှင့် ယင်းတို့၏ပေါင်းဆုံခြင်း

အနောက်တိုင်း ကိုယ်ကျင့်တရားနယ်မှာ ကိုယ်ကျင့်တရားဆိုင်ရာ မူအဓိကဝါဒ (Formalism)နဲ့ ကိုယ်ကျင့်တရားဆိုင်ရာ အကျိုးသက်ရောက်မှု အဓိကဝါဒ (Teleology) ဆိုတာရှိတယ်။

ကိုယ်ကျင့်တရားဆိုင်ရာ မူအဓိကဝါဒကတော့ ကောင်းတဲ့ "မူ"၊ ကောင်းတဲ့ "ပုံသဏ္ဌာန်"၊ ကောင်းတဲ့စေတနာရဲ့ လမ်းညွှန်မှုကိုခံယူပြီး လုပ်ဆောင်တဲ့အပြုအမူဟာ မှန်တယ်လို့ ခံယူတဲ့ဝါဒပါပဲ။ အထူးသဖြင့်ကတော့ စိတ်ရင်း စေတနာကောင်းနဲ့

www.burmeseclassic.com



ဘယ်အခါမဆို ကိုယ်နှုတ်စိတ် အပြုအမူတွေကို ပြုမူအပ်တယ်လို့ ယူဆတဲ့ဝါဒပါပဲ။ "စေတနာကောင်းနဲ့ ပြုမူပြောဆိုရင် ကောင်းတယ်" ဆိုတဲ့ ပုံသေသဘောကို ခံယူထားတဲ့အတွက် အဲဒီ ကိုယ်ကျင့်တရားအမြင်မျိုးကိုပုံသေအဓိကဝါဒလို့ လဲခေါ်ကြတယ်။ ပြီးတော့... "စေတနာသာ ပဓာနဖြစ်တယ်၊ တခြားသက်ရောက်ဖြစ်ပေါ်လာမှုတွေက အရေးမကြီးဘူး"လို့ ယူဆရာလဲရောက်လို့ အဲဒီကိုယ်ကျင့်တရားအမြင်မျိုးကို စေတနာသာ ပဓာနဝါဒလို့လဲ ခေါ်နိုင်ပါတယ်။

စေတနာသာ ပဓာနဝါဒကို အလေးအနက် ဖော်ထုတ်တင်ပြသူတွေ အနက်မှာ ဂျာမန်ဒဿနပညာရှင် အင်မယ်နျူရယ်ကန့်(Immanuel Kant)ဟာ ထင်ရှားသူဖြစ်ပါတယ်။ ကန့်က ကောင်းတဲ့ဆန္ဒ (Good Will)တစ်ခုတည်းသာ ကောင်းခြင်းတရားဖြစ်တယ်။(Good Will is the only good.) လို့ဆိုတယ်။

ကန့်က ကောင်းတဲ့ စေတနာဟာ ပင်ကိုအားဖြင့်လဲ ကောင်းတယ်။ ကောင်းကျိုးကိုလဲ အစဉ်ပဲ ရှေးရှုတယ်၊ ကောင်းမြတ်ခြင်းတရားကို ရဖို့အတွက် လူဟာ ကောင်းတဲ့ စေတနာကို နှလုံးစံထားပြီး ပြုမူလုပ်ဆောင် ပြောဆိုရမယ်။ အပြုအမူရဲ့ မှားမှန်ကောင်းဆိုးကို တန်ဖိုးဖြတ်ရာမှာ စေတနာ အကောင်းအဆိုးကို 'စံ'အဖြစ်၊ 'မူ'အဖြစ်ထားပြီး တန်ဖိုးဖြတ်ရမယ်တဲ့။ ဥပမာ-ဆင်းရဲပြီး အတိဒုက္ခ ရောက်နေတဲ့ မိသားစု တစ်စုကို လူနှစ်ဦးကငွေငါးရာကျပ်စီ ကူညီတယ်ဆိုပါတော့။ ပထမလူကတော့ ဒီလိုကူညီတာဟာ လူအကြည်ညိုခံလိုတဲ့စိတ် ဒါမှ



မဟုတ် တစ်ချိန်ချိန်မှာ မိမိကိုကျေးဇူးတုံ့ပြန်စေလိုတဲ့ မျှော်လင့်ချက်နဲ့ ကူညီတာ ဖြစ်တယ်။ ဒုတိယလူကတော့ လူအကြည်ညိုခံလိုစိတ်လဲမရှိဘူး၊ ကူညီတဲ့အတွက် ကျေးဇူးတုံ့ပြန်မှု ရစေချင်တဲ့ မျှော်လင့်ချက်လဲမရှိဘူး၊ ကူညီသင့်လို့ ကူညီလိုက်ခြင်းသာ ဖြစ်တယ်ဆိုပါတော့။

ကန့်အမြင်မှာ ဒုတိယလူရဲ့အပြုအမူဟာ ချီးကျူး တန်ဖိုးထားသင့်တယ်။ ကန့်အမြင်အရကတော့ အပြုအမူ တစ်ခုရဲ့ အကျိုးသက်ရောက်မှု ရလဒ်ကို ကြည့်စရာမလိုဘူး၊ အပြုအမူတစ်ခုကို ပြုရာမှာ ဘာမျှော်လင့်ချက်မှ မထားဘဲ စေတနာကောင်းနဲ့ ပြုမူလိုက်ဖို့ပဲ လိုတယ်။ စေတနာကောင်းနဲ့ လုပ်တဲ့ အပြုအမူအားလုံးဟာ ကောင်းတယ်လို့ ယူဆတယ်။

တစ်စုံတစ်ခုသော အတိုင်းအတာအထိတော့ ကန့်ရဲ့အမြင်ကို လက်ခံစရာရှိပါတယ်။ မြတ်နိုးဖွယ်ကောင်းတဲ့ အယူအဆလဲ ဖြစ်ပါတယ်။ နေ့စဉ်ဘဝမှာ လူတွေဟာ အကျိုးရလဒ်ကိုပဲ ကြည့်ပြီး ပြုမူပြောဆိုနေကြတာ များပါတယ်။ သူ့ကို ငါဒါ လုပ်ပေးရင်၊ ကူညီလိုက်ရင် ငါ့အတွက် ဘယ်လိုအကျိုးတွေ ပြန်ရနိုင်တယ်၊ ငါ ဒီလိုပြောတဲ့အတွက် သူ့ဆီက ဘယ်လိုအကူအညီတွေ၊ အခွင့်အရေးတွေ ရနိုင်တယ် စသည်ဖြင့် ကိုယ်ကျိုး ကြည့်ပြီး ပြုမူ ပြောဆိုနေကြတဲ့ အခွင့်အရေး သမားတွေ များပါတယ်။စေတနာသန့်သန့် စေတနာကောင်းနဲ့ပြုတဲ့ ပြောတဲ့ သူကရှားပါတယ်။ စေတနာကောင်း မပါတဲ့ ပြုမူပြောဆိုမှုတွေဟာ အလွန် စက်ဆုပ်ဖွယ်ရာ ကောင်းတယ်။ ကူညီလိုစိတ်မှန်နဲ့ အလွန်ဝေးတယ်။ ဒါကြောင့် စေတနာကောင်းဖို့ အထူးပဲ

www.burmeseclassic.com



လိုအပ်တယ်လို့ ဆိုရမှာပဲ။ ဒါပေမယ့် စေတနာကိုကြည့်ပြီး ပြုမူပြောဆိုမှုကို အကောင်းအဆိုး ဆုံးဖြတ်ဖို့ခက်ပါတယ်။ တကယ်တော့ စေတနာကောင်း မကောင်း ဆိုတာကို ကြည့်လို့လဲ မရဘူး။ ပြုမူ ပြောဆိုတဲ့ကာယကံရှင် ကိုယ်တိုင်ကသာ စေတနာမှန် မမှန်၊ ကောင်းမကောင်းကို သိမှာပါပဲ။

ပိုပြီးသိမ်မွေ့တာတစ်ခုက ကိုယ်ကိုယ်အားဖြင့် အလွဲအမှားဖြစ်နေတဲ့ စေတနာကို ကာယကံရှင်က တကယ့်ဒီ ကောင်းအမှန်စေတနာဖြစ်တယ်ရယ်လို့ လွဲမှားစွာ ထင်မှတ်မိတတ်တဲ့ အချက်ဖြစ်ပါတယ်။ ကိုယ့်စေတနာမှားနေတာကို "ကိုယ့်စေတနာဟာ မှားနေပါလား" လို့ မသိဘဲ ဖြစ်နေတာမျိုးတွေ ရှိတတ်ပါတယ်။ ရှေးခေတ် လူ့အဖွဲ့အစည်း တချို့မှာ အကြီးအကဲတစ်ဦးသေရင် တမလွန်လောကမှာ သူ့အတွက် အခြွေအရံတွေ ရရှိစေချင်တဲ့ စေတနာနဲ့ ကျေးကျွန်တွေကို သက်ဆိုင်ရာ ပုဂ္ဂိုလ်တွေက သတ်ဖြတ်ပြီး သူနဲ့အတူ မြှုပ်နှံလေ့ ရှိတယ်။ ရှေးခေတ်က ဥရောပခရစ်ယာန် အာဏာပိုင်တွေဟာ အယူလွဲနေတဲ့ သူတွေကို ကယ်တင်လိုတဲ့ စေတနာနဲ့ ရက်ရက်စက်စက် နှိပ်ကွပ်ခဲ့ကြဖူးတယ်။ တချို့ သူတေသီတွေက ဂျာမန် နိုင်ငံနဲ့ ဂျာမန်လူမျိုးတွေ ကြီးပွား ချမ်းသာစေလိုတဲ့ ဟစ်တလာရဲ့ စေတနာကြောင့် ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်ပွားခဲ့ရတယ်လို့တောင် ဖော်ပြခဲ့ကြဖူးတယ်။

စေတနာကောင်းနဲ့ လုပ်ပါတယ်လို့ ပြောဆိုရင်း၊ ယူဆရင်းနဲ့ လုပ်ခဲ့တဲ့ အလုပ်တွေကြောင့် ကမ္ဘာ့သမိုင်းမှာ လူ့အနိဋ္ဌာရုံတွေ



အမြောက်အမြားဖြစ်ခဲ့တာတွေ့ရှိပါတယ်။ ဒါကြောင့်ပဲလျှိုမ်း ဆိုတဲ့ ပညာရှင်က "ငရဲသို့သွားသောလမ်းကို စေတနာကောင်းများနဲ့ ဖောက်လုပ်ထားတယ်" လို့တောင် ဆိုခဲ့ဖူးပါတယ်။

ဒီတော့ ပြုသူ၊ ပြောသူ ကာယကံရှင်တွေ ကိုယ်တိုင် မိမိစိတ်စေတနာကို တကယ်ကောင်း မကောင်း၊ မှန်မမှန်စူးစမ်းဖို့ လိုဦးမှာပါပဲ။ ဒါကိုပြောရင်းနဲ့ အဖြစ်အပျက်ကလေးတစ်ခုကိုအမှတ်ရပါတယ်၊ ဒီလိုပါ....

တစ်ခါမှာ နွားနှစ်ကောင်ဟာ တစ်ကောင်နဲ့ တစ်ကောင် ခေါင်းချင်းဆိုင်ပြီး ဝေ့ကြပါတယ်။ ဒီလိုနွားနှစ်ကောင် ဝေ့နေကြတာကို နွားမြီးဆွဲငှက်တစ်ကောင်က မြင်တယ်။ ဒီငှက်က "နွားနှစ်ကောင် ဒီလောက်တောင် ဝေ့နေကြရင် ခေါင်းတွေ ကွဲပြီး သေကုန်ကြတော့မှာပဲ" လို့ တွေးတော စိုးရိမ်ပြီးတော့ ဝေ့နေတဲ့ နွားနှစ်ကောင်ကို စေတနာကောင်းနဲ့ "ဦးရီးတို့ မဝေ့ကြပါနဲ့" လို့ တားမြစ်တယ်။

နွားနှစ်ကောင်ဟာသူ့စကားကို နားမထောင်ပါဘူး၊ ဝေ့မြဲ ဝေ့နေကြတယ်။ ဒီအခါမှာ နွားမြီးဆွဲငှက်က နွားတွေရဲ့ ကျောပေါ် ဆင်းလိုက်၊ ဦးခေါင်းပေါ် နားလိုက်နဲ့ "တော်ကြပါတော့၊ ရပ်ကြပါတော့" လို့ ဆိုပြန်တယ်။

နွားတွေကလဲ ဝေ့မြဲဝေ့နေကြတယ်။

ငှက်ဟာ ဘယ်လိုမှပြောမရ၊ တောင်းပန်မရတော့ "အမယ်လေး....ငါ့ကိုပဲသတ်ကြပါတော့၊ ဝေ့ကြပါတော့" လို့ ပြောပြီး နွားနှစ်ကောင်ရဲ့ ဦးခေါင်း နှစ်ခုကြားထဲ ပျံဝင်သွားတယ်။ ဒီလိုဝင်၊ နွားနှစ်ကောင်ကလဲ အဝေ့ဆိုတော့... ခေါင်းနှစ်လုံး

www.burmeseclassic.com

www.burmeseclassic.com



စေတနာကောင်းထားပြီး ပြောဆို နေတာလို့ ထင်နေပေမယ့် တကယ်တော့ တွင်ကျယ်ချင်တဲ့စိတ်၊ အရေး ပါချင်တဲ့ စိတ်နဲ့ ပြောဆို နေတာမျိုး ဖြစ်နေတတ်တယ်။



ကြားမှာ နွားမြီးဆဲ့ငှက်ဟာ ကျောက်ပြင်ပေါ်မှာ အကြိတ်ခံလိုက်ရသလို ကြေမွပြီး အသက်ကုန်သွားပါရောတဲ့။

ငှက်ဟာ နွားနှစ်ကောင်အပေါ် စေတနာကောင်းထားသလို ထင်ရပေမယ့် တကယ်တော့ သူ့ရဲ့တွင်ကျယ်ချင်တဲ့စိတ်၊ အရေးပါချင်တဲ့စိတ်နဲ့ ပြောတာပုထာပါပဲ။ လူတွေမှာလဲ ဒီလိုပါပဲ။ စေတနာကောင်းထားသလိုလိုနဲ့ စေတနာအတုတွေ ဖြစ်တတ်လေတော့ ကာယကံရှင်ကိုယ်တိုင်က ကိုယ့်စိတ်ကိုကိုယ် မညာမိစေဘဲ စေတနာမှန် ထားတတ်ဖို့ လိုပါလိမ့်မယ်။

ဒါပေမယ့် စေတနာကောင်း ရှိရုံမျှနဲ့ မပြီးသေးပါဘူး၊ မလုံလောက်သေးပါဘူး။ ကန့်ရဲ့ အမြင်ကိုကြည့်ရင် စေတနာကောင်းနဲ့ပြုမူတဲ့ အပြုအမူဖြစ်ရင် လုပ်နည်းလုပ်ဟန် မှားယွင်းပေမယ့် ကောင်းတဲ့ အပြုအမူဖြစ်တယ်၊ ချီးမွမ်းထိုက်တဲ့ အပြုအမူဖြစ်တယ်လို့ ယူဆရာ ရောက်နေတာကို တွေ့ရပါလိမ့်မယ်။

စေတနာကောင်းနဲ့ လုပ်တာ ဖြစ်ပါလျက်နဲ့ (လုပ်နည်းလုပ်ဟန် မဟုတ်တာကြောင့် (အဲဒီလုပ်ရပ်ဟာ ဆိုးကျိုးတွေ၊ အနိဋ္ဌာရုံတွေကို ဖြစ်ပေါ်စေတတ်တာမျိုးတွေ အများကြီးရှိပါတယ်။ မိမိနဖူးမှာ ကိုက်နေတဲ့ မှက်ကောင်ကို လက်မအားတဲ့အတွက် မောင်းနှင်ပေးဖို့ ဖခင်လက်သမားက သားဖြစ်သူကို ပြောတဲ့အခါမှာ သားဖြစ်သူက မှက်ကိုတူနဲ့ အားကုန် ထုရိုက်လိုက်လို့ ဖခင်ခေါင်းကွဲသေရတဲ့ ပုံပြင်ကို ကြားဖူးကြမှာပါ။ သားဖြစ်သူဟာ သူ့ဖခင်ကို မှက်ကိုက်တဲ့အဖြစ်မှ လွတ်စေလိုတဲ့ စေတနာဗရပွနဲ့ အားကုန်သွန်ပြီး မှက်ကို ထုရိုက်လိုက်တာပဲ။

www.burmeseclassic.com





စေတနာကောင်း ရှိပေမယ့် ဉာဏ်ပညာ မရှိရင် ပြုတာ၊ ပြောတာ တွေးတာ အချည်းနှီး ဖြစ်နိုင်တယ်။

ဒါပေမယ့် လုပ်နည်းကမှတ်တော့ ဖခင်ခမျာမှာ ဦးခေါင်း အစိတ်စိတ်ကွဲပြီး သေပွဲဝင်ရှာတဲ့ ဆိုးကျိုးကိုပဲရတယ်။ သားရဲ့ လုပ်ရပ်ဟာ အနိဋ္ဌာရုံနဲ့အဆုံးသတ်တဲ့ လုပ်ရပ်မျိုး ဖြစ်ခဲ့ရတယ်။

တစ်ခါတုန်းက မျောက်တွေကို အုပ်ချုပ် ဦးဆောင်နေတဲ့ မျောက်ခေါင်းဆောင် တစ်ဦးနဲ့ အင်မတန် ရင်းနှီးကျွမ်းဝင်တဲ့ ဥယျာဉ်စောင့်ယောကျ်ားတစ်ဦး ရှိတယ်လို့ ဆိုပါတယ်။ တစ်နေ့တော့ အဲဒီဥယျာဉ်စောင့်ဟာ ပွဲလမ်းသဘင်ကို သွားချင်တာနဲ့ မျောက်ခေါင်းဆောင်ကို သူပွဲလမ်းသဘင်သွားနေခိုက် ဥယျာဉ်ထဲက သစ်ပင် ပန်းပင်တွေကို ရေလောင်းပေးဖို့ အကူအညီ တောင်းတယ်။ မျောက်ခေါင်းဆောင်ကလဲ ရေလောင်းပေးပါ့ မယ်လို့ ကတိပြုတယ်။

ဒါနဲ့ ဥယျာဉ်ကို မျောက်ခေါင်းဆောင်လက် အပ်ပြီး ဥယျာဉ်စောင့်ဟာ ပွဲလမ်းသဘင် ကြည့်ရှုဖို့ ထွက်သွားတယ်။

မျောက်ခေါင်းဆောင်ဟာ ဥယျာဉ်ထဲက သစ်ပင် ပန်းပင် တွေကို ရေလောင်းဖို့အတွက် သူ့တပည့်နောက်လိုက် မျောက် တွေနဲ့တွေ့ဆုံပြီးတော့ ... "ပန်းပင်တွေကို ဦးစွာပထမ နုတ်ကြည့် ရမယ်၊ ဒီလိုနုတ်ကြည့်တဲ့အခါ အမြစ်တိုတဲ့အပင်ဆိုရင် အမြစ် တိုတဲ့အတွက် ရေနည်းနည်း လောင်းရမယ်၊ အမြစ် ရှည်တာ တွေရင် အမြစ်ရှည်တဲ့အတွက် ရေများများ လောင်းရမယ်" လို့ ညွှန်ကြားလိုက်ပါတယ်။

ဒီ မျောက်ခေါင်းဆောင် ညွှန်ကြားတဲ့အတိုင်း နောက် လိုက် မျောက်တွေဟာ ပန်းပင်တွေကို နုတ်ကြပါတယ်။ နုတ်ပြီးတဲ့နောက် အမြစ်တိုတာတွေရင် အမြစ် တိုတယ်လို့

www.burmeseclassic.com

www.burmeseclassic.com



မှတ်ထား၊ ပြီးတော့ ပြန်စိုက်....၊ စိုက်ပြီးတော့ ရေနည်းနည်းပဲ လောင်းပါတယ်။ အမြစ်ရှည်တာ တွေ့ရင်လဲ အမြစ်ရှည်တယ်လို့မှတ်၊ မှတ်ပြီးပြန်စိုက်၊ရေများများလောင်းပေးပါတယ်။

အချို့အပင်တွေဟာ အမြစ်တိုပေမယ့် ရေများများလောင်းဖို့လိုတယ်။ အချို့အပင်ကတော့ အမြစ်ရှည်တဲ့အတွက် ရေများများလောင်းဖို့ မလိုဘူးဆိုတာကို မျောက်တွေ မသိကြဘူး။ ပြီးတော့ အမြစ်တွေဆွဲနုတ်၊ ပြန်စိုက်လုပ်နေရင် အပင်တွေ သေကုန်မယ်ဆိုတာလဲ မသိဘူး၊ ဒါနဲ့....

မျောက်တွေ ရေလောင်းလိုက်ကြတာ ဉယျာဉ် တစ်ခုလုံး ရစရာမရှိအောင် ပျက်တော့တာပါပဲ။

မျောက်တွေဟာ စေတနာကောင်းနဲ့ ရေလောင်းကြတာဖြစ်မှာပါ။ ဒါပေမယ့် လုပ်နည်းလုပ်ဟန် မဟုတ်တဲ့ အခါမှာ သက်ရောက်မှုတွေက ဆိုးကျိုးတွေ၊ အန္တရာယ်တွေ ဖြစ်ကုန်ပါတယ်။

မှန်မြတ်သန့်ရှင်း စင်ကြယ်ပါတယ်ဆိုတဲ့ စေတနာနဲ့ယှဉ်ပြီးတော့ မကောင်းတာ အကျိုးမများတာတွေ ပြုမိတတ်တယ်ဆိုတာကို မမေ့သင့်ပါဘူး။ မှန်မြတ်ပါတယ်၊ သန့်ရှင်းပါတယ်ဆိုတဲ့စကားဟာလဲ သတိပညာနဲ့ ထိန်းကွပ်မှု မရှိရင် ဆိုးကျိုးတွေ သက်ရောက် ဖြစ်ပေါ်လာနိုင်တယ်၊ သာယာဖွယ်မဟုတ်တဲ့၊ မကောင်းတဲ့အကျိုးတွေ ဖြစ်ပေါ်စေနိုင်တယ် ဆိုတာကိုလဲ မမေ့သင့်ပါဘူး။

ဒီလို ဖြစ်ပေါ်စေနိုင်တဲ့ သာဓကတွေ ရှိခဲ့ဖူးပါတယ်။



ရှေးအခါတုန်းက ဟိမဝန္တာမှာနေတဲ့ ရသေ့တစ်ပါးဟာ ဗာရာဏသီပြည်ကို ရောက်လာပြီးတော့ မင်းရဲ့ဉယျာဉ်မှာ နေတယ်။

နောက်တစ်နေ့မှာ ရသေ့ဟာ မြို့ထဲကို ဆွမ်းခံဝင်တယ်။ ဆွမ်းခံရင်း မင်းရင်ပြင်တော်ကို ရောက်သွားတယ်။ ဆွမ်းခံလာတဲ့ ရသေ့ကို မင်းက မြင်တဲ့အခါမှာ ရသေ့ရဲ့သိမ်မွေ့တဲ့၊ အပြစ်ကင်းတဲ့ ဣရိယာပုတ်ကိုမြင်ပြီး ကြည်ညိုစိတ်တွေ ဖြစ်တယ်။ ဒါကြောင့် ရသေ့ကို မင်းဉယျာဉ်မှာပဲ နေစေပါတယ်။

ဉယျာဉ်မှာ နေ့နေတဲ့ ရသေ့ထံကို မင်းဟာ တစ်နေ့တစ်ကြိမ် တွေ့ဆုံဖို့ လာလေ့ရှိပါတယ်။ ရောက်လာတဲ့မင်းကို ရသေ့က ဆုံးမစကားပြောလေ့ရှိတယ်၊ သူဆုံးမတဲ့ စကားကတော့....

“မင်းကြီး....အမျက်ဒေါသ မထွက်အောင် စောင့်စည်းရမယ်၊ အမျက်ဒေါသထွက်သူကို တုံ့ပြန်ပြီး အမျက် ဒေါသ မထွက်တဲ့မင်းကို အများပြည်သူတွေက ရိုသေကြ၊ မြတ်နိုးကြ၊ ပူဇော်ကြတယ်....

“မင်းကြီး....မြို့မှာဖြစ်စေ၊ ရွာမှာဖြစ်စေ၊ ချိုင့်ဝှမ်းမှာဖြစ်စေ၊ ကုန်းမြေပေါ်မှာဖြစ်စေ....အလုံးစုံအရပ်မှာ အမျက်မထွက်ပါနဲ့၊ ဒါဟာ ငါ့ရဲ့ အဆုံးအမဖြစ်ပါတယ်”

ဒီလို ဆုံးမတဲ့စကားကို မင်းကြီးဟာ သိပ်ကို သဘောကျပါတယ်၊ အလေးအမြတ်ထားတယ်။ မင်းကြီးဟာ ရသေ့အပေါ်မှာ ကြည်ညိုစိတ်တွေ တဖွားဖွားဖြစ်ပေါ်တဲ့အတွက် အခွန်တစ်သိန်းထွက်တဲ့ ရွာကို ပေးပါတယ်။ ရသေ့က မမိန့်နှင့် မအပ်စပ်ကြောင်း ပြောပြီး ငြင်းပယ်ခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရသေ့သူမြတ်ဟာ မင်းရဲ့ဥယျာဉ်မှာ (၁၂)နှစ် ကြာမျှ နေခဲ့ပါတယ်။ တစ်နေ့မှာ ဇနပုဒ်အရပ်ကို သွားလာလှည့်ပတ်လိုတဲ့အတွက် မင်းဥယျာဉ်မှ ထွက်ခွာလာခဲ့ပါတယ်။

ရသေ့သူမြတ်ဟာ ဂင်္ဂါမြစ် ကူးတို့ဆိပ်ကမ်းခုကို ရောက်ရှိလာခဲ့ပါတယ်၊ အခန့်သင့်ပဲ ကူးတို့သမားတစ်ယောက်ကို တွေ့တယ်၊ တကယ်တော့ ဒီကူးတို့သမားဟာ မိုက်မဲတဲ့ ကူးတို့သမားပါပဲ။ သူ့အကျင့်က ကူးတို့စီးတဲ့သူကို တစ်ဖက်ကမ်းပို့တယ်၊ ဟိုတစ်ဖက်ကမ်းကိုရောက်မှ ကူးတို့ခကို တောင်းတယ်။ ဒီလိုတောင်းတော့ အပေးအယူ မတည့်တော့ဘဲ ခိုက်ရန်တွေ ဖြစ်တယ်။ ဒီအကျင့်ကြောင့် ဒီကူးတို့သမားမှာ ငွေကြေးကိစ္စ ပြေလည်တယ်လို့ကို မရှိဘူး။

အခုလဲ ဒီကူးတို့သမားဟာ ရသေ့ကို ကူးတို့ခ မတောင်းဘူး။ မတောင်းဘဲနဲ့ ရသေ့ကိုသယ်ဆောင်ပြီး လှေကို လှော်ခတ်လာတယ်။ တစ်ဖက်ကမ်းရောက်တော့မှ ရသေ့ကို "ကူးတို့ခပေး"လို့ တောင်းတယ်။ ဒီအခါမှာ ရသေ့က...

"လှေသူကြီး....ကမ်းတစ်ဖက်ကို မစီးခင် စီးပြည့်သူထံက အခကိုတောင်းယူရတယ်၊ ဒီလိုသာလုပ်ရတယ်၊ ဟိုတစ်ဖက်ကမ်းရောက်တော့မှ ကူးတို့ခကိုတောင်းရင် သင်တောင်းတာနဲ့ ကူးတို့စီးသူ ပေးလိုတာ မကိုက်မညီဖြစ်ပြီး မကျေမနပ်တွေ ဖြစ်နိုင်တယ်။ အဆင်မပြေမှုတွေ ဖြစ်နိုင်တယ်"လို့ ဆုံးမစကား ဆိုတယ်။ ဒီလို အဆုံးအမ ပေးပြီးတဲ့နောက် ဥယျာဉ်မှာ နေခဲ့တုန်းက မင်းကို ဆုံးမခဲ့တဲ့အတိုင်း ရသေ့က ကူးတို့သမားကို ဆုံးမစကားဆိုပါတယ်။



"လှေသူကြီး.... မြို့မှာဖြစ်စေ၊ ရွာမှာဖြစ်စေ၊ ချိုင့်ဝှမ်းမှာဖြစ်စေ၊ ကုန်းမြေမြင့်မှာဖြစ်စေ၊ အသုံးစုံအရပ်မှာ အမျက်ဒေါသမထွက်ပါနဲ့.... ဒါဟာ ငါ့ရဲ့ အဆုံးအမဖြစ်တယ်"

ရသေ့က ဒီလို အဆုံးအမစကားကို ဆိုတဲ့အခါမှာ ကူးတို့သမားက....

"ရသေ့.... ဒါဟာ ငါ့ကိုပေးတဲ့ ကူးတို့ခလား"လို့ မေးတယ်၊ ရသေ့က....

"ဟုတ်တယ်" လို့ ဆိုတယ်။

"ဒါကို မလိုချင်ဘူး၊ တခြားအရာကိုပေး"လို့ ကူးတို့သမားက တောင်းတယ်။

"ဒီ ဆုံးမစကားပဲ ပေးဖို့ရှိတယ်၊ တခြား ငါ့မှာပေးဖို့ မရှိဘူး"လို့ ရသေ့က ပြောတယ်။

ဒီအခါမှာ ကူးတို့သမားဟာ "ကူးတို့ခ ပေးစရာမရှိပါဘဲလျက်နဲ့ ငါ့လှေကို ဘာကြောင့် စီးရသလဲ"လို့ ကြိမ်းမောင်း ဆဲဆိုပြီး ရသေ့ကို ဂင်္ဂါမြစ်ကမ်းနားမှာ တွန်းလှဲလိုက်တယ်။ ပက်လက်လန်ပြီး လဲကျသွားတဲ့ ရသေ့ရဲ့ ရင်ဘတ်ပေါ် ခွထိုင်ပြီး ကူးတို့သမားလူမိုက်ဟာ ရသေ့မျက်နှာကို ရိုက်ပုတ်တော့တာပါပဲ။

ရသေ့ဟာ ကူးတို့သမားကို ပြောဆိုဆုံးမခဲ့တဲ့ ဆုံးမစကားကို မင်းကို ပြောဆိုခဲ့တုန်းက အခွန်တစ်သိန်းထွက်တဲ့ ရွာကို အပေးလှူခံခဲ့ရဖူးတယ်။ အခု မင်းကိုပြောခဲ့တဲ့ ဆုံးမစကားကိုပဲ ကူးတို့သမားကိုပြောတော့ မျက်နှာကို ရိုက်ပုတ်ခံရတယ်၊ အရိုက်ခံရခြင်းကိုပဲ ရပါတယ်။

www.burmeseclassic.com



ပြုမူပြောဆိုဆောင်ရွက်ရာမှာ စေတနာကောင်းထားရှိခဲ့တော့ မပြီးသေးဘူး၊ ဖြစ်ပေါ်လာမယ့် အကျိုးသက်ရောက်မှုတွေ ကောင်း မကောင်း ဆိုတာကိုလဲ ကြည့်ဖို့ လိုပါးမှာပဲ။

## မူအစိကဝါဒ၊အကျိုးသက်ရောက်မှု

ရသေ့ကို ဒေါသတကြီး ရိုက်ပုတ်နေစဉ်မှာ ကူးတို့သမားရဲ့ မယားရောက်လာပါတယ်။

မယားဖြစ်သူဟာ သူ့လင်ယောကျ်ား ကူးတို့သမား စားဖို့ ထမင်းလာပို့တာပါ။မယားဖြစ်သူဟာ သူ့လင်ယောကျ်ားရိုက်ပုတ်နေတဲ့ ရသေ့ဟာ မင်းကြ အမြတ်တနိုးကိုးကွယ်ထားတဲ့ရသေ့ဖြစ်ကြောင်းသိတော့ သူ့ယောကျ်ားကို ရသေ့ကို မရိုက်ပုတ်အောင် ဆွဲတယ်၊ ဖျင်တယ်။ ဒီအခါမှာ ကူးတို့သမားဟာပိုပြီး အမျက်ဒေါသထွက်ပြီး သူ့မယားကိုပါ ရိုက်ပုတ် တွန်းထိုး ပစ်လိုက်မိတယ်။ မယားဖြစ်သူဟာ ကိုယ်ဝန်အရင့်အမာ ရှိနေသူဆိုတော့ လင်ဖြစ်သူက ဒေါသတကြီး ရိုက်ပုတ်တွန်းလှဲပစ်လိုက်တဲ့အတွက် ကိုယ်ဝန် ပျက်ခဲ့ရပါတယ်။ သယ်ဆောင်လာတဲ့ ထမင်းတောင်းနဲ့ အိုးခွက်တွေဟာလဲ လဲကျသွားတဲ့ မယားဖြစ်သူနဲ့ အတူ ကွဲကြေ လွင့်စင်ကုန်ကြပါတယ်။

ဒီအဖြစ်အပျက်ကို ကြည့်ပါ။ ရသေ့သူမြတ်ဟာ မင်းကိုရော ကူးတို့သမားကိုပါ စေတနာကောင်းနဲ့ တူညီတဲ့ အဆုံးအမစကားကို ဆိုတာပါပဲ။ ဒါပေမယ့် အဆုံးအမစကားကို ခံယူတဲ့ သူ နှစ်ဦးဟာ မတူကြဘူး၊ မင်းကို ပေးခဲ့တဲ့ ရသေ့သူမြတ်ရဲ့ ဆုံးမစကားဟာ မင်းအတွက်တော့ အင်မတန် မြတ်နိုးဖွယ် စကား ဖြစ်ခဲ့တယ်။ ဒါပေမယ့် (မြတ်သစ်ရွက်တွေကို မပေးဘဲ အဖိုးထိုက်တန်လှတဲ့ စိန်တွေ၊ ရွှေတွေ၊ ပတ္တမြားတွေကို ပေးနေရင် သမင်အတွက် အချည်းနှီးဖြစ်သလို) မိုက်မဲတဲ့ ကူးတို့သမားကို ပေးတဲ့ကောင်းမြတ်တဲ့ အဆုံးအမစကားဟာ ကူးတို့သမားအတွက်တော့ အချည်းနှီး အကျိုးမဲ့စကား ဖြစ်ခဲ့တယ်။[၅]

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ စေတနာကောင်းနဲ့ ပြောဆိုတယ်ဆိုပေမယ့် ဒီလိုပြောရင် အကျိုးရှိ,မရှိ၊ ပြောဖို့သင့် မသင့်ဆိုတာတွေကို ရှုမြင်တတ်ဖို့လိုမှာပါပဲ။ တစ်နည်းအားဖြင့်တော့သင့်,မသင့် ရ,မရကိုဉာဏ်ယှဉ်ဖို့၊ သတိပြုဖို့၊ ဘယ်လိုသက်ရောက်မှုတွေ ဖြစ်လာနိုင်တယ်ဆိုတာကိုလဲ မြော်ခေါ်တတ်ဖို့လိုမှာပါပဲ။ သင့်မသင့်၊ ရမရကို မရှုမြင်ဘဲ စေတနာကောင်းနဲ့သာ ပြောလိုက်မိတဲ့အတွက် ရသေ့မှာ အရိုက်ခံရခြင်းဆိုတဲ့ အကျိုးမဲ့ကို ရရှိမှုမကပါဘူး၊ ကူးတို့သမားရဲ့ မယားဟာ ကိုယ်ဝန်ပျက်ခဲ့ရတယ်။ ရသေ့ကို ရိုက်တဲ့အတွက် ကူးတို့သမားကို လူတွေက ဖမ်းဆီးပြီး မင်းထံကိုပို့လို့ ကူးတို့သမားကိုယ်တိုင်လဲ မင်းကပေးတဲ့ အပြစ်ဒဏ်ကိုခံခဲ့ရတယ်။

ဒီတော့ ပြုမှု ပြောဆို ဆောင်ရွက်ရာမှာ စေတနာကောင်းတစ်ခုနဲ့ မပြီးသေးဘူး။ ပြုမှုပြောဆိုဆောင်ရွက်လိုက်တဲ့အခါမှာ ဖြစ်ပေါ်လာမယ့် အကျိုးသက်ရောက်မှု ရလဒ်တွေ ကောင်း,မကောင်းကိုလဲ ကြည့်ရှု သုံးသပ်ဖို့ လိုပါလိမ့်မယ်။

ရှေ့မှာ ပြောခဲ့တဲ့ တွေးခေါ်ပညာရှင် ကန့်က "ကောင်းတဲ့စိတ်စေတနာနဲ့ ပြုလုပ် ပြောဆိုတဲ့ အပြုအမူတိုင်းဟာ မှန်ရမယ်၊ ပြုလုပ် ပြောဆိုလိုက်တာတွေကနေပြီး သက်ရောက် ထွက်ပေါ်လာတဲ့ အကျိုးတရားကို ကြည့်ဖို့မလိုဘူး၊ အကျိုးတရားကို လူက ပြုလုပ်တာ မဟုတ်ဘူး၊ ပြုမှု ပြောဆိုပြီးမှ အလိုအလျောက် ထွက်ပေါ်လာခြင်းသာ ဖြစ်တယ်။ လူနဲ့ အသက်ဆိုင်ဆုံးကတော့ အပြုအမူ အပြောအဆိုကို ပြုမူပြောဆိုတဲ့ အချိန်အခါသာ ဖြစ်တယ်။ အဲဒီလို ပြုမူပြောဆိုတဲ့ အချိန်အခါမှာ စေတနာကောင်းရှိဖို့ အရေးကြီးတယ်။ စေတနာကောင်းနဲ့



ပြုမူ ပြောဆိုပါလျက်နဲ့ မကောင်းတဲ့ အကျိုးတရားသက်ရောက် ဖြစ်ပေါ်လာခဲ့ရင် ပြုလုပ်သူမှာ တာဝန်မရှိဘူး၊ ပြုလုပ်သူနဲ့ မသက်ဆိုင်ဘူး" လို့ ယူဆတယ်။

အကျိုးသက်ရောက်မှုဟာ အပြုအမူ အပြောအဆိုကို စေတနာကောင်းနဲ့ပြုပြီး ပြောပြီးမှ သက်ရောက် ဖြစ်ပေါ်လာတာတော့ မှန်ပါတယ်။ ဒါပေမယ့် သက်ရောက် ဖြစ်ပေါ်လာတဲ့ အကျိုးတရားအတွက် ပြုမူ ပြောဆိုသူမှာ တာဝန် လုံးဝမရှိဘူးဆိုတာကတော့ မဟုတ်နိုင်သေးပါဘူး။ ဘာကြောင့် ဆိုတော့ သက်ဆိုင်ရာ ပြုမူပြောဆိုမှုကို ပြုမူပြောဆိုလို့သာ အကျိုးသက်ရောက်မှုဟာ ဖြစ်ပေါ်လာတာပါပဲ။ မပြုမူ၊ မပြောဆိုရင်အကျိုးသက်ရောက်မှုဟာ ဖြစ်ပေါ်လာမှာ မဟုတ်ပါဘူး။ ဒါကြောင့် ပြုမူ ပြောဆိုသူမှာ တာဝန်ရှိတယ်လို့ပဲ ယူဆရပါလိမ့်မယ်။ ဒီလို တာဝန်ရှိနေလို့ စေတနာကိုသာ ပဓာနပြုပြီး ပြောဆိုနေရုံမျှနဲ့ မလုံလောက်သေးဘူးလို့ပဲ ယူဆရပါလိမ့်မယ်။

တချို့ကတော့လဲ စေတနာသာ ပဓာနဝါဒ (မူအဓိကဝါဒ)ကို ဆန့်ကျင်ပြီးတော့ အပြုအမူတစ်ခုရဲ့ မှန်ခြင်း၊ မှားခြင်းကို အကျိုးတရားနဲ့သာ တိုင်းတာကြတယ်။ သူတို့က....အပြုအမူ တစ်ခုကို ပြုမူတဲ့အခါမှာ တကယ်လို့.. ကောင်းတဲ့အကျိုးသက်ရောက်မှု (အကျိုးရှိမှု)ကို ဖြစ်စေရင် အဲဒီ အပြုအမူဟာ မှန်တယ်၊ မကောင်းတဲ့ အကျိုးသက်ရောက်မှု (မကောင်းတာကျေနပ်ဖွယ်ရာမရှိတာတွေ)ပေါ်ထွက်လာရင်တော့ မှားတယ်လို့ ယူဆတယ်၊ ဒီလိုယူဆတဲ့ ဝါဒကိုအကျိုးသက်ရောက်မှုပဓာနဝါဒ (Teleology)လို့ ခေါ်ကြပါတယ်။ ဒီဝါဒဟာ

www.burmeseclassic.com

www.burmeseclassic.com



စိတ်စေတနာကောင်းနဲ့ ပြုမူ ပြောဆိုတာပဲဖြစ်ဖြစ်၊ မကောင်းတဲ့ စေတနာနဲ့ ပြုမူ ပြောဆိုတာပဲ ဖြစ်ဖြစ် အရေးမကြီးဘူး။ အရေးကြီးတာက လိုလားအပ်တဲ့ အကျိုးရလဒ်ကို ရဖို့သာ အရေးကြီးတယ်လို့ ယူဆရာရောက်နေတယ်။ ဒါကြောင့်အကျိုးသက်ရောက်မှု ပဓာနဝါဒကို လက်ကိုင်ထားတဲ့ သူတွေဟာ "အကျိုးရလဒ်(ဝါ)ပန်းတိုင်ဟာ လုပ်နည်းလုပ်ဟန်ကို အဆုံးအဖြတ် ပေးတယ် The end justifies the means." ဆိုတဲ့ အယူဝါဒကို လက်ကိုင်ထားတယ်လို့လဲ ဆိုနိုင်ပါတယ်။

ဒီအယူဝါဒကို လက်ကိုင်ထားသူဟာ.... ပြုမူ ပြောဆိုရာမှာ ပြုမူပြောဆိုတဲ့နည်းသည် အကယ်၍ မိမိလိုလားတဲ့ အကျိုးဖြစ်ပေါ်လာရင်.... ဒါမှမဟုတ်.... မိမိရောက်လိုတဲ့ ပန်းတိုင်ကိုရောက်ရင်.... မိမိ ပြုမူပြောဆိုတဲ့နည်းဟာ မှန်တယ်၊ မိမိလိုလားတဲ့ အကျိုးမဖြစ်ပေါ်လာရင် ဒါမှမဟုတ် မိမိရောက်လိုတဲ့ ပန်းတိုင်ကို မရောက်ရင် မိမိပြုမူ ပြောဆိုတဲ့နည်းဟာ မှားတယ်လို့ ယူဆတတ်ပါတယ်။

မိမိလိုလားတဲ့ အကျိုးရလဒ်၊ မိမိရောက်လိုတဲ့ ပန်းတိုင်ကိုသာကြည့်ပြီး လုပ်ဆောင်နေရင် ကောင်းတဲ့စေတနာကို လုံးဝပစ်ပယ်ရာရောက်တယ်။ စေတနာတောင်း မပါဘဲ အကျိုးရလဒ်ရရေး၊ ပန်းတိုင်ရောက်ရေးကိုသာ ပဓာနထားပြီး လုပ်ဆောင်တဲ့နည်းဖြစ်တယ်ဆိုရင် အဲဒီ လုပ်ဆောင်နည်းဟာ မသမာတဲ့နည်း၊ မတရားတဲ့နည်း၊ မကောင်းတဲ့နည်းမျိုး ဖြစ်နေ ...



စကားပြောဆိုတဲ့နည်းနဲ့ ပတ်သက်လာတဲ့အခါမှာလဲအထက်က နည်းတူဖြစ်နိုင်ပါတယ်၊ မြန်မာစာပေ နယ်ပယ်မှာ စကားကြီးဆယ်ခွန်းဆိုတာ ရှိတယ်၊ အကျဉ်းချုပ်ဖော်ပြရရင်....

၁။ ရေကူးညာတင်ပြောနည်း။ ။မြစ်တစ်ဖက်က နေပြီး တခြား လိုရာဆိပ်ကမ်းကို ကူးဖြတ်လိုရင် မြစ်ညာကတင်ပြီး ကူးမှ လိုရာဆိပ်ကမ်းကို ရောက်သလိုပဲတဲ့၊ ကိုယ်လိုချင်ရာကိုရောက်အောင် အထက်ကတင်ကူးပြီးပြောဆိုခြင်းမျိုးကို ဆိုလိုပါတယ်။

၂။ ကောက်ပင်ရိတ်လှီးပြောနည်း ။ ။စပါးရိတ်တဲ့ အခါမှာ ကောက်ပင်ကို လက်တစ်ဖက်နဲ့ ဆုပ်သိမ်းပြီးတော့တံစဉ်နဲ့ အရင်းကနေဖြတ်ရိတ်ယူသလို တစ်ဖက်လူရဲ့စကားကို သိမ်းကျုံးဖမ်းယူပြီးမှ အရင်းကဖြတ်ပြီး ပိုင်အောင်ပြောဆိုခြင်းမျိုးကို ဆိုလိုပါတယ်။

၃။ ရေစီးဖောင်ဆန်ပြောနည်း။ ။ဖောင်တစ်ခုဟာအညာကို ဆန်တဲ့အခါမှာ လိုရာဆန္ဒရှိသမျှကို တင်ပြ၍ ဖြည်းညင်းသာယာဆန်လို့ရှိရင် လိုရာ အရပ်ကိုရောက်နိုင်တယ်။ အဲဒီဥပမာလိုပဲတဲ့။ စကားအရာမှာလဲ ဥပမာ ဥပမေယျတွေနဲ့ ဖြည်းညင်း သာယာစွာ လိုရာရောက်အောင် ပြောဆိုတာမျိုးကို ဆိုလိုပါတယ်။

၄။ အိုးတန်ဆန်ခတ်ပြောနည်း။ ။အိုးနဲ့ဆန် တန်အောင် ချက်လျှင် နူးနပ်သလို သုံးဆောင်ရသလို စကားအရာမှာလဲ မယုတ်မလွန်နဲ့ လိုရင်းကို ရောက်အောင် ပြောဆိုခြင်းမျိုးဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



၅။ ဆီပွတ်ကျည်ပွေ့ပြောနည်း။ ။ဆီကိုရအောင်ပွတ်တဲ့ အခါမှာ အထပ်ထပ် အခါခါ ပွတ်ရသလို အလိုရှိတဲ့စကားကို အထပ်ထပ် ပြောခြင်းမျိုးကို ဆိုလိုပါတယ်။

၆။ ဆင်ဝှေ့ရန်ရှောင်ပြောနည်း။ ။ဆင်က ဝှေ့မယ်လို့ လိုက်တဲ့အခါ (အားကြီးလှတဲ့အတွက် ရပ်ခံနေရင် ဘေးအန္တရာယ် ရောက်နိုင်တဲ့ အတွက်) လွှတ်ရာလွှတ်ကြောင်း တိမ်းရှောင်လို့ရှိရင် ချမ်းသာသလိုပဲ၊ စကားအရာမှာလဲ မိမိအဖို့ဘေးရန်အန္တရာယ်ဖြစ်စေမယ့် စကားကို ရှောင်လွှဲပြောဆိုခြင်းမျိုးဖြစ်တယ်တဲ့။ တချို့သူတွေသိတွေ ကတော့ ဆင်ဝှေ့ ရန်ရှောင် ပြောနည်း ဆိုတာကို ဘယ်လို အဓိပ္ပာယ် ဖွင့်သလဲဆိုတော့.... ဆင်တို့ရဲ့သဘောဟာ ဝှေ့လိုပေမယ့် တကယ်လို့....ရန်များမယ့်လက္ခဏာရှိရင် ရှောင်နေတာတဲ့ သဘောရှိတယ်၊ အဲဒီလိုပါပဲ၊ စကားပြောရာမှာ တကယ်လို့ ကိုယ့်အတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်တဲ့ အပြောမျိုးဖြစ်နေမယ်ဆိုရင် မပြောဘဲ တခြားအပြစ်ကင်းတဲ့ စကားကို ပြောရတာမျိုးကို ဆိုလိုပါတယ်တဲ့။

၇။ တောင်သူ ယာခုတ် ပြောနည်း။ ။တောင်သူ တွေဟာ ယာခုတ်တဲ့ အခါမှာ ချုံငယ်တွေ၊ သစ်ပင်တွေကို ဦးစွာ ခုတ်တွင် ရှင်းလင်း ပြီးမှ သစ်ပင်ကြီးတွေကို ခုတ်လှဲတယ်။ ဒီနည်းတူ စကားအရာမှာ ဦးစွာ စကားငယ်တွေကို ပြောပြီးတဲ့နောက်မှ စကားကြီးတွေကို ဖိပြောခြင်းအားဖြင့် အနိုင်ယူတဲ့နည်းမျိုးကို ဆိုလိုပါတယ်။



၈။ ကြွက်ဆုတ်ခွပ်ပစ်ပြောနည်း။ ။ကြွက်တို့ရဲ့ သဘောဟာ ခွပ် မယ် လို့ လုပ်တဲ့အခါမှာ နောက်ကို ဆုတ်ဟန်ပြုပြီး ခွပ်သာမှ ခွပ်သလိုပဲတဲ့၊ စကားအရာမှာလဲ တင်ဖက်သားရဲ့ အလိုကို လိုက်တန်သရွေ့ လိုက်ပြီး၊ စီးသာမှ စီးပြီးပြောတဲ့ စကားပြောနည်းမျိုးကို ဆိုလိုပါတယ်။

၉။ ရေစစ်ကရားရေသွားသောသွင် ပြောနည်း။ ။ရေစစ်ကရားကို ရေမှာနှစ်ပြီး ရေပြည့်တဲ့အခါ အပေါက်ကို လက်နဲ့ပိတ်ယူရင် ရေမထွက်နိုင်သလိုဘဲ၊ တစ်ဖက်လူရဲ့ စကားကို ပိတ်မိအောင် ပြောနည်းမျိုး ဖြစ်တယ်။

၁၀။ ခက်တင်မှောင်းနှင်းပြောနည်း။ ။ဒီစကားပြောနည်းရဲ့ ဆိုလိုရင်းကတော့ တစ်ဖက်လူရဲ့စကားကို ဟုတ်တယ်လို့လဲမဆို၊ မဟုတ်ဘူးလို့လဲ မဆိုဘဲ မတင်မကျပြောတဲ့ စကားပြောနည်းမျိုး ဖြစ်တယ်လို့ ဆိုပါတယ်။

အခု ဖော်ပြခဲ့တဲ့ စကားပြောနည်းတွေကို စေတနာကောင်း မပါဘဲနဲ့သာ ပြောမယ်ဆိုရင် လှည့်ပတ်တဲ့ စကားမျိုးအဖြစ်၊ ကောက်ကျစ်စဉ်းလဲတဲ့ စကားမျိုးအဖြစ်၊ လှုလည်ကျတဲ့စကားမျိုးအဖြစ် ရောက်သွားနိုင်ပါတယ်။ မိမိအတ္တ အကျိုးအတွက်သာကြည့်ပြီး ပြောတဲ့ စကားမျိုး၊ မိမိလိုလားတဲ့ ပန်းတိုင်ရောက်ရေးကိုသာ ရှေးရှုပြောတဲ့ စကားမျိုးတွေအဖြစ် ရောက်သွားနိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုပါစို့ ရှဲ.... အလိုလောဘကြီးတဲ့၊ စေတနာကောင်း မရှိတဲ့ ဈေးသည်တစ်ဦးဟာ တစ်ဆယ်လောက်တန်တဲ့ပစ္စည်း ကို တစ်ရာ့လိုချင်တဲ့အခါမှာ ဝယ်တဲ့သူက တစ်ရာလောက်အထိ ဈေးဆစ်လာအောင် ပစ္စည်းတန်ဖိုးကို နှစ်ရာ အထိ ရေကူး ညာတင် ပြောနည်းနဲ့ ဈေးဆိုနေခြင်းမျိုး၊ တရားခွင်မှာ တရားခံဟာ ကြီးမားတဲ့ပြစ်မှုကို ကျူးလွန်သူ မဟုတ်ပေမယ့် ဒီတရားခံကို အပြစ်ကြီးလေးစေချင်၊ ဒုက္ခရောက်စေချင်၊ မိမိ ဘက်ကသာ အနိုင်ရစေချင်တဲ့ စေတနာအလိုဆိုးနဲ့ ကောက်ပင် ရိတ်လှိုင်းပြောနည်း၊ တောင်သူ ယာခုတ်ပြောနည်းတွေ သုံး ပြီး သက်ဆိုင်ရာရှေ့နေ စတဲ့သူတွေက ဖိနှိပ် ပြောဆိုခြင်းမျိုး တွေဟာ အကုသိုလ်ဖြစ်နိုင်တဲ့ စကားမျိုးတွေအဖြစ် ရောက်နိုင် ပါတယ်။

တစ်ခါတစ်ခါမှာ ဆိုခဲ့တဲ့စကားပြောနည်းတွေကို သုံးပြီး စေတနာဆိုးနဲ့ ပြောဆို ဆက်ဆံလာသူတွေရဲ့ စကားတွေဟာ ကြားရသူရဲ့နားမှာ (ချိုမြိန်လှပေမယ့် လူကိုသေစေနိုင်တဲ့အဆိပ် ထည့်ထားတဲ့ ပျားရည်ကို သောက်ရတာလို) နားဝင်ချိုလှပေ မယ့် အဲဒီကြားရသူကို ဘဝပျက်လောက်အောင် ဖန်တီးနိုင် တဲ့စကားမျိုးတွေ ဖြစ်နေတတ်ပါတယ်။ ဒီတော့ အကျိုးသက် ရောက်မှုကိုသာ ကြည့်ပြီး စေတနာကောင်းပါမှုကို လုံးဝ ပစ် ပယ်တဲ့ စကားပြောဆိုမှုဟာလဲ မသင့်လျော်တဲ့ စကားပြောဆိုမှု ဖြစ်တယ်။ အကုသိုလ်တွေဖြစ်စေတဲ့ စကားပြောဆိုမှုတွေ ဖြစ် တယ်လို့ ယူဆရပါလိမ့်မယ်။

## အပိုင်း [၃]

မေ့ကျွန်မရှိ၊ သတိလက်ယာ
ပညာလက်ဝဲ၊ ယှဉ်အမြဲနှင့်....

အနောက်တိုင်း ကိုယ်ကျင့်တရား နယ်ပယ်မှာ ကိုယ်ကျင့် တရားဆိုင်ရာ သမုတိဝါဒ (Relativism)နဲ့ ကိုယ်ကျင့်တရား ဆိုင်ရာ ပရမတ္ထဝါဒ*(Absolutism) ဆိုတာ ရှိသေးတယ်။

ကိုယ်ကျင့်တရားဆိုင်ရာ သမုတိဝါဒက လူ့အပြုအမူတွေရဲ့ အကောင်းအဆိုး အမှန်အမှားကို ပြောင်းလဲနေတဲ့ ကာလ ဒေသ အခြေအနေတွေပေါ်မှာ မူတည်ပြီး ဆုံးဖြတ်ရမယ်လို့ ယူဆတယ်။ ကိုယ်ကျင့်တရားဆိုင်ရာ ပရမတ္ထဝါဒကတော့ အမြဲ

* ဒီနေရာမှာသုံးနှုန်းတဲ့ ပရမတ္ထဝါဒဆိုတာ အနောက်တိုင်း ကိုယ်ကျင့်တရားနယ်ပယ်က အယူအဆမျှသာ ဖြစ်တယ်လို့ မှတ်စေလိုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အမူတွေရဲ့ အကောင်းအဆိုး အမှားအမှန် တန်ဖိုးတွေကို ကာလဒေသ အခြေအနေတွေပေါ်မှာ မူတည်ပြီး ဆုံးဖြတ်နေစရာ မလိုဘူး။ ကောင်းတဲ့ အပြုအမူ မှန်တဲ့ အပြုအမူ တစ်ရပ်ဟာ ကာလဒေသ အခြေအနေတွေ ဘယ်လောက် ပြောင်းပြောင်း လိုက်ပါပြောင်းလဲနေစရာ မလိုဘူး။ အစဉ်အမြဲကောင်းနေ၊ မှန်နေရမယ်။ မကောင်းတဲ့ အပြုအမူ၊ မှားတဲ့ အပြုအမူ ဟာလဲ အစဉ်အမြဲမကောင်းတဲ့၊ မှားတဲ့ အပြုအမူဖြစ်နေရမယ်။ ကာလဒေသ အခြေအနေ ပြောင်းလို့ အဲဒီ အခြေအနေနဲ့ လိုက်ပြီး ကောင်းလိုက် ဆိုးလိုက် မှားလိုက် မှန်လိုက် ဖြစ်မနေရဘူးလို့ ယူဆတယ်။

ကိုယ်ကျင့်တရားဆိုင်ရာ သမုတိဝါဒနဲ့ ကိုယ်ကျင့်တရားဆိုင်ရာ ပရမတ္ထဝါဒနှစ်ခုတို့ရဲ့ မတူပုံကို ပေါ်လွင်အောင် သာဓကတစ်ခုလောက် ယူကြည့်ရအောင်...

ဆိုပါစို့ရဲ့။ အပြစ်မဲ့စွာနဲ့ လမ်းမှာသွားနေသူ တစ်ဦးကို ဓားလွတ်ကိုင်ထားတဲ့ အရူးတစ်ယောက်က "သတ်မယ်၊ ဖြတ်မယ်" ကြိမ်းဝါးပြီး နောက်ကလိုက်တယ် ဆိုပါတော့။ အခြေအနေအရ အပြစ်မဲ့သူ ခရီးသွားဟာ အရူးရန်က လွတ်အောင် လျှင်လျှင်မြန်မြန်ပဲ ထွက်ပြေးတယ်၊ ပြေးရင်းနဲ့ လမ်းဆုံတစ်ခုကိုရောက်တယ်။ ဒီလူဟာ လက်ယာဘက် လမ်းကိုယူပြီး ဆက်လက် ပြေးသွားတယ်။

မကြာခင် အရူးဟာ လမ်းဆုံကိုရောက်လာတယ်။ အဲဒီလမ်းဆုံမှာ လူတစ်ယောက်ရှိနေတယ်။ အဲဒီလူဟာ လက်ယာလမ်း



အတိုင်းပြေးသွားတဲ့သူကိုလဲ မြင်တယ်။ လမ်းဆုံကို အခုရောက်လာသူဟာ အရူးဖြစ်တယ် ဆိုတာကိုလဲ သိဘယ် ဆိုပါတော့။ အရူးဟာ လမ်းဆုံကလူကို "စောစောက ပြေးသွားတဲ့ လူဟာ ဘယ်လမ်းကိုလိုက်ပြီး ပြေးသွားသလဲ"လို့ မေးတယ်။ ဒီအခါမှာ လမ်းဆုံကလူက "လက်ဝဲဘက်လမ်းအတိုင်း ပြေးသွားဘယ်" လို့ပြောတယ်၊ အရူးဟာလဲ လက်ဝဲဘက်လမ်းအတိုင်းပြေးလိုက်သွားတယ်။

လမ်းဆုံကလူဟာ အရူးကို တလွဲဘချော် ပြောလိုက်ခြင်းအားဖြင့် အပြစ်မဲ့သူကို ကယ်ဆယ်လိုက်တယ်။

ဒီအဖြစ်အပျက်ကိုကြည့်ရင် လမ်းဆုံကလူဟာ မြင်တာကို မြင်တဲ့အတိုင်း၊ သိတာကို သိတဲ့အတိုင်း၊ အဟုတ်ကို အဟုတ်အတိုင်း မပြောဘူး။ လက်ယာလမ်းကိုယူပြီး ပြေးသွားတာဖြစ်ပါလျက်နဲ့ လက်ဝဲလမ်းကို ယူပြီးပြေးသွားတယ်လို့ ပြောလိုက်တယ်။ ဒီလိုအဟုတ်ကိုအဟုတ်အတိုင်း မပြောခြင်းဟာ ကောင်းသလား၊ ဆိုးသလားလို့မေးရင် ကိုယ်ကျင့်တရားဆိုင်ရာ သမုတိဝါဒီတွေကတော့ ကောင်းတယ်လို့ ပြောမှာပဲ။

သမုတိဝါဒက ကာလဒေသ အစရှိတဲ့ အခြေအနေတွေဟာ အစဉ်ပဲ ပြောင်းလဲနေတဲ့ သဘောကို ဆောင်ကြတယ်။ ဒါကြောင့် အပြုအမူတွေရဲ့ ကောင်းမှု ဆိုးမှု မှန်မှု မှားမှုတွေ တန်ဖိုးတွေဟာလဲ အခြေအနေ ပြောင်းလဲရင် ပြောင်းလဲသလို လိုက်ပါပြောင်းလဲကြတယ်။ အပြောအဆို အပြုအမူတို့ရဲ့ မှန်မှု မှားမှုဟာ အဲဒီပြောင်းလဲနေတဲ့ အခြေအနေဖြစ်စဉ်မှာ မူသေ

www.burmeseclassic.com



မှန်ပြီး ရပ်တည်နေတဲ့သဘော မရှိဘူး။ ပြောင်းလဲနေတဲ့ ကာလဒေသ အစရှိတဲ့ အခြေအနေတွေအရ ပြုမူပြောဆိုတဲ့ အပြုအမူအပြောအဆိုတွေဖြစ်မှ (ရောမကိုရောက်ရင် ရောမသားလို ကျင့်သုံး ပြောဆိုမှ)သာ မှန်တယ်လို့ ယူဆတယ်။ အပြုအမူအပြောအဆိုတွေကို ကာလဒေသဆိုတဲ့ အခြေအနေတွေကို သုံးသပ်ပြီး ပြုမူ ပြောဆိုသင့်တယ်လို့ ယူဆတယ်။

ကိုယ်ကျင့်တရားဆိုင်ရာ ပရမတ္ထဝါဒ (Absolutism) ကတော့ ကိုယ်ကျင့်တရားဆိုင်ရာ ပရမတ္ထဝါဒနဲ့ ဆန့်ကျင်ဘက်ပါပဲ။ ကိုယ်ကျင့်တရားဆိုင်ရာ ပရမတ္ထဝါဒက အပြုအမူအပြောအဆို တစ်ခုရဲ့ကောင်းခြင်း၊ ဆိုးခြင်း၊ မှန်ခြင်း၊ မှားခြင်းဟာ ကာလဒေသ အခြေအနေတွေရဲ့ ပြောင်းလဲမှုနဲ့ လိုက်ပါပြီး ပြောင်းလဲခြင်းမရှိဘူး။ ကောင်းတယ်၊ မှန်တယ်လို့ သတ်မှတ်ထားတဲ့ အပြုအမူတစ်ခုဟာ ကာလဒေသတွေ ဘယ်လိုပဲပြောင်းပေမယ့် ကောင်းမြဲကောင်းနေရမယ်။ မှန်မြဲမှန်နေရမယ်။ စောစောက ခေါင်းလွတ်ကိုင်ပြီး လိုက်လာတဲ့ ဂိတ်မန့်သူ ဥပမာမှာ— ရှေ့က ပြေးတဲ့လူဟာ လက်ယာလမ်းကိုယူပြီး ပြေးသွားတာ မြင်ပါလျက်နဲ့ "လက်ဝဲလမ်းအတိုင်း ပြေးသွားတယ်"လို့ လမ်းဆုံကလူက စိတ်မန့်တဲ့သူကို လိမ်လည် ပြောဆိုလိုက်တယ်။ ဒီလို လိမ်လည်ပြောဆိုခြင်းဟာ အဟုတ်ကို အဟုတ်အတိုင်း၊ အမှန်ကို အမှန်အတိုင်း ပြောဆိုခြင်းမဟုတ်တဲ့အတွက် မကောင်းတဲ့စကားဖြစ်တယ်လို့ ပရမတ္ထဝါဒီတွေကတော့ ယူဆမှာပါပဲ။

မေ့ကျန်မရှိ၊ သတိလက်ယာ၊ ပညာလက်ဝဲ၊

အဟုတ်အတိုင်း၊ အမှန်အတိုင်း ပြောဆိုခြင်းဟာ မှန်တယ်ပဲ ထားပါ။ ဒါပေမယ့် သူတစ်ပါးကို အကြောင်းမဲ့သက်သက် အသက်ဘေးအန္တရာယ် ဖြစ်စေမယ်ဆိုရင်တော့ မှန်သောစကားကို ဆိုခြင်းဟာ ကောင်းတယ်လို့ တထစ်ချ မယူဆနိုင်သေးပါဘူး။ စေတနာကောင်း (အပြစ်မဲ့သူကို အသက်ဘေးအန္တရာယ်မှ လွတ်စေလိုတဲ့ စေတနာ)နဲ့ မြင်တဲ့အတိုင်း၊ ဟုတ်တဲ့အတိုင်း မပြောဘဲ ကာလဒေသ အခြေအနေကိုထောက်ဆပြီး တစ်မျိုးတစ်ဖုံ ပြောသင့်တာမျိုးလဲ ရှိပါလိမ့်တယ်။

ဒါပေမယ့် ကာလဒေသအခြေအနေကိုချည်း လိုက်ပြီးပြုနေ၊ ပြောနေရင်လဲ အမှန်တရားဟာ ပျောက်ကွယ်သွားနိုင်ပါတယ်။ တစ်ခါ....ကာလဒေသ အခြေအနေကို လုံးဝ ထည့်မတွက်ဘဲ ပရမတ္ထဝါဒကို အစွန်းရောက် ကိုင်စွဲပြီး တထစ်ချ တရားသေတွေ ပြုနေပြောနေရင်လဲ တစ်ဖက်လူက ခံယူနိုင်သူ မဟုတ်ရင် အကျိုးမဲ့တွေ၊ အကျိုးမရှိတာတွေ ဖြစ်ကုန်နိုင်ပြန်ပါတယ်။

ဒီနေရာမှာ....မှန်လဲမှန်တဲ့၊ အကျိုးလဲရှိတဲ့ စကားကို ကာလဒေသအစရှိတဲ့ အခြေအနေတွေကို သုံးသပ်ပြီး ပြောတတ်တဲ့ ဗုဒ္ဓရဲ့ စကားပြောဆိုပုံကို ဖော်ပြချင်ပါသေးတယ်။

အခါတစ်ပါးမှာ ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းမှာ ဂေါတမဗုဒ္ဓ ရောက်ရှိ သီတင်းသုံးနေတော်မူပါတယ်။

ရာဇဂြိုဟ်မှာ အမျိုးအနွယ်အားဖြင့် မြင့်မြတ်တဲ့ နေဒိုဂိုလို့ ခေါ်တဲ့ ပုဏ္ဏားမတစ်ဦးရှိတယ်။ ဒီပုဏ္ဏားမဟာ ဂေါတမဗုဒ္ဓကို အလွန်ကြည်ညိုရိုသေမြတ်နိုးခြင်း ရှိသူပါပဲ။ ဘယ်လောက်

www.burmeseclassic.com



အထိ ဗုဒ္ဓကို ကြည်ညိုသလဲဆိုရင် အမှတ်ရတိုင်း ဗုဒ္ဓကို မှန်းမျှော်ပြီး ရှိခိုးတယ်။ တစ်ခုခု ချော်ချော်မှုဖြစ်တဲ့အခါ....အမှတ်တမဲ့ ခြေချော်လက်ချော် ဖြစ်တဲ့အခါမှာလဲ "မြတ်စွာဘုရားကို အကျွန်ုပ် ရှိခိုးပါ၏"လို့ ဆိုလေ့ရှိတယ်။

ဒီပုဏ္ဏေးမရဲ့ လင်ယောကျ်ား ဖြစ်သူ ဘာရဒွါဇ အနွယ် ပုဏ္ဏားကြီးကတော့ ဗြာဟ္မဏဝါဒကို သက်ဝင်ယုံကြည်သူ ဖြစ်ပါတယ်။ ပုဏ္ဏားကြီးဟာ ဂေါတမ မြတ်စွာဘုရားကို အလွန်မရှိသေသူ၊ အလွန်မကြည်ညိုသူ ဖြစ်ပါတယ်။

တစ်နေ့မှာ ပုဏ္ဏားကြီးဟာ ငါးရာမျှလောက်ရှိတဲ့ ပုဏ္ဏားတွေကို ထမင်းကျွေးဖို့ စီစဉ်ပါတယ်။ ဒီပုဏ္ဏားတွေဟာ ဘာရဒွါဇပုဏ္ဏားကြီးလိုပဲ ဂေါတမမြတ်စွာဘုရားကို အလွန် မကြည်ညို မလေးစားသူတွေ၊ ဂေါတမ ဗုဒ္ဓကို အလွန် အထင်အမြင်သေးသူတွေ၊ မုန်းတီးသူတွေဖြစ်ပါတယ်။

မယားဖြစ်သူ ဓနဉ္စာနီ ပုဏ္ဏေးမက မယား ဝတ္တရားအတိုင်း "ပုဏ္ဏားတွေကိုထမင်းကျွေးမွေးဖို့ကိစ္စမှာ သူ ဘာတွေ ကူညီလုပ်ဆောင်ပေးရမလဲ" လို့ ယောကျ်ားဖြစ်သူ ဘာရဒွါဇအနွယ် ပုဏ္ဏားကြီးကိုမေးတယ်။ ဘာရဒွါဇပုဏ္ဏားကြီးက မယားဖြစ်သူကို ဝိုင်းပယ်တဲ့သဘောနဲ့ "ဘာမှ လုပ်ဆောင်ပေးစရာ မရှိကြောင်း၊ တခြားသူတွေက တာဝန်ယူ လုပ်ဆောင် ပေးကြမှာသာဖြစ်တဲ့အကြောင်း" ပြောတယ်။ ဒီလို ပြောပြီးတော့ ဘာရဒွါဇပုဏ္ဏားက ဆက်ပြီး "ဒါပေမယ့် သင့်ကို ငါတစ်ခုတောင်းဆိုချင်တာ ရှိတယ်။ ဘာလဲဆိုတော့ ပုဏ္ဏားတွေကို ထမင်းကျွေးတဲ့ရက်မှာ သင့်ရဲ့ဆရာ ရဟန်း ဂေါတမကို ရှိခိုး



တာ....နမောဗုဒ္ဓဿလို့ ရွတ်ဆိုတာကိုတော့ မလုပ်ဖို့ စောင့်ထိန်းပါ၊ ပုဏ္ဏားတွေ ထမင်းစားနေတုန်း နမောဗုဒ္ဓဿလို့ သင်ရွတ်သံကြားလိုက်ရင် ပုဏ္ဏားတွေ စိတ်ချမ်းသာမှာ မဟုတ်ဘူး။ ငါကို ပုဏ္ဏားတွေနဲ့ စိတ်ဝမ်းကွဲအောင် သင်မလုပ်ပါနဲ့၊ "ဗုဒ္ဓ" ဆိုတဲ့ အသံမထွက်အောင် သင့်ပါးစပ်ကို ပိတ်ထားပါလို့ ငါတောင်းဆိုပါတယ်" လို့ ပြောတယ်။

ဒီအခါမှာ ပုဏ္ဏေးမက မဖြစ်နိုင်ကြောင်း ငြင်းတယ်။ ဒီလို ငြင်းတော့ ပုဏ္ဏားက "အိမ်ခြေ တစ်ရာရှိတဲ့ရွာမှာ ရွာတံခါးကိုပိတ်ပြီး အဝင်အထွက်မရှိအောင် လုပ်နိုင်သေးတာပဲ။ သင့်ပါးစပ်တစ်ပေါက်ကို လက်နှစ်ဖက်နဲ့ ပိတ်ရင် ရနိုင်ပါတယ်။ ပုဏ္ဏားတွေ ထမင်းစားပြီးသည်အထိလောက်တော့ ပိတ်ထားပါ" လို့ ဆိုတယ်။

ပုဏ္ဏေးမက မပိတ်နိုင်ဘူးလို့ ငြင်းတယ်။

ပုဏ္ဏားဟာ ဒေါသတွေ ဖြစ်လာတယ်။ ဒါနဲ့ အိမ်မှာ အဆောင်ထားတဲ့ ဓားကြီးကို ဆွဲထုတ်လာပြီးတော့ "ပါးစပ်ကို ပိတ်မထားဘူးဆိုရင် ဦးခေါင်းကနေ ခြေဖျားတိုင် ဓားနဲ့ နုတ်နုတ်စင်းပြီး သတ်ပစ်မယ်"လို့ မယား ပုဏ္ဏေးမကို ကြိမ်းတယ်။ ပုဏ္ဏေးမကလဲ အလျှော့မပေးဘူး၊ သတ်ချင်သလိုသတ်၊ နမောဗုဒ္ဓဿလို့ ရွတ်ဆိုဖို့ရှိလာရင် ရွတ်မှာပဲလို့ ဆိုတယ်။

ပုဏ္ဏားဟာ မယားကို လက်လျှော့လိုက်ရတယ်။

စိတ်မချမ်းမသာနဲ့ဘဲ ပုဏ္ဏားဟာ နောက်တစ်နေ့မှာ ပုဏ္ဏားတွေကို ထမင်းကျွေးပွဲ လုပ်ရတော့တာပဲ။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကို ပုဏ္ဏားတွေ စုံစုံညီညီရောက်လို့ ထမင်းကျွေးတဲ့အခါမှာ ပုဏ္ဏေးမက မယားတို့ဝတ္တရားအတိုင်း စားဖွယ် သောက်ဖွယ်တွေကို လိုက်ချပေးတယ်။ ဒီလိုချပေးမှင်းက သူ့ယောကျ်ား ဘာရဒွါဇပုဏ္ဏားရဲ့အနားကို ရောက်တဲ့အခါမှာ အမှတ်မထင် ခြေချော်သွားတယ်။ ခြေချော်တာနဲ့ တစ်ပြိုင်နက် ပုဏ္ဏေးမရဲ့ နှုတ်က "နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ-မြတ်စွာဘုရားကို အကျွန်ုပ် ရှိခိုးပါ၏"လို့ ရွတ်ဆိုလိုက်မိတယ်။

ဘာပြောဖကောင်းမလဲ။ စားသောက်နေတဲ့ ပုဏ္ဏားတွေဟာ ဦးခေါင်းကို တင်းပုတ်နဲ့ အနှက်ခံရသလို ခံပြင်းဒေါသတွေနဲ့…. "ဘာရဒွါဇပုဏ္ဏားဟာ တို့ကိုလိမ်ညာပြီး ကျွေးတယ်၊ တို့ကို ခေါ်ကျွေးပြီး သိက္ခာချတယ်…"စသည်ဖြင့် ပြောဆိုရေရွတ်ပြီး ကျီးအုပ်ထဲခဲကျသလို ရှုတ်ရှုတ်သဲသဲနဲ့ ထပြန်သွားကြတယ်။

ဘာရဒွါဇ ပုဏ္ဏားကြီးဟာ ဘယ်နေရာ သွားနေရမှန်းမသိလောက်အောင် ဖြစ်ပြီး မယားဖြစ်သူ ဓနဉ္စာနီပုဏ္ဏေးမကို မျက်ထောင့်နီကြီးနဲ့ ကြည့်ရင်း ဆတ်ဆတ်ခါ စိတ်ဆိုးတော့တာပဲ။

"ဒီလောက်တောင် နင်ကြည်ညိုနေတဲ့ နင့်ဆရာ ရဟန်းဂေါတမကို ငါအခုပဲသွားပြီးအပြစ်တင်မယ်။ သူမဖြေနိုင်တဲ့ဝါဒတွေ၊ ပြဿနာတွေတင်ပြီး ရစရာမရှိအောင် သိက္ခာချပစ်မယ်။ အရှက်တကွဲ အကျိုးနည်းဖြစ်အောင် ငါလုပ်မယ်"လို့ ဆိုတယ်။

ဒီအခါမှာလဲ ဓနဉ္စာနီပုဏ္ဏေးမက "သင် သွားသာသွားပါ။ ဂေါတမဗုဒ္ဓကို ဝါဒတင်နိုင်တဲ့သူ မရှိပါဘူး"လို့ ဆိုတယ်။ ဒီလို



ဆိုတဲ့အခါမှာ ပုဏ္ဏားကြီးက ပိုပြီး မခံချင်ဖြစ်၊ ဆိုပြီး အမျက်ဒေါသတွေထွက်၊ ပိုပြီး စိတ်နှလုံးမသာမယာတွေဖြစ်ပြီး ဂေါတမဗုဒ္ဓရှိရာ ဝေဠုဝန်ကျောင်းကို သွားပါတယ်။

ဗုဒ္ဓထံ ရောက်တဲ့အခါမှာ ဘာရဒွါဇပုဏ္ဏားက လောကဝတ္တရားအရ နှုတ်ဆက်စကားကို ဆိုတယ်။ အမှန်ကတော့ အမျက်ဒေါသတွေကို ဖုံးကွယ်ပြီး လောကဝတ်စကားဆိုနေရတာ ဖြစ်မှာပါပဲ။

နှုတ်ဆက်စကား ပြောဆိုပြီးတဲ့အခါမှာ ဘာရဒွါဇပုဏ္ဏားကြီးက ဗုဒ္ဓကို….

"အရှင်ဂေါတမ…. ဘာကိုသတ်လို့ရှိရင် ချမ်းသာစွာနေရသလဲ။ ဘာကိုသတ်လို့ရှိရင် မစိုးရိမ်ရသလဲ။ အဘယ်အရာကို အမြစ်ပြတ် သတ်ဖြတ်ခြင်းကို အရှင်ဂေါတမ နှစ်သက်ပါသလဲ" လို့ မေးလျှောက်တယ်။

ဘာရဒွါဇပုဏ္ဏားဟာ လာကတည်းကိုက ဂေါတမကို သိက္ခာချဖို့၊ အပြစ်တင်စကားဆိုဖို့အတွက် အမျက်ဒေါသတွေနဲ့ လာခဲ့သူဆိုတော့ သူမေးတဲ့ အမေးပြဿနာဟာလဲ တမင်သက်သက်ကို အမှားဖမ်းဖို့အတွက် အကွက်ဆင်မေးတဲ့ အမေးတွေ ဖြစ်ပါတယ်။ သူ့အမေးပြဿနာအစပိုင်းက "ဘာကိုသတ်ဖြတ်ရင် ချမ်းသာစွာနေရမလဲ"ဆိုတဲ့ အမေးစကားကို နားထောင်ကြည့်ပါ။ "သတ်ဖြတ်"ဆိုတဲ့ စကားလုံးက အဓိပ္ပာယ်အမျိုးမျိုးထွက်နိုင်တဲ့စကား ဖြစ်တယ်။ သက်ရှိသတ္တဝါတွေကို သတ်တာလဲဖြစ်နိုင်တယ်။ လောဘ ဒေါသ စသည်တို့ကို သတ်တာလဲ ဖြစ်နိုင်တယ်။ ဒီတော့….

www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုသတ်ရင် ချမ်းသာစွာနေရသလဲ"ဆိုတဲ့ အမေးကို တကယ်လို့ ဗုဒ္ဓက....တစ်ဦးဦး....တစ်ယောက်ယောက်ကို သတ်ရမယ်....လို့ ဖြေလိုက်ရင်.... "အရှင်ဂေါတမ.... ဘယ်သူပါလဲ၊ အရှင်ဂေါတမက ပါဏာတိပါတာ ဝေရမဏီ.... (သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်ရမယ်)လို့ တပည့်တွေကိုဟောခဲ့တယ်။ အခုတော့ အရှင်ဂေါတမက သတ်ရမယ်လို့ ဆိုနေပြန်တယ်။ အရှင်ဂေါတမရဲ့စကား.... အရှင်ဂေါတမရဲ့ တရားက ရှေ့နောက် ဆန့်ကျင်မနေပေဘူးလား။ ရှေ့နောက် ဆန့်ကျင်တဲ့ အလွဲအမှား တရားကြီးပါလား"....ဒီလို ပြစ်တင်ပြီး သိက္ခာချလိုက်မယ်လို့ ဘာရဒွါဇပုဏ္ဏားက ကြံစည်ထားတယ်။

ပြီးတော့....တကယ်လို့များ ဗုဒ္ဓက အထက်ကအမေးကို.... "ဘာကိုမှမသတ်ရဘူး"လို့ ဖြေပြန်ရင်လဲ "အရှင်ဂေါတမ ဘယ်လို ဆိုလိုက်ပါလိမ့်။ ဒေါသတွေ၊လောဘတွေကိုတော့သတ်ရမှာပေါ့။ ဘာကိုမှမသတ်ရဘူးလို့ တရားသေ တထစ်ချ ပြောလို့ ဘယ်မှာ ဖြစ်နိုင်ပါ့မလဲ" လို့ အပြစ်တင်ရင်း သိက္ခာချပစ်မယ်လို့လဲ ဘာရဒွါဇပုဏ္ဏားက ကြံထားတယ်။

ဗုဒ္ဓဟာ ဘာရဒွါဇပုဏ္ဏားရဲ့ စိတ်ကို သိနေတော်မူပါတယ်။ အဓိပ္ပာယ်နှစ်မျိုးထွက်နိုင်တဲ့ စကားနဲ့ ဘယ်လိုပြစ်တင်စကားဆိုတော့မှာပဲ ဆိုတာကိုလဲ သိနေတယ်။ ပြီးတော့ ဘာရဒွါဇပုဏ္ဏား နောက်ဆုံး သဘောဘူနိုင်တဲ့ "သက်ရှိကို သတ်တာ မဟုတ်ဘဲ၊ လောဘ၊ ဒေါသဆိုဘာကိုတော့ သတ်ရမယ်"လို့ ဖြေလိုက်ရင် ပြန်ပြီး စကားကတ်နေစရာလဲမလို၊ ပြန်ပြီးဆင်ခြေ



မလဲနိုင်တဲ့ အဖြစ်ကို ရောက်သွားမယ်ဆိုတာကိုလဲ သိနေတော်မူပါတယ်။

ဒါကြောင့် ဗုဒ္ဓက ဘာရဒွါဇရဲ့ အမေးသုံးခုလုံးကိုဒီ လိုဖြေလိုက်ပါတယ်။

"ဘာရဒွါဇအနွယ်ပုဏ္ဏား.... အမျက်ဒေါသကို ပယ်သတ်ရင် ချမ်းသာစွာနေရတယ်။အမျက်ဒေါသကို ပယ်သတ်ရင် မစိုးရိမ်ရဘူး။ အဆိပ်နဲ့တူတဲ့ ဆင်းရဲဒုက္ခရဲ့ အခြေခံအကြောင်းရင်း ဖြစ်တဲ့ သူတစ်ပါးကို လက်စားချေရမှ ကျေနပ် နှစ်သိမ့်ခြင်း အဆုံးရှိတဲ့ အမျက်ဒေါသကို အမြစ်ပြတ် သုတ်သင် ပယ်သတ်ခြင်းကို သူတော် သူမြတ်တွေဟာ နှစ်သက်လိုလား ချီးမွမ်းကြတယ်။"

ဗုဒ္ဓရဲ့ အဖြေစကားကိုကြည့်ရင် ဘာရဒွါဇအနေနဲ့ ဘယ်လိုမှ ဆင်ခြေလဲပြီး အပြစ်တင်လို့မရတော့တဲ့ အဖြေ ဖြစ်သွားပါတယ်။ သတ္တဝါတစ်ဦးဦးကို သတ်ရမှာမဟုတ်ဘဲ ဒေါသအစရှိတာတွေကိုသတ်ရမယ်လို့ ဖြေတဲ့ အဖြေစကားဖြစ်တဲ့ အတွက် စောစောက အကွက်ဆင်ပြီး "အရှင်ဂေါတမက သူတစ်ပါး အသက်မသတ်ရဘူးလဲ ပြောသေးရဲ့၊ အခုတော့ ဟောဒီ...ဟောဒီပုဂ္ဂိုလ် သတ္တဝါကို သတ်ရမယ်လို့ ဘာကြောင့်ပြောရတာလဲ" စသည်ဖြင့် အပြစ်တင်လိုက်မယ်။ အမှားဖမ်းလိုက်မယ်လို့ သူကြံစည်ထားတာဟာ တစ်ခါတည်း ပျက်ပြယ်သွားတယ်။ ပျက်ပြယ်ပြီး သူဆင်ခြေလဲစရာမလိုတဲ့.... သူ့စိတ်ထဲမှာလဲ နောက်ဆုံး လိုချင်နေတဲ့အဖြေကို ဗုဒ္ဓက ဖြေဆိုလိုက်ရာ ရောက်သွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဓိပ်နဲ့တူတဲ့ ဆင်းရဲ ဒုက္ခရဲ့ အခြေခံအကြောင်းရင်းဖြစ်တဲ့ သူတစ်ပါးကို လက်စားချေရမှ ကျေနပ်နှစ်သိမ့်ခြင်း အဆုံးရှိတဲ့ အမျက် ဒေါသကို အမြစ်ပြတ် သုတ်သင် ပယ်သတ်ခြင်းကို သူတော်သူမြတ်တို့လိုလား ချီးမွမ်းကြတယ်။



ဒါကြောင့် ဘာရဒွါဇပုဏ္ဏားကြီးဟာ သိပ်ကို နှစ်သက်သဘောကျသွားပါတယ်။ ဒီလိုနှစ်သက် သဘောကျတဲ့အတွက် ဗုဒ္ဓနှင့်တကွ ဗုဒ္ဓရဲ့ တရားတော် သံဃာတော်တို့ကို ကိုးကွယ်ဆည်းကပ် ယုံကြည်တဲ့သူအဖြစ် မှတ်ယူတော် မူပါလို့ ဗုဒ္ဓကိုလျှောက်တယ်၊ အဲဒီနောက် ဗုဒ္ဓရဲ့သာသနာမှာ သာမဏေအဖြစ်၊ ရဟန်းအဖြစ် ရလိုပါတယ်လို့လဲ လျှောက်တယ်။

ဘာရဒွါဇအနွယ် ပုဏ္ဏားဟာ ဗုဒ္ဓသာသနာမှာ ရဟန်းအဖြစ်ကို ရပါတယ်။ ဒီလိုရဟန်းအဖြစ်ကိုရလို့ ရဟန်းတရားကိုအားထုတ်တဲ့အတွက် မကြာမြင့်မီ ရဟန္တာပုဂ္ဂိုလ်အဖြစ်ကိုရောက်သွားခဲ့တယ်လို့ ဆိုပါတယ်။

ဒေါသတွေနဲ့ အပြစ်တင်ဖို့အဘူက်ို့ စေတနာဆိုးနဲ့ အကွက်ဆင်ပြီး ပြဿနာတင်လာသူ ဘာရဒွါဇအနွယ် ပုဏ္ဏားဟာ အဖြေတတ်တော်မူတဲ့ ဗုဒ္ဓကြောင့် အပြောင်းလဲကြီး ပြောင်းလဲသွားတာပါပဲ။ မှန်ကန်တဲ့ အသိအမြင်ကိုရပြီး မွန်မြတ်ထဲ့ဘဝကို ရောက်ရှိသွားတာပါပဲ။

"ဘာရဒွါဇအနွယ်ပုဏ္ဏား ဗုဒ္ဓသာသနာမှာ ရဟန်းပြုသွားသတဲ့" ဆိုတဲ့ သတင်းကို ကြားရတဲ့အခါမှာ ဝမ်းသာသူတွေရှိသလို ဝမ်းမသာနိုင်သူတွေလဲရှိပါတယ်။ ဝမ်းမသာနိုင်သူတွေထဲမှာ ဘာရဒွါဇပုဏ္ဏားရဲ့ ညီဖြစ်တဲ့ အက္ကောသကဘာရဒွါဇဟာ အဆိုးဆုံးပါ။ မိမိတို့ရဲ့အမျိုးအနွယ်ကို ဂေါတမဗုဒ္ဓဟာဖျက်ဆီးတယ်။ မိမိတို့ရဲ့ အသိုက် အဝန်း အသင်း အပင်းကိုဂေါတမဟာ ဖျက်ဆီးတယ်။ မိမိတို့အမျိုးအနွယ်ရဲ့ ဂုဏ်သိက္ခာကို စော်ကားတယ်ဆိုတဲ့ အတွေးတွေနဲ့ အက္ကောသကဘာရဒွါဇ

www.burmeseclassic.com



ပုဏ္ဏားဟာ ဂေါတမဗုဒ္ဓကို အကြီးအကျယ် စိတ်ဆိုး ဒေါသဖြစ်တယ်၊ မုန်းတီးစိတ်ဆိုးမှုတွေ ဖြစ်တယ်။

ဒီလို မုန်းတီးစိတ်ဆိုးမှုတွေနဲ့ အမျက် တထောင်းထောင်းထပြီး အက္ကောသကဘာရဒွါဇဟာ ဂေါတမဗုဒ္ဓရှိရာ ဝေဠုဝန်ကျောင်းကို သွားပါတယ်။ ရောက်သို့ ဂေါတမဗုဒ္ဓနဲ့လဲတွေ့ရော မကြားဝံ့ မနာသာစကားလုံးတွေနဲ့ ဆဲဆို တိုင်းထွာတော့တာပါပဲ၊ အက္ကောသကဘာရဒွါဇက ဗုဒ္ဓကို....

၁။ လူဆိုးကြီးဖြစ်တယ်၊
၂။ မသိမလိမ္မာသူကြီးဖြစ်တယ်၊
၃။ တွေဝေမိုက်မဲသူကြီးဖြစ်တယ်၊
၄။ ခိုးကြောင်ခိုးဝှက် ပြုလုပ်ဟက်သူကြီးဖြစ်တယ်၊
၅။ ကုလားအုတ်ကြီးဖြစ်တယ်၊
၆။ သိုးကြီးဖြစ်တယ်၊
၇။ နွားကြီးဖြစ်တယ်၊
၈။ မြည်းကြီးဖြစ်တယ်၊
၉။ တိရစ္ဆာန်ကြီးဖြစ်တယ်၊
၁၀။ ငရဲသို့လားမည့်သူကြီးဖြစ်တယ်၊

အဲဒီ ကြမ်းတမ်းတဲ့ စကားဆယ်မျိုးနဲ့ ဆဲရေးတော့တာပဲတဲ့။

မကြားဝံ့ မနာသာ အင်မတန်ရိုင်းစိုင်းတဲ့ စကားတွေနဲ့ အဆဲခံရရင် အများအားဖြင့်တော့ ပြန်ပြီးဆဲဆိုရေရွတ် မိမှာပါပဲ။ တစ်ခုခုတော့ ပြန်လှန် ပြောဆိုမိမှာပါပဲ။ ဒါပေမယ့်



ဗုဒ္ဓကတော့ ဘာမှခွန်းတုံ့မပြန်ပါဘူး။ ဒေါသတွေနဲ့ သူဆဲဆိုနေချိန်မှာ ခွန်းတုံ့ပြန်ခြင်းဟာ အချည်းနှီးပဲဆိုတာ သိမြင်တဲ့အတွက် ဆိတ်ငြိမ်စွာနဲ့ နေနေပါတယ်။

အက္ကောသကဘာရဒွါဇအနေနဲ့ ပုဏ္ဏားဟာ ဆဲရေးရုံမျှမကပါဘူး၊ ဘယ်ပုဂ္ဂိုလ်ကြီးနဲ့ တိုင်တန်းမယ်၊ ဘယ်ဘုရင်မင်းမြတ်ဆီသွားပြီး တိုင်မယ်၊ ဘယ်လိုဖြစ်သွားစေရမယ်၊ ဘယ်လိုလုပ်ပစ်လိုက်မယ်နဲ့ ချုပ်ချယ်စကားတွေ၊ ခြိမ်းခြောက် စကားတွေကိုလဲ ဒေါသတထောင်းထောင်းနဲ့ ပြောပြန်တယ်။

ဂေါတမဗုဒ္ဓကလဲ ဘာမျှခွန်းတုံ့မပြန်ဘဲ ဆိတ်ငြိမ်စွာနဲ့ပဲ နေတော်မူပါတယ်။

အက္ကောသကပုဏ္ဏား ဆဲဆိုခြိမ်းခြောက်လို့ မောလောက်တဲ့ အချိန်ရောက်တော့မှ ဗုဒ္ဓက....

"ဘာရဒွါဇပုဏ္ဏား.... ငါတစ်ခုမေးမယ်၊ ဧည့်သည်ဖြစ်တဲ့ အဆွေခင်ပွန်း၊ ဆွေမျိုးသားချင်းတွေ သင့်ထံလာကြသလား" လို့မေးတယ်။

"တစ်ခါတစ်ရံ လာကြပါတယ်"လို့ အက္ကောသကဘာရဒွါဇက ဖြေတယ်။ သူဖြေပုံက မဖြေချင်ဖြေချင် ဖြေတာပါပဲ။

ဗုဒ္ဓက ဆက်ပြီးမေးတယ်။

"သင့်ထံ ရောက်လာတဲ့ ဧည့်သည်ဖြစ်တဲ့ အဆွေခင်ပွန်း ဆွေမျိုးသားချင်းတွေကို သင်က စားဖွယ်၊ သောက်ဖွယ်၊ ခဲဖွယ် လျက်ဖွယ်တွေ၊ အမှတ်တရ လက်ဆောင် ပစ္စည်းတွေကို ပေးတယ်မဟုတ်လား"

"တစ်ခါတစ်ခါ ပေးပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"သင်က အဲဒီလိုပေးတဲ့အခါမှာ ဧည့်သည်မိတ်ဆွေတွေ၊ ဆွေမျိုးသားချင်းတွေက မခံယူ၊ မသုံးဆောင်၊ မစားသောက်ဘူးဆိုပါတော့၊ သူတို့က မခံယူ၊ မသုံးဆောင်၊ မစားသောက်ဘူးဆိုရင် သင်ပေးတဲ့အရာတွေဟာ ဘယ်သူ့ဆီရောက်မှာလဲ၊ ဘယ်သူ့ဥစ္စာတွေပဲ ဖြစ်နေမှာလဲ"

"သူတို့က မခံယူ မသုံးဆောင်ဘူးဆိုရင်တော့ ဒါတွေဟာ အကျွန်ုပ်ဆီပဲ ရောက်မှာပါ၊ အကျွန်ုပ် ဥစ္စာတွေပဲ ဖြစ်နေမှာပါ အရှင်ဂေါတမ"

"ဘာရဒွါဇပုဏ္ဏား.... ဒီနည်းတူပါပဲ၊ တစ်ခွန်းမှ မဆဲဆိုတဲ့ ငါ့ကို သင်က အမျက်ထွက်ပြီး ဆဲဆိုနေတယ်၊ ချုပ်ချယ်စကားတစ်ခွန်းမှ မဆိုတဲ့ငါ့ကို သင်က ချုပ်ချယ်စကား တွေ ဆိုတယ်။ တစ်ခွန်းမှ ခြိမ်းခြောက်စကား မဆိုတဲ့ငါ့ကို သင်က (ဘယ်မင်းနဲ့တိုင်လိုက်မယ်၊ ဘယ်ပုဂ္ဂိုလ်ကြီးနဲ့ တိုင်မယ် စသည်ဖြင့်) ခြိမ်းခြောက်စကားတွေ ဆိုတယ်။ သင် ဆဲဆို သမျှ သင် ချုပ် ချယ် သမျှ၊ သင် ခြိမ်း ခြောက် သမျှ တွေကို ငါ မခံယူဘူး၊ မသုံးဆောင်ဘူး။ ငါက မခံယူ မသုံးဆောင်တဲ့အတွက် သင်ဆဲဆို ခြိမ်းခြောက်သမျှတွေ သင့်ဆီပဲရောက်တဲ့ အရာတွေ ဖြစ်တယ်၊ သင့်ဥစ္စာတွေပဲ ဖြစ်တယ်။ ဘာရဒွါဇပုဏ္ဏား....ဆဲသူကို ပြန်ဆဲတဲ့သူ၊ ချုပ်ချယ်စကား ပြောသူကို ပြန်ပြီး ချုပ်ချယ်တဲ့စကားပြောသူ၊ ခြိမ်းခြောက်သူကို ပြန်ပြီး ခြိမ်းခြောက်သူ၊ ငြင်းခုံလာသူကို ပြန်ငြင်းခုံသူ၊ ရန်ပြုလာသူကို ပြန်ပြီး ရန်ပြုသူမျိုးကို အတူတကွ ခံယူသုံးဆောင်သူ၊ အတူတကွ လက်ဆုံစားသူ၊ အတုံ့အလှယ်ခွံ့ကျွေးသူ၊ အပြန်အလှန်လက်



ဆောင်ပေးသူလို့ ဆိုရမယ်။ သူဆဲလို့ ကိုယ်က ပြန်ဆဲတာဟာ အဆဲလက်ဆုံစားခြင်းပါပဲ။ ချုပ်ချယ်စကားဆိုလာလို့ ကိုယ်က ပြန်ပြီး ချုပ်ချယ်စကားဆိုတာ၊ ခြိမ်းခြောက်သူကို ပြန်ခြိမ်းခြောက်တာဟာ အပြန်အလှန်အချုပ်အချယ် အခြိမ်းအခြောက် လက်ဆောင်တွေ ပေးတာပဲ။ သူက ငြင်းခုံလို့ ကိုယ်က ပြန်ပြီး ငြင်းခုံတာဟာ အငြင်းလက်ဆုံစားတာပဲ။ အတုံ့အလှယ် ခွံ့ကျွေးတာပဲ။ သူကရန်ပြုလို့ ကိုယ်က ပြန်ရန်ပြုတာဟာလဲ အပြန်အလှန် ခိုက်ရန်လက်ဆောင် ဖလှယ်တာပါပဲ။ ငါကတော့... သင်ပေးလာတဲ့ အဆဲတွေ ချုပ်ချယ်ခြိမ်းခြောက်မှုတွေကိုလက်ခံမှုလဲ မပြုပါဘူး၊ သုံးဆောင်စားသောက်မှုလဲ မပြုပါဘူး။ သင်နဲ့ ငါအဆဲလက်ဆုံလဲ့ မစားဘူး၊ အချုပ်အချယ် အခြိမ်းအခြောက် လက်ဆောင်တွေ အပြန်အလှန် ပေးခြင်းကိုလဲ ငါမပြုပါဘူး၊ ဒီတော့....သင်ပေးလာတဲ့ ဆဲဆိုမှုတွေ၊ ချုပ်ချယ်မှုတွေ၊ ခြိမ်းခြောက်မှုတွေဟာ သင့်ဆီပဲ ရောက်မှာပဲ၊ သင့်ဥစ္စာတွေပဲ ဖြစ်နေမှာပါပဲ"

ဗုဒ္ဓရဲ့စကားကြောင့် အက္ကောသကဘာရဒွါဇဟာ ဒေါသတွေရဲ့ အပြစ်တွေကို မြင်လာတယ်။ သူ့အမှားတွေကိုလဲ သိမြင်လာတယ်၊ သူဆဲဆိုခြိမ်းခြောက်နေချိန်မှာ ဗုဒ္ဓက ဘာမှ ခွန်းတုံ့မပြန်ဘဲ ဆိတ်ဆိတ်နေတော်မူခဲ့တယ်။ တကယ်တော့ "အမျက်ထွက်သူကို ပြန်ပြီး အမျက်မထွက်ဘဲ နေနိုင်သူကသာ အောင်နိုင်သူ ဖြစ်ပါကလား" လို့ အက္ကောသကဘာရဒွါဇဟာ သဘောပေါက်လာတယ်၊ "ဆဲသူကိုပြန်ဆဲ၊ ချုပ်ချယ်သူကို ပြန်ချုပ်ချယ်၊ ခြိမ်းခြောက်သူကိုပြန်ခြိမ်းခြောက်နေသမျှ ဆဲဆိုချုပ်

www.burmeseclassic.com



ချယ် ခြိမ်းခြောက်သူရော တုံ့ပြန်သူပါ နှစ်ဦးနှစ်ဖက် အမျက်ဒေါသ ငြိမ်းနိုင်တော့မှာမဟုတ်ဘူး။ တစ်ဖက်သူ ဆဲဆို ခြိမ်းခြောက်နေတာကို မတုံ့ပြန်ဘဲဆိတ်ဆိတ်နေခြင်းကသာ အမျက်ငြိမ်းစေနိုင်ကြောင်း ဖြစ်တယ်။ မိမိ သူတစ်ပါး နှစ်ဦးသားရဲ့ အကျိုးကို ကျင့်ဆောင်ရာလဲရောက်တယ်။ ဒါကို သိတဲ့အတွက် ဗုဒ္ဓဟာ ဆိတ်ဆိတ်နေခဲ့ခြင်း ဖြစ်ပါကလား''လို့လဲ သဘောပေါက်သွားတယ်။ ''မိမိကိုပြန်ပြီး ဒေါသမဖြစ်သူ၊ မိမိကိုပြန်ပြီး မဆဲဆို မချုပ်ချယ် မခြိမ်းခြောက်သူကို မိမိက ဒေါသတွေဖြင့် ဆဲဆို ခြိမ်းခြောက်ပြီး ချုပ်ချယ်စကားတွေ ဆိုနေတာဟာ တကယ်တော့ မိမိအပြစ်ချည်းပါကလား။ မိမိက ဒီလို ဆဲဆို ခြိမ်းခြောက်နေတာတွေဟာ မိမိကိုပဲပြန်ပြီး မကောင်းကျိုးတွေ ပေးနိုင်တဲ့ လုပ်ရပ်တွေ ဖြစ်ခဲ့ပါကလား'' လို့လဲ သဘောပေါက်သွားတာ ဖြစ်ပါလိမ့်မယ်။ ဒီလို သဘောပေါက်သိမြင်သွားခြင်းနဲ့အတူ အက္ကောသကဘာရဒွါဇစိတ်မှာ စွဲဝင်နေတဲ့ ရန်ငြိုးဒေါသတွေဟာ ပြယ်လွင့်သွားပါတယ်။ စိတ်ထားတွေဟာ အပြောင်းအလဲကြီး ပြောင်းလဲသွားပြီး သူ့အစ်ကို ဘာရဒွါဇပုဏ္ဏားကြီးလိုပဲ ဗုဒ္ဓရဲ့သာသနာမှာ ရဟန်းအဖြစ်ရောက်ရှိသွားတယ်။ ရဟန်းတရားကို အားထုတ်ပြီး မကြာမြင့်မီမှာပဲ ရဟန္တာအဖြစ်ကို ရောက်ရှိသွားခဲ့ပါတယ်။

ဒီအဖြစ်အပျက်ကိုကြည့်ရင် ဗုဒ္ဓဟာ ဘယ်အချိန်ကတော့ မပြောသင့်ဘူး၊ ဘယ်အချိန်ကတော့ ပြောသင့်တယ် ဆိုတာကို မှန်ကန်စွာ သိပြီး ပြောခဲ့တာကို တွေ့ရမယ်။ ပြောလို့ရနိုင်တဲ့ ပုဂ္ဂိုလ်မျိုး ဟုတ်မဟုတ်ဆိုတာကိုလဲ ခွဲခြားသိတယ်။ စေတနာ



ကောင်းလဲပါတယ်။ ပြောပုံ ပြောနည်းကလဲ ကောင်းတယ်။ ပြီးတော့....တစ်ဖက်သူ ရဟန်းပြုချင်သည် အထိ စိတ်သားတွေ ပြောင်းသွားနိုင်တဲ့စကားဖြစ်တဲ့အတွက် အကျိုးသက်ရောက်မှုကလဲ ကောင်းမွန်လှပါတယ်။

ဗုဒ္ဓဟာ စကားပြောဆိုတဲ့ နေရာမှာ....

၁။ မဟုတ်မမှန်ဘူး၊ အကျိုးစီးပွားနဲ့လဲ စပ်ယှဉ်မှုမရှိဘူး၊ သူတစ်ပါးနှစ်သက်မှု၊ နှစ်ခြိုက်မှုလဲ မရှိဘူး ဆိုတဲ့ စကားမျိုးကို မပြောဘူး။

၂။ ဟုတ်မှန်မှုတော့ရှိတယ်၊ ဒါပေမယ့် အကျိုးစီးပွားနဲ့ မစပ်ယှဉ်ဘူး၊ သူတစ်ပါး နှစ်သက်မှု၊ နှစ်ခြိုက်မှုလဲ မရှိဘူးဆိုတဲ့ စကားမျိုးကိုလဲ မပြောဘူး။

၃။ မဟုတ်မမှန်ဘူး၊ အကျိုးစီးပွားနဲ့လဲ မစပ်ယှဉ်ဘူး၊ ဒါပေမယ့် သူတစ်ပါးနှစ်သက်မှု၊ နှစ်ခြိုက်မှုတော့ ရှိတယ် ဆိုတဲ့ စကားမျိုးကိုလဲမပြောဘူး။

၄။ ဟုတ်မှန်မှုရှိတယ်၊ သူတစ်ပါးနှစ်သက်မှု နှစ်ခြိုက်မှုလဲရှိတယ်၊ ဒါပေမယ့် အကျိုးစီးပွားနဲ့ မစပ်ယှဉ်ဘူးဆိုတဲ့ စကားမျိုးကိုလဲ မပြောဘူး။

၅။ ဟုတ်မှန်မှုရှိတယ်၊ အကျိုးစီးပွားနဲ့လဲစပ်ယှဉ်တယ်။ ဒါပေမယ့် သူတစ်ပါးနှစ်သက်မှု၊ နှစ်ခြိုက်မှုတော့ မရှိဘူးဆိုတဲ့ စကားမျိုးကို အခြေအနေအခါ အားလျော်စွာ ပြောတယ်။ ပြီးတော့....

၆။ ဟုတ်မှန်မှုရှိတယ်။ အကျိုးစီးပွားနဲ့လဲစပ်ယှဉ်တယ်၊ သူတစ်ပါးနှစ်သက်မှု၊ နှစ်ခြိုက်မှုလဲ ရှိတယ်ဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



စကားမျိုးကို အခြေအနေကြည့်ပြီး အခါအား လျော်စွာ ပြောပါတယ်။

ဗုဒ္ဓဟာ ဆိုခဲ့တဲ့ စကား (၆) ခွန်းအနက် (၂) ခွန်းကိုသာ ပြောတယ်ဆိုတာကို တွေ့ရမယ်။ (၂) ခွန်းကို ပြောရာမှာလဲ အခြေအနေကို သုံးသပ်ရှုမြင်ပြီး ပြောတယ်ဆိုတာကို တွေ့ရမယ်။

ဗုဒ္ဓကတော့ အခြေအနေ ဟူသမျှကို သိတဲ့သူ၊ တစ်ဖက်သား ရဲ့ စိတ်အခြေအနေ ဟူသမျှကိုလဲ သိတဲ့ အသိပညာ အလုံးစုံ ပြည့်စုံသူဖြစ်လေတော့ မှန်သောစကားကို ဆိုရာမှာ အချွတ် အချော် အတိမ်းအပါး မရှိနိုင်ပါဘူး။ ကျွန်တော်တို့ သာမန်လူ တွေကတော့ စကားဆိုရာမှာ အချွတ်အချော်အတိမ်းအပါးတွေ ရှိနေမှာပါပဲ။ သတိပညာ ချွတ်ယွင်းမှုကြောင့် သတိလွတ်ပညာ မဲ့ ဖြစ်ပြီး ဆိုမိမှား၊ ပြောမိမှားပြီး ပြဿနာတွေလဲ တက်လာဦး မှာပါပဲ။ ဒါပေမယ့်....

ပြုမူ ပြောဆိုတဲ့နေရာမှာ....စေတနာကောင်း မပါရင်လဲ မလုံလောက်သေးဘူး၊ စေတနာကောင်းမပါဘဲ အကျိုး ရလဒ်ချည်း အဓိကထားဖို့လဲမသင့်ဘူး၊ ကိုယ့်အတွက်ကျိုး ရှိရေး၊ ကိုယ်လိုလားတဲ့ ပန်းတိုင် ရောက်ရေးကိုသာ မျှော်ကြည့်ပြီး ကြုံရာနည်းလမ်း၊ မသမာတဲ့နည်းလမ်း တွေကို အသုံးပြုတာမျိုးလဲ မဖြစ်သင့်ဘူး။ (ဆိုလို တာက အနောက်တိုင်း ကိုယ်ကျင့်တရား နယ်ပယ်မှာ တွေ့ရတဲ့ စေတနာပဓာနဝါဒနဲ့ အကျိုးသက်ရောက်မှု ပဓာနဝါဒကို မျှမျှတတမရှုမြင်ဘဲ အစွန်းရောက်အောင် မကျင့်သုံးသင့်ဘူး)။ ပြီးတော့....အနောက်တိုင်း ကိုယ်



ကျင့်တရား နယ်ပယ်က သမုတိဝါဒကို အစွန်းရောက် အောင် ကိုင်စွဲရင်း ကာလဒေသ အခြေအနေနဲ့သာအမြဲ တိုင်းတာပြီး ပြုတာ ပြောတာမျိုးလဲ မဖြစ်သင့်သေး ဘူး၊ အဲဒီ အနောက်တိုင်း ကိုယ်ကျင့်တရား နယ်ပယ်မှာ တွေ့ရတဲ့ ပရမတ္ထဝါဒမျိုးကို တရားသေ တထစ်ချ အစွန်းရောက်ကိုင်စွဲပြီး (ကာလဒေသ အခြေအနေကို လုံးဝမကြည့်ဘဲ တစ်ဖက်ကပုဂ္ဂိုလ်ဟာ ခံယူနိုင်လောက် တဲ့ ပုဂ္ဂိုလ် ဟုတ်မဟုတ် ဆိုတာကိုလဲ မချင့်ချိန်ဘဲနဲ့) ပြုတာ ပြောတာမျိုးလဲ မဖြစ်သင့်သေးဘူး။ (ဆိုလိုတာ က သမုတိသဘောနဲ့ ပရမတ္ထသဘောကို မျှမျှတတ မရှု မြင်ဘဲ မပြုသင့် မပြောသင့်ဘူး။) ပြီးတော့....တစ်ဖက် လူရဲ့စကားဟာ ကောက်ကျစ်စဉ်းလဲတဲ့အကြံနဲ့ ပြောဆို လာတဲ့ စကားလေလား၊ မကောင်းစိတ်နဲ့ တမင် အကွက်ဆင်ပြီး ပြောဆိုလာတာမျိုးလား....ဆိုတာကိုလဲ မချင့်ချိန် မစူးစမ်းဘဲ ခွန်းတုံ့ပြန်တာမျိုးလဲ မဖြစ်သင့် ဘူး....စတဲ့ မသင့်တာတွေကို မပြောမိဖို့ မိမိကိုယ် မိမိ သတိပညာနဲ့ အတတ်နိုင်ဆုံး စောင့်ရှောက်ရမှာပါပဲ၊ ဒီလို စောင့်ရှောက်ပြီး ပြောသင့်တာကို ပြောမိဖို့လဲ ကြိုးစားရမှာပါပဲ။

စကားအကြောင်း ပြောဖို့ဟာ အင်မတန် ကျယ်ပြန့်လှပါ တယ်။ ဒါပေမယ့် ဒီမှာ နိဂုံးချုပ်ဖို့ရန် အချိန်တန်လောက်ပြီ ဖြစ်တဲ့အတွက် အချုပ်ကို ပြောလိုတာကတော့ မိမိမှာ

www.burmeseclassic.com

www.burmeseclassic.com



မိမိကိုယ်ကို စောင့်ရှောက်ခြင်းသည် မိမိရော သူတစ်ပါးပါ အကျိုးများ စေနိုင်ပါတယ်။



အကုသိုလ်တွေ မဖြစ်ရအောင်၊ အကျိုးမဲ့တွေ၊ ထိခိုက်နစ်နာ ဆုံးရှုံးမှုတွေ မဖြစ်ရအောင်၊ မလိုလားအပ်တဲ့ ပြဿနာတွေ ကိုယ့်မှာ တက်မလာအောင် သတိပညာနဲ့ မိမိကိုယ်မိမိ စောင့်ရှောက်ပြီး ဆိုသင့်တဲ့ မှန်သောစကားကို ပြောဆို ဆက်ဆံလို့ ရှိရင် မိမိရော သူတစ်ပါးပါ အကျိုးများစေနိုင်ပါတယ်ဆိုတဲ့ အချက်ကိုပါပဲ။ မိမိကိုယ်မိမိ စောင့်ရှောက်ပြီး ပြောသင့်တာ ကို ပြောဆိုခြင်းအားဖြင့် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖက်နဲ့တစ်ဖက် နားလည်လွဲမှုတွေ.... နားလည်လွဲရာမှ ရန်ငြိုး ဒေါသတွေနဲ့ ခိုက်ရန် ဖြစ်ပွားရခြင်းတွေမှ လွတ်ကင်းနိုင် တန်ရာပါတယ်။ သတိပညာ အစောင့်အရှောက်နဲ့ ပြောဆိုတဲ့ စကားဖြစ်တဲ့ အတွက် မိမိရော သူတစ်ပါးပါ မှန်မြတ်တဲ့ ဘဝအသိ၊ မှန်မြတ် တဲ့ ဘဝ ငြိမ်းချမ်းရေးတွေကိုလဲ ရနိုင်တန်ရာပါတယ်။ ဒီတော့ စကားဆိုဖို့ကြိုးတိုင်း ရှေ့မှာ ပြောပြခဲ့တဲ့ ကျမ်းဘားပညာရှင် ဆရာဖြစ်သူရဲ့ "မိမိကိုယ်ကို စောင့်ရှောက်ခြင်းသည် မိမိရော သူတစ်ပါးပါ အကျိုးများစေနိုင်ပါတယ်"ဆိုတဲ့ စကားနဲ့ ဆရာ တပည့် နှစ်ဦးတို့ရဲ့ အောင်မြင်တဲ့ စွမ်းဆောင်ချက်ကို မြင်ယောင် ကြားယောင်နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

"မေ့ကျန်မရှိ၊သတိလက်ယာ၊ ပညာလက်ဝဲ၊ ယှဉ်အမြဲနှင့်" ဆိုတဲ့ စကားအတိုင်း မိမိကိုယ်မိမိ သတိပညာနှင့် စောင့်ရှောက် ပြီး ဆိုသင့်တဲ့ မှန်သောစကားကို ပြောဆိုခြင်းအားဖြင့် ကုသိုလ် ကောင်းကျိုးတွေ ရရှိခြင်းနှင့်အတူ မလိုလားအပ်တဲ့လူမှုပြဿနာ

www.burmeseclassic.com

www.burmeseclassic.com



တွေမှ ကင်းလွတ်ပြီး ဘဝခရီးကို ပြေပြေလွင်လွင် အောင်အောင်မြင်မြင် လျှောက်လှမ်းနိုင်သူတွေ ဖြစ်လိမ့်မယ်လို့ မျှော်လင့်ရင်းနဲ့....နိဂုံးချုပ်ပါရစေ။

> "သတိလွတ်ကုန်သော ပညာရှိယောင် ဆောင်ကုန်သော စကားသာ ကျက်စားရာရှိသူတို့သည် အ ရှိ သမျှခံတွင်းဟ၍ ပြောဆိုဘတ်ကုန်၏။ အရှက်မရှိခြင်း၊ မိမိကိုယ်ကို ပညာရှိဟုထင်မှတ်မှုကို ဆောင်ကြောင်းဖြစ်သော သတိကင်းလွတ်မှု စသည်တို့ကိုမူ ထိုသူတို့ မသိကြလေကုန်။"
>
> ဥဒါန်း—သံဝေဂယမာနသုတ်၊ ဥဒါန်း

# အပိုင်း [၄]

## စကားနှင့်ပတ်သတ်သော မှတ်ချက်များ

(က) အိန္ဒိယမှာ ရှေးအခါက နက္ခတ်သဘင်တွေ၊သက်ဆိုင်ရာ မင်္ဂလာ အခမ်းအနားတွေမှာ ခရုသင်း မှုတ်ပေးခြင်းဖြင့် အသက်မွေးတဲ့ သားအဖနှစ်ယောက် ရှိတယ်။ တစ်နေ့မှာ နက္ခတ်ပွဲသဘင် တစ်ခုကို သွားရောက်ပြီး ခရုသင်းမှုတ်ပေးတဲ့ အတွက် သားအဖနှစ်ယောက်မှာ ငွေစတော်တော်များများရ တယ်။ ဒီငွေတွေနဲ့ သားအဖ နှစ်ယောက်ဟာ အိမ်ကို ပြန်လာကြတယ်။

သူတို့အပြန်လမ်းမှာ သူခိုးဓားပြတွေရှိတယ်လို့ ကြားသိရတဲ့ တောတစ်ခုကို ဖြတ်ကြရတယ်။ ငွေစတော်တော်များများ ပါလာခဲ့တယ်ဆိုတော့ သူခိုး ဓားပြတွေရဲ့ ရန်ကို သူတို့ စိုးရိမ်

www.burmeseclassic.com

www.burmeseclassic.com



ကြောက်လန့်လာပါတယ်။ ဒီအခါမှာ ဖခင်ဖြစ်သူက အကြံရပြီး ခရုသင်းကို ကျယ်လောင်စွာမှုတ်တယ်။

အဲဒီခေတ်အခါက မင်းစိုးရာဇာတွေ ခရီးထွက်တဲ့ အခါမှာ ခရုသင်းမှုတ်လေ့ရှိတယ်၊ ခရီးထွက်လာကြတဲ့ မင်းစိုးရာဇာတွေ နောက်မှာ အစောင့်အရှောက် နောက်လိုက် နောက်ပါတွေ ပါလာတတ်လေတော့ ခရုသင်းမှုတ်သံ ကြားတယ် ဆိုရင်ပဲ သူခိုး ဓားပြတွေဟာ ကြောက်လန့်ပြီး ပြေးလွှားကြ၊ ပုန်းအောင်းကြတယ်။

အခုလဲ မင်းစိုးရာဇာတွေလာပြီလို့ ထင်မှတ်ပြီး သူခိုး ဓားပြတွေ ထွက်ပြေးကုန်အောင်ဆိုတဲ့ အတွေးနဲ့ ဖခင်ဖြစ်သူဟာ ခရုသင်းကို မှုတ်တာပါပဲ။ ဖခင်ဖြစ်သူ တွေးထင်တဲ့ အတိုင်းပဲ၊ ခရုသင်းမှုတ်သံ ကြားတဲ့အခါမှာ သူခိုး ဓားပြတွေဟာ ထွက်ပြေးကြ၊ ပုန်းကြပါတယ်။

ဖခင်ဖြစ်သူဟာ ခရုသင်းကို အဆက်မပြတ် မှုတ်နေပါတယ်။ သူ့ အတွေးက မှုတ်လေလေ သူခိုးဓားပြတွေ ပြေးလေလေ၊ ပုန်းကြလေလေလို့ ထင်နေတယ်နဲ့ တူပါတယ်။

သားဖြစ်သူက ဖခင်ကို ဒီလိုအဆက်မပြတ်မမှုတ်ဖို့ တားမြစ်တယ်။ ခရုသင်းကို မှုတ်သင့်သလောက်သာ မှုတ်ဖို့ လိုတယ်ဆိုတဲ့ အတွေးနဲ့ တားမြစ်တာပါပဲ။ ဒါပေမယ့် တားလို့မရပါဘူး။ ဖခင်ဖြစ်သူဟာ ဆက်ဆက်ပြီး မှုတ်နေတော့တာပဲ။

ဒီအဖြစ်အပျက်ကိုကြည့်ရင် သားဖြစ်သူဟာ အခြေအနေကို သုံးသပ်နိုင်သူ ဖြစ်တယ်။ ဖခင်ဖြစ်သူကတော့ မှုတ်လေလေ သူခိုးဓားပြတွေ ပြေးလေလေ ဖြစ်မှာပဲဆိုတဲ့ တရားသေ အယူ



အဆကို စွဲကိုင်ထားတယ်။ တကယ်တော့ မှုတ်တိုင်း အကျိုးရှိတာမှ မဟုတ်ဘဲ။

ခရုသင်းမှုတ်သံကို အဆက်မပြတ် ကြားနေရတော့ သူခိုးဓားပြတွေက သံသယဖြစ်လာတယ်။ သံသယနဲ့ ပြေးပုန်းရာက ပြန်လာပြီး ခရုသင်းသံလာရာဆီကို ချောင်းမြောင်း ကြည့်ကြတယ်။ မင်းစိုးရာဇာတွေ ခရီးထွက်လာတာ ဘယ်မှာ ဟုတ်ရမှာလဲ၊ မျက်နှာငယ်နဲ့ သားအဖ နှစ်ယောက်ကိုပဲ တွေ့မြင်ကြရတယ်။

သူခိုးဓားပြတွေဟာ သားအဖ နှစ်ယောက်ကို ခြောက်လှန့်ဖမ်းဆီးရိုက်ပုတ်ပြီး တွေ့သမျှ ငွေတွေကို ယူသွားကြပါတယ်။

ဒီအခါမှာ သားဖြစ်သူက ညည်းညူတယ်။

"ခရုသင်းမှုတ်လို့ရတဲ့ ငွေကြေးဥစ္စာဟာ ခရုသင်းမှုတ်လို့ပဲ ဆုံးရှုံးသွားပါပြီ"တဲ့။

ဟုတ်တယ်၊ မှုတ်သင့်သလောက် တော်ရုံတန်ရုံ မှုတ်ရမှာကို အမြဲ တရစပ် မှုတ်တော့ ဆုံးရှုံးမှုနဲ့ ကြုံရတာပဲ။ မမှုတ်လို့လဲ မဖြစ်သေးဘူး၊ အမြဲမှုတ်လို့ချည်း နေတာဟာလဲ မသင့်လျော်သေးပါဘူး၊ စကားပြောဆိုမှုမှာလဲ ဒီလိုပါဘဲ၊ မပြောဘဲနေလို့လဲ မဖြစ်ပါဘူး၊ ပြောလို့ချည်းနေတာမျိုးတော့လဲ မဖြစ်သင့်သေးဘူး။

"ကောင်းသောစကားပင် ဖြစ်သော်လည်း ကြာရှည်လေးမြင့် မပြောဆိုရာ"ဆိုတဲ့ အဆိုအမိန့်အတိုင်း ကောင်းတဲ့စကား ဖြစ်တယ်ပဲထား၊ အမြဲပြောနေလို့တော့ မလျော်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ခရုသင်းမှုတ်လို့ရတဲ့ ငွေကြေးဥစ္စာဟာ ခရုသင်းမှုတ်လို့ပဲ ဆုံးရှုံးသွားပါပြီ။



စကားတစ်ခုကိုပြောရာမှာ ဘယ်လောက်အထိတော့ ပြောရမယ်၊ ဘယ်အချိန်ကျရင် ရပ်ရမယ်ဆိုတာကို အတိအကျ တိုင်းတာနိုင်တဲ့ နှုန်းစံမျိုးလဲမရှိဘူး၊ သင်္ချာနဲ့ တွက်ပြီး အတိအကျပြောလို့ ရတာမျိုးလဲမဟုတ်ဘူး၊ ပုံသေနည်းချပြီး ပြောလို့လဲမရဘူး၊ ဒီတော့ စကားတစ်ခုကို ပြောတဲ့အခါမှာ အတတ်နိုင်ဆုံး သတိပညာနဲ့ ချိန်ဆရတော့မှာပါပဲ။

ဘယ်အချိန်မှာဖြင့် ပြောသင့်တယ်၊ ဘယ်အချိန်မှာဖြင့် မပြောသင့်ဘူး ဆိုတာနဲ့ ပတ်သက်ပြီး သတိ မထားတတ်ရင် ဆုံးရှုံးထိခိုက်မှု ဖြစ်ရတတ်ပုံကို ဖော်ပြတဲ့ သာဓက ကလေးတစ်ခု ရှိသေးတယ်။ ဘယ်လိုလဲဆိုတော့....


(ခ) တစ်ခါတုန်းက စကားများတဲ့ မင်းတစ်ပါး ရှိခဲ့ဖူးတယ်။ ဒီမင်းဟာ အချိန်ကာလကို မထောက်မဆဘဲ ပြောဆိုတတ် (စကားများတတ်တဲ့) အတွက် မဖြစ်သင့်တာတွေ ဖြစ်နေတယ်။ ဒီမင်းရဲ့ပညာရှိအမတ်ဟာ မင်းကို စကားမများဖို့ တားမြစ်ချင်နေတယ်၊ ဒါပေမယ့် အခွင့်က ပေါ်မလာသေးဘူး။

တစ်နေ့တော့ မင်းဟာ ဥယျာဉ်ကိုသွားတယ်၊ ဥယျာဉ်ထဲ လှည့်လည်လို့ ကျောက်ဖျာတစ်ခုဆီ ရောက်တဲ့အခါ မင်းဟာ အဲဒီကျောက်ဖျာပေါ်မှာနေတော်မူပါတယ်။ အဲဒီကျောက်ဖျာ အနားမှာ ကျောက်ဖျာကိုမိုးပြီး ပေါက်နေတဲ့ သရက်ပင်တစ်ပင် ရှိတယ်။

သရက်ပင်ပေါ်မှာ ကျီးသိုက် တစ်သိုက် ရှိတယ်။ ဥဩမ တစ်ကောင်ဟာ အဲဒီကျီးသိုက်ထဲမှာ ဥကို ဥထားပစ်ခဲ့တယ်။ ဥဩဟာ ကိုယ်တိုင် အသိုက်ဆောက်လေ့ မရှိဘူးလို့ ဆိုတာပါ

www.burmeseclassic.com

www.burmeseclassic.com



ဥဩငယ်သည် အခါမဟုတ်မီကလျှင် ဥဩသံကိုမြည်၏။ ကျီးမသည် ဤငှက်ကား ငါ့သားမဟုတ်ဟု သိ၍ နှုတ်သီးဖြင့်ထိုးသတ်ကာ အသိုက်မှချ၏။ လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ အခါမဟုတ်သည်၌ စကားများကုန်သောသူတို့သည် ဤသို့သဘောရှိသော ဆင်းရဲကို ခံရကုန်၏။



ပဲ၊ ဥဩဥကနေ မကြာခင် ဥဩကောင်ကလေး ပေါက်လာတယ်။ ကျီးမဟာ ဥဩကို သူ့သားငယ်အမှတ်နဲ့ အစာကို ချပြီး ကျွေးမွေးတယ်။

ဥဩငယ်ဟာ အမွေးအတောင် မစုံခင်မှာဘဲ ဥဩသံနဲ့ မြည်တယ်၊ ဒီအခါမှာ ကျီးမဟာ သူနဲ့ မျိုးတူကျီး မဟုတ်မှန်း သိတော့တာပေါ့၊ ဒါနဲ့ ဥဩကို နှုတ်သီးနဲ့ ထိုးသတ်ပြီး အသိုက်ထဲကနေ အောက်ကို ချလိုက်တယ်၊ ကြုံချင်တော့....စောစောက ကျောက်ဖျာပေါ်မှာ နေ့နေတဲ့ မင်းရဲ့ ခြေရင်းနားကို ကျလာတယ်။

မင်းဟာ ဥဩ ကျလာရတဲ့အကြောင်း သိချင်တဲ့ အတွက် အနားက ပညာရှိအမတ်ကိုမေးမြန်းတယ်၊ နှုတ်စောင့်ဖို့အတွက် မင်းကိုဆုံးမဖို့ သာမကေ တစ်ခုတော့ ရပြီဆိုတဲ့ အတွေးနဲ့ ပညာရှိအမတ်က မင်းကို ဒီလို လျှောက်ထားခဲ့ဖူးပါတယ်။

"မြတ်သောမင်းကြီး....အလွန်နှုတ်ကြမ်းကုန်သော၊ အခါမဟုတ်သည်၌ စကား များကုန်သော သူတို့သည် ဤသို့ သဘောရှိထော (ဥဩလို အသိုက်မှကျရတဲ့) ဆင်းရဲကို ရကုန်၏။ မြတ်သော မင်းကြီး....ကျီးမ, မွေးအပ်သည် ဖြစ်၍ အတောင် မပေါက်သေးသော ဤ ဥဩငယ်သည် အခါမဟုတ်မီကလျှင် ဥဩသံကို မြည်၏။ ထို့ကြောင့် ဤဥဩငယ်ကို ကျီးမသည် ဤငှက်ကား ငါ့သားမဟုတ်ဟုသိ၍ နှုတ်သီးဖြင့် ထိုးသတ်ကာ အသိုက်မှချ၏၊ လူဖြစ်စေ၊ တိရစ္ဆာန်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စေ အခါမဟုတ်သည်၌ စကားများကုန်သော သူတို့သည် ဤသို့သဘောရှိသော ဆင်းရဲကို ခံရကုန်၏။ မြတ်သောမင်းကြီး...အကြင်သူသည် အချိန်မရောက်မီ အပိုင်း အခြားကို လွန်၍လည်းဆို၏။ ဥဩမ၏သားသည် သေ၍ အိပ်ရသကဲ့သို့ ထို့အတူ ထိုသူသည် သေ၍ အိပ်ရ၏။

မကောင်းသဖြင့် ဆိုအပ်သော စကားသည် ခဏချင်း သတ်သကဲ့သို့ ထို့အတူ ကောင်းစွာ သွေးအပ်သော ဓား သည် မသတ်တတ်၊ မကောင်းသဖြင့် ဆိုအပ်သော စကားသည် ခဏချင်းသတ်သကဲ့သို့ ထို့အတူ လက်တလော သေစေတတ်သော အဆိပ်သည် မသတ်တတ်။ ထို့ကြောင့် ပညာရှိသည် ကာလ၌လည်း ကောင်း၊ ကာလမဟုတ်သည်၌ လည်းကောင်း စကားကိုစောင့်ရာ၏။ စင်စစ် မိမိနှင့် သဘောတူသော သူ၌လည်း အပိုင်းအခြားကို လွန်၍ မဆိုရာ။

ဂဠုန်မင်းသည် နဂါးကိုဖမ်းယူသကဲ့သို့ ထို့အတူ ပညာရှေ့သွားရှိသော အကြင်ပညာရှိသည်ကား လျောက်ပတ်သော ကာလ၌ နှိုင်းချိန်အပ်သော စကားကိုဆို၏။ ထိုပညာရှိသည် ခပ်သိမ်းသော ရန်သူတို့ကို ဖမ်းယူနိုင်၏....''



ပညာရှိအမတ်ဆုံးမတဲ့ ဒီဆုံးမစကားကို မင်းကြီးဟာ ကောင်းစွာနာယူပြီး အတိုင်းအရှည်ရှိတဲ့စကားကို ပြောဆိုတတ်တဲ့ မင်းအဖြစ်ရောက်ရှိသွားခဲ့ပါတယ်။

ကောကိလဇာတ်–ကောကိလဝဂ်
စတုက္ကနိပါတ်၊ ဇာတက

(ဂ) စကားများသောပုဂ္ဂိုလ်၌ အပြစ်တို့သည် ဤငါးမျိုးတို့တည်း–အဘယ်ငါးမျိုးတို့နည်းဟူမူ....

မဟုတ်မမှန်သည်ကို ပြောမိတတ်၏၊
ကုန်းစကားကို ပြောမိတတ်၏၊
ကြမ်းတမ်းသောစကားကို ပြောမိတတ်၏၊
ပြိန်ဖျင်းသောစကားကို ပြောမိတတ်၏၊
ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာ၊ ပျက်စီး၍ ကျရောက်ရာငရဲသို့ ရောက်ရ၏။

ဗဟုဘာဏိသုတ်-အက္ကောသကဝဂ္ဂ
ပဉ္စမပဏ္ဏာသက၊ အင်္ဂုတ္တရနိကာယ်

(ဃ) သတိပညာနဲ့ နှုတ်ကို စောင့်ရတာပါပဲ၊ နှုတ်ကိုမစောင့်လို့ ဒုက္ခတွေ့ရတဲ့သာဓကတွေကို ဇာတကမှာ အမြောက်အမြားပဲ ဖော်ပြထားတာတွေရှိတယ်၊ အဲဒီအထဲမှာ ကစ္ဆပဇာတ်ဟာ ကလေးလူကြီး အများသိကြပါတယ်။

ဒီသာဓကမှာလဲ နှုတ်မစောင့်တဲ့မင်းကို ပညာရှိ အမတ်က ဆုံးမဖို့ အခွင့်စောင့်နေချိန် ဖြစ်ပါတယ်။ ဒီလို အခွင့်စောင့်နေ

www.burmeseclassic.com



တုန်းကာလ တစ်နေ့မှာ ထူးခြားတဲ့ အဖြစ်အပျက်တစ်ခု ဖြစ်ပျက်ခဲ့ပါတယ်။ ဘယ်လိုလဲဆိုတော့....

ဟင်္သာနှစ်ကောင်ဟာ ဟိမဝန္တာမှာ ရှိတဲ့ အိုင် တစ်ခုကို သွားပြီး အစာရှာရင်းက အဲဒီအိုင်မှာရှိတဲ့ လိပ်တစ်ကောင်နဲ့ အဆွေခင်ပွန်း ဖြစ်ကြတယ်။ ဟင်္သာနှစ်ကောင်က လိပ်ကို စိတ္တကုဋ်တောင်ဆိုတာ ရှိတဲ့အကြောင်း၊ အဲဒီတောင်မှာ ရွှေဂူ တစ်ခုရှိတဲ့အကြောင်း၊ အဲဒီဂူဟာ အင်မတန် မွေ့လျော်ဖွယ် ရှိတဲ့အကြောင်း၊ အကယ်၍ အဲဒီဂူမှာ နေလိုလျှင် သူတို့က ခေါ်ဆောင်မည့်အကြောင်း ပြောပြတယ်။ ဒီအခါမှာ လိပ်က စိတ်ပါဝင်စားလာပြီး ရွှေဂူမှာ နေချင်စိတ်တွေ ဖြစ်လာတယ်။ ဒါနဲ့ လိပ်က "ရွှေဂူဟာ နေဖို့နှစ်လိုဖွယ်ကောင်းတာတော့ ဟုတ်ပါပြီ။ အဲဒီဂူကိုရောက်အောင် ဘယ်လိုသွားမှာတဲ့လဲ"လို့ မေးတယ်။ ဒီအခါ ဟင်္သာနှစ်ကောင်က "သင်ဟာ တကယ်လို့ သင့်နှုတ်ကိုစောင့်နိုင်မယ်....ဘယ်သူ့ကို ဘာမှ သင်က မပြောဘဲ နေနိုင်မယ်ဆိုရင် ငါတို့ ခေါ်သွားပါ့မယ်" လို့ ပြောတယ်။ လိပ်က နှုတ်စောင့်ပါ့မယ်လို့ ကတိပေးတယ်။ ဒါနဲ့....

ဟင်္သာနှစ်ကောင်က လိပ်ကို တုတ်တံတစ်ချောင်းရဲ့ အလယ်ကို ပါးစပ်နဲ့ကိုက်ခိုင်းတယ်။ ဒီလိုကိုက်ခိုင်းပြီး တုတ်ရဲ့ဒီဘက်စွန်းမှာ ဟင်္သာတစ်ကောင်၊ တုတ်ရဲ့ဟိုဘက်စွန်းမှာ ဟင်္သာတစ်ကောင်....နှုတ်သီးနဲ့ကိုက်ချီပြီး လိပ်ကို သယ်ဆောင်လာကြတယ်။ ဒီလို သယ်ဆောင်လာတဲ့ မြင်ကွင်းဟာထူးခြားနေပါတယ်။ မြင်ရတဲ့လူတွေဟာ တအံ့တဩ ဖြစ်နေကြမှာ ပါပဲ။ လူငယ် သူငယ်တွေက တအံ့တဩနဲ့ "ဟင်္သာနှစ်ကောင် လိပ်




ကို တုတ်နဲ့ သယ်ဆောင်လာတယ်ဟေ့..."လို့ ဟစ်အော် ပြောဆိုကြတယ်။

ဒီလူငယ် သူငယ်တွေ ဟစ်အော်ပြောဆိုသံကိုကြားတဲ့အခါမှာ လိပ်ဟာ ဟင်္သာတွေ သယ်ဆောင်ရာကို မိမိလိုက်ပါလာရလို့ စိတ်ကြီးဝင်သွားတာပဲလား။ ဒါမှမဟုတ် သူ့ကို ဒီလိုအော်ဟစ် ပြောနေတာကို အမြင်ကတ်လို့ပဲလားတော့ မသိဘူး။ "ငါ့ မိတ်ဆွေတွေ ငါ့ကို သယ်ဆောင်လာကြတယ်၊ ဒီလို သယ်ဆောင်လာတာနဲ့ မင်းတို့ ဘာဆိုင်လို့လဲ" ဆိုတဲ့ သဘောနဲ့ပြောမယ်လို့ လိပ်ဟာ ပါးစပ်လဲ ဟလိုက်ရော...ကိုက်ထားတဲ့ တုတ်ကလွတ်ပြီး ပြုတ်ကျသွားတယ်။ ဘယ်နေရာကို ကျသွားလဲဆိုတော့ ဘုရင်မင်းမြတ်ရဲ့အိမ်တော်အနီးမှာ ကျလာတယ်။ လိပ်ရဲ့ကိုယ်ဟာ အောက်လဲကျရော နှစ်ခြမ်းကွဲပြီး အသက်ကုန်သွားတယ်။ အနီးအနားမှာရှိတဲ့လူတွေဟာ အုတ်အုတ်ကျက်ကျက်နဲ့ နှစ်ခြမ်းကွဲပြီး သေရတဲ့လိပ်ကို လာကြည့်ကြတယ်။ မင်းဟာလဲ ပညာရှိအမတ်နဲ့ အခြံအရံတွေကို ခေါ်ပြီး အဲဒီလိပ်ကျတဲ့ နေရာကိုသွားတယ်။ နှစ်ခြမ်းကွဲရတဲ့လိပ်ကို မြင်တွေ့ရတဲ့အခါမှာ မင်းကြီးက ပညာရှိအမတ်ကို လိပ်ရဲ့ ဖြစ်ပျက်ရပုံကို မေးတယ်။

အမတ်ဟာ ပညာရှိပီပီ စဉ်းစားတွေးဆပြီး ဟင်္သာနှစ်ကောင်နဲ့ လိပ် အဆွေခင်ပွန်းဖြစ်နိုင်ခဲ့ပုံ၊ ဟင်္သာနှစ်ကောင်က လိပ်ကို တုတ်မှာကိုက်စေပြီး ဆောင်ယူလာခဲ့ခြင်း ဖြစ်နိုင်ပုံတွေကို မင်းကြီးကို ပြောပြလျှောက်ထားတယ်။ ကောင်းကင်အမြင့်မှာ လိပ်ကို ဟင်္သာတွေ သယ်ဆောင်လာစဉ်မှာ အောက်က

www.burmeseclassic.com

www.burmeseclassic.com



မိမိ၏ဥစ္စာဖြစ်သော စကားဖြင့် မိမိကိုယ်ကို မိမိသတ်၏။



လူငယ်တို့ရဲ့ အော်ဟစ်ပြောဆိုသံကို ကြားရတဲ့အခါ လိပ်ဟာ နှုတ်မစောင့်နိုင်ဘဲ တစ်စုံတစ်ရာကို ပြန်ပြောမိတဲ့ အတွက် ယခုကဲ့သို့ကျပြီး နှစ်ခြမ်းကွဲသေရပုံကို ပြောပြ လျှောက်ထားတယ်။ ဒီလို ပြောပြ လျှောက်ထားပြီးတဲ့နောက် မင်းကြီးကို ဆုံးမဖို့ အခွင့်ဆိုက်နေပြီ ဖြစ်တဲ့အတွက် ပညာရှိအမတ်က....

"မြတ်သောမင်းကြီး၊ အလွန်နှုတ်ကြမ်းတမ်းသော၊ အဆုံးမရှိ ပြောဆိုတတ်သော သူတို့မည်သည်ကား ဤလိပ်ကဲ့သို့ ဆင်းရဲခြင်းသို့ ရောက်ရပါသည်။ မင်းမြတ်.... လိပ်သည် ကောင်းစွာ ကိုက်၍ ချီအပ်သော တုတ်တံ၌ စကားဆိုခြင်းကြောင့် မိမိကိုယ်ကို သတ်လေ၏တကား။ မိမိ့ဥစ္စာဖြစ်သော စကားဖြင့် မိမိကိုယ်ကို ,မိမိသတ်၏။

"မင်းမြတ်....ပညာရှိသောသူသည် ထိုအကြောင်းကိုလည်း မြင်၍ အပြစ်မရှိသောစကားကိုသာလျှင် ပြောဆိုရာ၏၊ ထို အပြစ်မရှိသောစကားကိုလည်း အခါလေးမြင့် မပြောဆိုရာ၊ စကားများစွာ ဆိုခြင်းကြောင့် ပျက်စီးခြင်းသို့ရောက်သောလိပ် ကို မြင်၏လော"

ဒီလို လျှောက်ထားတဲ့အခါ မင်းက-

"ပညာရှိ....သင်သည် ငါ့ကို ရည်ညွှန်း၍ ဆိုသလော"လို့ မေးပါတယ်။ အမတ်ပညာရှိက....

"အရှင်မင်းမြတ်ပင် ဖြစ်စေ၊ အခြား တစ်ပါးသူပင် ဖြစ်စေ အမှတ်မရှိသောသူသည် ပမာဏကိုလွန်သော စကားကိုဆိုသည် ရှိသော် ဤသို့ သဘောရှိသော ပျက်စီးခြင်းကို ရောက်ရ ခံရပါ သည်"လို့ လျှောက်တယ်။

www.burmeseclassic.com



မင်းကြီးဟာ အဲဒီအချိန်ကစပြီး စကားများစွာ ဆိုခြင်းကို ရှောင်ကြဉ်သူ ဖြစ်သွားခဲ့ပါတယ်။

၆၅-ကစ္ဆပဇာတ်-ဒိရဏထမ္ဘကဝဂ်
ဒုကနိပါတ်၊ ဇာတက။

(င) ရဟန်းတို့....မွေးဖွားသည်မှ အသက် ရှစ်ဆယ် ကိုးဆယ် တစ်ရာ ရှိသည်ဖြစ်၍ ကြီးသူ ဖြစ်သော်လည်း မသင့်သောကာလ၌ ဆိုတတ်သူ၊ မမှန်သော စကားကို ဆိုတတ်သူ၊ အကျိုးနှင့် မစပ်သည်ကို ဆိုတတ်သူ၊ အဆုံးအမနှင့် မစပ်သည်ကို ဆိုတတ်သူ၊ မသင့်သော အခါ၌ အပိုင်းအခြားမရှိသော အဓိအပ္ပာယ်နှင့် မစပ်သော၊ မမှတ်သားလောက်သော စကားကို ဆိုတတ်သူ ဖြစ်ခဲ့မူ ထိုသူသည် "လူကြီးလူမိုက်" ဟူ၍သာ ရေတွက်ခြင်းသို့ ရောက်၏။

....အကြင်သူသည် ပျံ့လွင့်သောစိတ်ဖြင့် အကျိုးမရှိ ပြိန်ဖျင်းသော စကားကိုလည်း များစွာ ပြောဆို၏။ မတည်ကြည်သော အကြံအစည် ရှိ၏။ မသူတော်တရား၌မွေ့လျော်တတ်၏။ တော သမင်နှင့်တူ၏၊ ယုတ်ညံ့သော အယူရှိသော၊ (ပုဂ္ဂလဓမ္မ၌) ရှိသေခြင်းမရှိသော ထိုသူသည် ကြီးသူအဖြစ်မှ ဝေး၏။

ဒုတိယ-ဥရုဝေလသုတ်—ဥရုဝေလဝဂ်
စတုက္ကနိပါတ်-အင်္ဂုတ္တရနိကာယ်



(စ) ပြီးတော့ ဆင်ခြင်ပြီးပြောဖို့၊ ဆင်ခြင်ပြီး ဩဝါဒ ပေးဖို့နဲ့ ပတ်သက်ပြီး သတိပေးထားတဲ့ သာဓကတစ်ခု ရှိသေးတယ်။

ရှေးအခါက ဟိမဝန္တာမှာ ပညာရှိဘဲ၊ အကျင့်ကောင်းရှိတဲ့ ရသေ့သူမြတ် တစ်ပါးထံကို ရသေ့ ငါးရာလောက်ဟာ လာရောက် တပည့်ခံပြီး နေနေကြတယ်။

အဲဒီ ရသေ့တွေထဲမှာ ဖျော့တော့တဲ့ ရောဂါစွဲကပ်နေတဲ့ ရသေ့တစ်ပါး ပါတယ်။တစ်နေ့မှာ အဲဒီရသေ့ဟာ ပုဆိန်ကို ယူပြီး ထင်းခွဲနေပါတယ်။အဲဒီလို ထင်းခွဲနေတဲ့ ရသေ့အနားကို နှုတ်ကြမ်းတဲ့ ဆရာလုပ်တတ်တဲ့အကျင့်ရှိတဲ့ ရသေ့တစ်ပါးရောက်လာပါတယ်။ ဒီရသေ့ဟာ ထင်းခွဲနေတဲ့ ရသေ့ကို.... "ဒီလို ပေါက်ပါတော့လား....ဟိုလို ပေါက်ပါတော့လား"နဲ့ ပြောပြီးရင်း ပြောတယ်။ ထင်းခွဲနေတဲ့ရသေ့ဟာ ရောဂါကလဲ စွဲကပ်နေသူဆိုတော့ ပိုပြီးစိတ်တိုနေတတ်သူဖြစ်ပါလိမ့်မယ်။ ကိုယ်တိုင်ကတော့ ဘာမှမလုပ်ဘဲ သူထင်းခွဲနေတာကို လာပြီး ဆရာ လုပ် အမိန့်ပေးနေတာကို သည်းမခံနိုင်တော့ဘဲနဲ့ ဆရာကြီးလုပ်ချင်ရကောင်းလားဆိုပြီး ပုဆိန်နဲ့ အနားက ရသေ့ကို ပေါက်လိုက်တယ်။ ရသေ့ဟာ အဲဒီနေရာမှာပဲ ပွဲချင်းပြီးသေဆုံးသွားတယ်။

ဆရာရသေ့ဟာ သေဆုံးသူရသေ့ကို မီးသင်္ဂြိုဟ်ပေးပါတယ်။

ရသေ့တွေရဲ့ ကျောင်းအနီးမှာ တောင်ပို့တစ်ခုရှိတယ်။ အဲဒီ တောင်ပို့ခြေရင်းမှာ ခါတစ်ကောင်ကနေတယ်။ အဲဒီ ခါဟာ နံနက်တိုင်း တောင်ပို့ထိပ်မှာနားပြီး ကျယ်ကျယ်လောင်လောင် တွန်မြည်နေတတ်ပါတယ်။ ဒီလို ခါတွန်မြည်နေသံကို ကြားတဲ့

www.burmeseclassic.com



တွန်မြည်လွန်းတဲ့ခါ ဆရာလုပ်
လွန်းတဲ့ရသေ့ဒုက္ခတွေ့ရ။



အတွက် မုဆိုးတစ်ယောက်ဟာ ခါရှိရာကို ချောင်းမြောင်း လာရောက်ပြီး ခါကို သတ်ယူသွားတယ်။

ဒါကြောင့် သေဆုံးတဲ့ရသေ့ကို မီးသင်္ဂြိုဟ်တဲ့နေ့မှာ ခါတွန် မြည်သံ တိတ်ဆိတ်နေပါတယ်။

ဒီလို ခါတွန်မြည်သံကို မကြားရတဲ့အတွက် ဆရာရသေ့က ဘာကြောင့် ဒီနေ့မှာ ခါဟာ မတွန်မြည်တာလဲလို့ စုံစမ်းမေး မြန်းတယ်။ တပည့်ရသေ့တွေက ခါရဲ့အသက် ကုန်ရခြင်းအဖြစ် ကို ပြောပြကြပါတယ်။ ဒီအခါမှာ ဆရာရသေ့က သေရတဲ့ခါနဲ့ သေရတဲ့ ရသေ့အဖြစ် နှစ်ခုကို ဆက်စပ်ပြီး တပည့်ရသေ့ တွေကို....

"ရသေ့တို့.... လွန်၍ တွန်ခြင်းသည် ခါကို သတ် သကဲ့သို့ ထို့အတူ အလွန်တက်၍ ဆိုအပ်သော အဖန် ဖန်လျှင် အလွန်ဆိုအပ်သော သဘောရှိသော အခါ ပမာဏထက် လွန်စွာဆိုအပ်သော စကားသည် ပညာ မရှိသောသူကို သတ်၏" လို့ ဆုံးမစကားဆိုဖူးပါတယ်။

ပြောလွန်းရင်လဲ အကျိုးမရှိဘူး၊ အပြောခံရတဲ့သူဟာ ဒီ စကားကိုခံယူနိုင်သူ ဟုတ်၊ မဟုတ်ကို မချင့်ချိန်တာလဲမကောင်း ဘူး။ ဩဝါဒပေးသင့်တာထက် ပိုပေးနေတာဟာလဲ အကျိုး မရှိဖြစ်တတ်တယ်။ ဆရာလုပ်လွန်းတာလဲ အကျိုးမရှိ ဖြစ်တတ် တယ်လို့ ယူဆရမှာပဲ။

(ဆ) အမြဲပဲ ဆင်ခြင်ချင့်ချိန်ပြီး ပြုဖို့ ပြောဖို့ရှိတဲ့စကားကို ဗုဒ္ဓက ဆုံးမသတိပေးထားတာရှိတယ်။

"ရာဟုလာ... ကြေးမုံမှန်သည် အဘယ်အကျိုးရှိသနည်း"

www.burmeseclassic.com



ဆင်ခြင်၍ ဆင်ခြင်၍ ကိုယ်အမှုကို ပြုရမည်။
ဆင်ခြင်၍ ဆင်ခြင်၍ နှုတ်အမှုကို ပြုရမည်။
ဆင်ခြင်၍ ဆင်ခြင်၍ စိတ်အမှုကို ပြုရမည်။



"အရှင်ဘုရား.... ကြေးမုံမှန်သည် (မိမိမျက်နှာ၌ အညစ်အကြေးရှိလျှင် ရှိသည်။ မရှိလျှင် မရှိဟု) ကြည့်ရှုရခြင်းအကျိုးရှိပါသည်။

"ရာဟုလာ.... ဤဥပမာ အတူသာလျှင် ကြည့်ရှုဆင်ခြင်၍ ကြည့်ရှုဆင်ခြင်၍ ကိုယ်အမှုကို ပြုရမည်။ ကြည့်ရှုဆင်ခြင်၍၊ ကြည့်ရှုဆင်ခြင်၍ နှုတ်အမှုကို ပြုရမည်။ ကြည့်ရှုဆင်ခြင်၍၊ ကြည့်ရှုဆင်ခြင်၍ စိတ်အမှုကို ပြုရမည်။

၁၀၉၊ အမ္ဗလဋ္ဌိကရာဟုလော ဝါဒသုတ်
မဇ္ဈိမနိကာယ်

(၈) မှန်တဲ့အကျိုးရှိတဲ့ စေတနာကောင်းပါတဲ့ ပြောပုံပြောနည်းနဲ့ 'ထိရောက်တဲ့' စကားမျိုးကို ဆိုဖို့ရန် ခက်ခဲပါလား လို့ တွေးမိပြီး 'စကားမဆိုဘဲ နေတာကမှ ကောင်းပါသေးလား'လို့ ယူဆစရာတောင် ဖြစ်လာတတ်ပါတယ်။ လူ့လောကမှာ မပြောဘဲနေလို့ကလဲ ဘယ်ဖြစ်မှာလဲ၊ "ဆိတ်ဆိတ်နေထောင်တန်"ဆိုတဲ့ စကားဟာလဲ အခြေအနေ တစ်ရပ်မှာသာ မှန်တဲ့ စကား ဖြစ်ပါလိမ့်မယ်။

စကား မပြောတတ်ယောင်၊ အ,ချင်ယောင် ဆောင်ပြီး စကားတစ်ခွန်းမှ မပြောခဲ့တဲ့ တေမိမင်းသားတောင် ပြောသင့်တဲ့ အချိန်ရောက်တော့ ပြောတာပါပဲ။

(၉) စကားမပြောဘဲ ဆိတ်ဆိတ် နေခြင်းဟာ ဝိဓိဒုဝိုက်မှုတွေကို ရှောင်ကြဉ်ရန်အတွက် ကောင်းသောနည်းလမ်း ဖြစ်ကောင်း ဖြစ်ပါလိမ့်မယ်။ ဒါပေမယ့် ကုသိုလ်တရားကို မဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ဘော့ အကျိုးမများတဲ့ ဆိတ်ဆိတ်နေမှုကိုတော့ ဗုဒ္ဓဟာ မချီးမွမ်းဘဲ ကဲ့ရဲ့တော်မူပါတယ်။

အခါတစ်ပါးမှာ အတူနေအတူစား မိတ်ဆွေဖြစ်တဲ့ ရဟန်းတွေဟာ ကောသလတိုင်းမှာရှိတဲ့ တစ်ခုသော ကျောင်းမှာ အတူတကွ ဝါဆိုကြပါတယ်။ အဲဒီရဟန်းတွေဟာ ငြင်းခုံခြင်းမရှိဘဲ အညီအညွတ် စိတ်ချမ်းသာစွာ နေထိုင်ကြဖို့ကို ရည်ရွယ်ပြီးတော့ တစ်ဦးနှင့်တစ်ဦး လုံးဝ စကားမပြောဆိုဘဲ ကိုယ်ပြုရမည့် ကိစ္စကိုသာ ကိုယ်ပြုလုပ်ပြီး ဝါတွင်းသုံးလကို တိတ်ဆိတ်စွာပဲ ကုန်လွန်စေပါတယ်။ ဝါကျွတ်တဲ့အခါမှာ ဗုဒ္ဓဘုရားရှင်ထံ သွားရောက်ပြီး ဖူးမြော်ကြပါတယ်။ ဗုဒ္ဓက "သင်တို့ဟာချမ်းသာစွာ နေခဲ့ကြကုန်သလော" လို့ မေးတယ်။ ရဟန်းတွေက "ဝါတွင်းသုံးလပတ်လုံး တစ်ဦးနဲ့တစ်ဦး စကားမပြောဘဲ ချမ်းသာစွာ နေခဲ့ကြပါတယ်" လို့ လျှောက်ထားကြပါတယ်။ ဒီအခါမှာ ဘုရားရှင်က "သင်တို့ဟာ ရန်သူကဲ့သို့ နွားတို့ဆိတ်တို့ကဲ့သို့ နေခဲ့တာကိုပဲ ချမ်းသာစွာနေခဲ့ပါတယ်လို့ ဆိုသေးတယ်။ အဘယ်ကြောင့် သင်တို့ဟာ တိရစ္ဆာန်တွေလို၊ လူအ တွေလို စကားမဆိုတဲ့အကျင့်ကို ဆောက်တည်နေကြတာလဲ" လို့ မောင်းမဲဆုံးမပြီး "စကားမဆိုသော အကျင့်ကို ဆောက်တည် အံ့၊ ဆောက်တည်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်စေ" လို့ ပညတ်တော် မူခဲ့ပါတယ်။

ဝိနည်းပိဋကတ်၊ မဟာဝဂ္ဂ၊ ပဝါရဏက္ခန္ဓက



(ည) ရဟန်းတို့ အင်္ဂါငါးမျိုးနှင့် ပြည့်စုံသောစကားသည် ကောင်းစွာ ဆိုအပ်သည် မည်၏၊ မကောင်းသဖြင့် ဆိုအပ်သည် မမည်၊ အပြစ်လည်း မရှိ၊ ပညာရှိတို့လည်း မကဲ့ရဲ့အပ်။

အဘယ်ငါးမျိုးတို့နည်းဟူမူ....

၁။ ပြောဆိုရန် အချိန်အခွင့် သင့်ရောက်သော ကာလ၌ ပြောဆိုခြင်းလည်း တစ်ပါး၊

၂။ မှန်ကန်စွာ ပြောဆိုခြင်းလည်းတစ်ပါး၊

၃။ နူးညံ့သိမ်မွေ့စွာ ပြောဆိုခြင်းလည်းတစ်ပါး၊

၄။ အကြောင်း အကျိုးနှင့် စပ်သည်ကိုသာလျှင် ပြောဆိုခြင်းလည်းတစ်ပါး၊

၅။ မေတ္တာရှေ့ထား၍ မေတ္တာစိတ်ရှိ၍ ပြောဆိုခြင်းလည်း တစ်ပါး၊

ရဟန်းတို့ ဤအင်္ဂါ ငါးမျိုးနှင့် ပြည့်စုံသော စကားသည် ကောင်းစွာ ဆိုအပ်သည် မည်၏။ မကောင်းသဖြင့် ဆိုအပ်သည် မမည်။ အပြစ်လည်း မရှိ၊ ပညာရှိတို့လည်း မကဲ့ရဲ့အပ်။

ဝါစာသုတ်၊ ဗြာဟ္မဏဝဂ်၊
စတုတ္ထပဏ္ဏာသ-အင်္ဂုတ္တရနိကာယ်

(ဋ) "ဖြည်းဖြည်းသာသာ ပြောဆိုရာ၏၊ လျင်လျင်မြန်မြန် မပြောဆိုရာ....ရဟန်းတို့ လျင်လျင်မြန်မြန် ပြောဆိုသောသူ၏ ကိုယ်သည်လည်း ပင်ပန်း၏။ စိတ်

www.burmeseclassic.com



သည်လည်း ဆင်းရဲ၏၊ အသံသည်လည်း ပျက်စီး၏၊ လည်ချောင်းသည်လည်း နာ၏၊ မသန့်ရှင်းမပြတ်သားလည်း ဖြစ်၏။ လျင်လျင်မြန်မြန်ပြောဆိုသူ၏ စကားသည် မသိလွယ်၊ ရဟန်းတို့ ဖြည်းဖြည်းသာသာ ပြောဆိုသူ၏ ကိုယ်သည်လည်း မပင်ပန်း၊ စိတ်သည်လည်း မဆင်းရဲ၊ အသံသည်လည်း မပျက်စီး၊ လည်ချောင်းသည်လည်း မနာ၊ သန့်ရှင်း ပြတ်သားသည်လည်း ဖြစ်၏၊ ဖြည်းဖြည်းသာသာ ပြောဆိုသူ၏ စကားသည် သိလွယ်၏။"

၃၃၁၊ အရဏဝိဘင်္ဂသုတ်၊
ဝိဘင်္ဂဝဂ်-ဥပရိပဏ္ဏာသ၊

(၅) "....အဆင်းနှင့် ပြည့်စုံ၍ သာယာသော အသံ၊ ချစ်ဖွယ်သောအသံ ရှိစေကာမူ ရုန့်ရင်း ကြမ်းကြုတ်သောစကားကို ဆိုတတ်သောသူအား ပစ္စုပ္ပန် တမလွန် လောကမှ ပင် မချစ် မနှစ်သက်ပါ။

"....မည်းနက်၍ အဆင်းမလှ မှဲ့မည်းစွဲနေသော ဥသြငှက်ကို သိမ်မွေ့နူးညံ့သောစကားကြောင့် လူများစွာတို့ ချစ်ခင်နှစ်သက်အပ်သည် မဟုတ်ပါလော။ ထို့ကြောင့် သိမ်မွေ့နူးညံ့စွာ ပညာဖြင့် မပျံ့မလွင့် ဆိုလေ့ရှိသော သူ၏စကားသည် အနက်ပါ၍ အကျိုးအကြောင်းကို ပြ၏။ ချိုမြိန် ကောင်းမြတ်လှ၏။"

သုဇာတဇာတ်၊ ပဒုမဝဂ်၊
တိကနိပါတ်ဇာတက



(၃) မိမိ စကားပြောမည့်သူမှာ မိမိ စကားကို ခံယူနိုင်သူ ဟုတ်, မဟုတ် ချင့်ချိန်ဖို့လိုတယ်ဆိုတဲ့ အချက်နဲ့ ပတ်သက်ပြီး ဗုဒ္ဓရဲ့ စကားတစ်ခုကို သတိပြုသင့်ပါတယ်။

"ရဟန်းတို့...ပုဂ္ဂိုလ်ကို ထောက်ဆပြီးလျှင် ငါးဦးသော ပုဂ္ဂိုလ်တို့အား ပြောကြားအပ်သောစကား သည် ကောင်းသော စကားပင်ဖြစ်သော်လည်း မကောင်းသောစကား ဖြစ်တတ်၏။ အဘယ်ငါးဦးတို့နည်း ဟူမူကား....

၁။ ရဟန်းတို့...သဒ္ဓါတရား ခေါင်းပါးသော ပုဂ္ဂိုလ်၏ အထံ၌ သဒ္ဓါတရားနှင့်စပ်သောစကားကို ပြောကြားခြင်းသည်လည်း မကောင်းသဖြင့် ပြောကြားအပ်သော စကားဖြစ်တော့၏။

၂။ သီလမရှိသော ပုဂ္ဂိုလ်၏အထံ၌ သီလနှင့်စပ်သော စကားသည်လည်း မကောင်းသော စကားပင် ဖြစ်တော့၏။

၃။ ဗဟုသုတနည်းပါးသော ပုဂ္ဂိုလ်၏အထံ၌ ဗဟုသုတ နှင့် စပ်သော စကားသည်လည်း မကောင်းသော စကားပင် ဖြစ်တော့၏။

၄။ ဝန်တိုစေးနှဲသော ပုဂ္ဂိုလ်၏အထံ၌ စွန့်ကြဲခြင်းနှင့် ပတ်သက်သော စကားသည်လည်း မကောင်းသော အကြားရ ခက်သော၊ အကြား ရ [illegible]သော စကားပင် ဖြစ်တော့၏။

www.burmeseclassic.com



၅။ ပညာမဲ့သော ပုဂ္ဂိုလ်၏အထံ၌ ပညာနှင့် စပ်သော စကားသည်လည်း မကောင်းသော စကားပင် ဖြစ်တော့၏။"

ဒုက္ကထာသုတ်၊ ပဥ္စကနိပါတ်၊
အင်္ဂုတ္တရနိကာယ်

(ခ) လူ့လောကမှာ ယုတ်မာတဲ့သူတွေ အများကြီးရှိမှာပါပဲ။ သူတို့ဟာ စကားအရာမှာ ကျွမ်းကျင်မြီဆိုရင် သူတို့နဲ့ ဆက်ဆံရတဲ့သူမှာ ထိခိုက်ဆုံးရှုံးမှုတွေ အများကြီး ဖြစ်တော့မှာပါပဲ။ ဒီတော့ ယုတ်မာသူတွေရဲ့ စကားသွား စကားလာတွေကို သတိထားဖို့၊ သူတော်ကောင်းတွေရဲ့ စကားနဲ့ နှိုင်းယှဉ်ကြည့်တတ်ဖို့ လိုမှာပါပဲ။ ဒီမှာ ဗုဒ္ဓရဲ့အဆုံးအမတစ်ခုကို ဖော်ပြချင်ပါတယ်။

"ရဟန်းတို့....လေးပါးသော အကြောင်းနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် သူတော်မဟုတ် ယုတ်သောသူဟုသိအပ်၏။ အဘယ်လေးပါးတို့နည်းဟူမူကား....

၁။ ရဟန်းတို့....ဤလောက၌ သူတော်မဟုတ် သူယုတ်မာဖြစ်သော ပုဂ္ဂိုလ်သည် သူတစ်ပါး၏ ဂုဏ်ကျေးဇူးမဲ့ ကဲ့ရဲ့စကားကို သူတစ်ပါးက မမေးအပ်သော်လည်း ထင်စွာပြုတတ်၏။ မေးပါသော်ကား ဆိုဖွယ်ရာမရှိပြီ။ ထို သူယုတ်မာသည် ပရိသတ် ပွဲအလယ်တွင် မေးမြန်းအပ်သည်ရှိသော် မယုတ်လျော့စေဘဲ အချိန် ဖင့်နွှဲဆွဲခြင်း မထားဘဲ အပြည့်အစုံ အကျယ်တဝင့်၊ သူတစ်ပါး၏ ကျေးဇူးမဲ့ စကားကို ပြောကြားတတ်ပေ၏။



ရဟန်းတို့....ထိုသို့ပြောသည်ရှိသော် ဤပုဂ္ဂိုလ်သည်ကား သူတော်မဟုတ်၊ သူယုတ်မာပင်ဘည်းဟု သိရပါတော့သည်။

၂။ ရဟန်းတို့....ထိုမှတစ်ပါးလည်း သူတော်မဟုတ် ယုတ်မာသောပုဂ္ဂိုလ်သည် သူတစ်ပါး၏ ဂုဏ်ကျေးဇူးစကားကို မေးမြန်းအပ်ပါသော်လည်း ထင်စွာမပြုလို။ မမေးမြန်းပါမူ အဘယ်မှာဆိုဖွယ်ရာ ရှိပါအံ့နည်း။ ပရိသတ်အလယ်ဝယ် မေးမြန်းအပ်စေကာမူ ယုတ်လျော့သည်ကို ပြု၍ အချိန်ဖင့်နွှဲဆွဲသည်ကို ပြုပြီးလျှင် မပြည့်မစုံ အကျယ်တဝင့် မဖွင့်ပြဘဲ သူတစ်ပါး၏ ကျေးဇူးစကားကို မပြောချင် ပြောချင် ပြောဆိုတတ်၏။

ရဟန်းတို့....ဤသို့ ဖြစ်သည်ရှိသော် ဤပုဂ္ဂိုလ်သည်ကား သူတော်မဟုတ် သူယုတ်မာတည်းဟု သိသာလှပါတော့၏။

၃။ ရဟန်းတို့....ထိုမှတစ်ပါးလည်း ဤလောက၌ သူတော်မဟုတ် ယုတ်မာသောသူသည် မိမိ၏ကျေးဇူးမဲ့ ကဲ့ရဲ့သောစကားကို ပရိသတ်အလယ်၌ မေးအပ်သော်လည်း ထင်စွာမပြုနိုင်ချေ။ မမေးပါမူကား အဘယ်မှာ ဆိုဖွယ်ရာ ရှိပါအံ့နည်း။ ပရိသတ်အလယ်ဝယ် မေးမြန်းအပ်စေကာမူမိမိ၏ကျေးဇူးမဲ့ ကဲ့ရဲ့စကားကိုလျော့သည်ကိုပြု၍ အချိန် ဖင့်နွှဲဆွဲသည်ကို ပြုပြီးလျှင် မပြည့်မစုံ

www.burmeseclassic.com

www.burmeseclassic.com



အကျယ်တဝင့် ဖွင့်မပြဘဲ မိမိ၏ ကျေးဇူးမဲ့စကားကို မပြောချင့် ပြောချင် ပြောဆိုတတ်၏။

ဤသို့ ပြောဆိုသည်ရှိသော် ဤပုဂ္ဂိုလ်သည်ကား သူတော်မဟုတ်၊ ယုတ်သောသူတည်းဟု သိအပ်ပါတော့၏။

၄။ ရဟန်းတို့....ထိုမှတစ်ပါးလည်း သူတော်မဟုတ် ယုတ်မာသောသူသည် မိမိ၏ ဂုဏ်ကျေးဇူးစကားကို သူတစ်ပါးတို့ မမေးအပ်သော်လည်း တဖွဖွထင်စွာ ပြောတတ်ပါပေ၏။ ပရိသတ်အလယ် မေးမြန်းအပ်ပါမူ အဘယ်လျှင်ဆိုဖွယ်ရာ ရှိပါအံ့နည်း။ အကယ်၍ ပရိသတ်အလယ် မေးမြန်းအပ်သည်ရှိသော် မယုတ်လျော့စေဘဲ အချိန်ဖြင့်နွဲ့ဆွဲသည်ကိုလည်း မပြုဘဲ အပြည့်အစုံပင် အကျယ်တဝင့် ဖွင့်ကာ ဖွင့်ကာဖြင့် မိမိ၏ ကျေးဇူးစကားကို တဖွဖွ ပြောကြားတတ်ပေ၏။

ရဟန်းတို့... ဤသို့ ပြောဆိုသည်ရှိသော် ဤပုဂ္ဂိုလ်သည်ကား သူတော်မဟုတ် ယုတ်သော သူတည်းဟူ၍ သိသာလှပါပေ၏။

ရဟန်းတို့....ဤဆိုအပ်ပြီးသောအတိုင်း သူတစ်ပါး၏ ကျေးဇူးမဲ့၊ ကဲ့ရဲ့သောစကားကို မမေးဘဲလည်း ပြောဆိုလိုခြင်း....သူတစ်ပါး၏ ကျေးဇူးစကားကို မေးမြန်းသော်လည်း ထင်စွာမပြုလိုခြင်း ...မိမိ၏ ကျေးဇူးမဲ့ ကဲ့ရဲ့စကားကို မေးသော်လည်း ထင်စွာမပြုလိုခြင်း၊ မိမိ၏



ကျေးဇူးစကားကို သူတစ်ပါးတို့က မမေးသော်လည်း တဖွဖွ ထင်စွာပြုခြင်း တည်းဟူသော ဤအကြောင်းတရားလေးပါးတို့နှင့် ပြည့်စုံသောပုဂ္ဂိုလ်ကို အသပ္ပုရိသ သူတော်မဟုတ် ယုတ်သောသူ ဟူ၍ သိအပ်ပါတော့သည်။

ရဟန်းတို့....လေးပါးသောကောင်းသောအကြောင်းတရားတို့နှင့် ပြည့်စုံသောပုဂ္ဂိုလ်ကို သပ္ပုရိသ စင်စစ်သူတော်ကောင်းဟူ၍ သိအပ်ပါတော့သည်။ လေးပါးတို့ဟူသည်မှာ—

၁။ ဤလောက၌ သပ္ပုရိသဖြစ်သော သူတော်ကောင်းသူမြတ်လောင်းသည် သူတစ်ပါး၏ ဂုဏ်ကျေးဇူးမဲ့ ကဲ့ရဲ့စကားကို မေးပင် မေးစေကာမူ ထင်စွာမပြုလိုမနေသာအောင် သူတစ်ပါးတို့က မေးတောင်မူ လျော့ကာလျော့ကာ အကျယ်တဝင့် မဖွင့်ပြဘဲ မပြည့်မစုံသာလျှင် သူတစ်ပါးတို့၏ ကျေးဇူးမဲ့ စကားကို ပြောကြားတတ်ပါပေ၏။

ရဟန်းတို့....ဤသို့ ပြောဆိုလျှင် ဤသူကား သူတော်ကောင်းပေတည်းဟု သိအပ်ပါပေ၏။

၂။ ရဟန်းတို့...ထိုမှတစ်ပါးလည်း ဤလောက၌ သပ္ပုရိသ စင်စစ်ဖြစ်သော သူတော်ကောင်းသည် သူတစ်ပါး၏ ဂုဏ်ကျေးဇူးစကားကို ပရိသတ်ပွဲအလယ်တွင် သူတစ်

www.burmeseclassic.com



ပါးတို့က မမေးသော်လည်း ထင်စွာ ပြုတတ်ပေ၏။ ပရိသတ်အလယ်ဝယ် အကယ်၍ မေးမြန်းအပ်သည် ဖြစ်ပါမူကား ဝမ်းပန်းတသာဖြင့် မြိန်ရေ ရှက်ရေ ဂုဏ်ကျေးဇူးရှိရှိသမျှ တစ်စုံတစ်ခုကိုမျှမချန်ဘဲ အချိန် ဖင့်နွဲ့ဆွဲ၍လည်း မထားဘဲ အပြည့်အစုံ အကျယ်တဝင့် ဖွင့်ပြ ပြောဆိုတတ်ပါပေ၏။

ရဟန်းတို့... ဤသို့ပြောဆိုလျှင် ဤပုဂ္ဂိုလ်သည်ကား သပ္ပုရိသစင်စစ် သူတော်ကောင်း ဖြစ်သည် ဟူ၍ သိအပ်၏။

၃။ ရဟန်းတို့.... ထိုမှတစ်ပါးလည်း ဤလောက၌ သူတော်ကောင်းဖြစ်သော ပုဂ္ဂိုလ်သည် မိမိ၏အပြစ် ကျေးဇူးမဲ့ စကားကို သူတစ်ပါးတို့က မမေးအပ်စေကာမူ ထင်စွာ ပြုတတ်၊ ထင်စွာ ပြောတတ်ပါပေ၏။ မေးမြန်းပါမူကား အဘယ်မှာလျှင် ဆိုဖွယ်ရာ ရှိပါအံ့နည်း။ ပရိသတ်အလယ်ဝယ် သူတစ်ပါးတို့က မိမိ၏ကျေးဇူးမဲ့ အပြစ် စကားကို မေးမြန်းအပ်သည်ရှိသော် မထိမ်မချန်ဘဲ အချိန်ဖင့်နွဲ့ဆွဲ၍လည်း မနေဘဲ အပြည့်အစုံ အကျယ်တဝင့် မိမိ၏အပြစ်များကို ထင်ရှားစွာ ဖွင့်ပြ ပြောဆိုတတ်ပေ၏။

ရဟန်းတို့....ဤသို့ ပြောဆိုသော ပုဂ္ဂိုလ်ကို ဤသူသည်ကား သူမြတ်လောင်း သူတော်ကောင်း စင်စစ် ပေတည်းဟု သိအပ်ပေ၏။



၄။ ရဟန်းတို့....ထိုမှတစ်ပါးလည်း ဤလောက၌ သပ္ပုရိသ စင်စစ်ဖြစ်သော သူတော်ကောင်း သူမြတ်လောင်းသည် မိမိ၏ ဂုဏ်ကျေးဇူးစကားကို သူတစ်ပါးတို့ကပင် မေး သော်လည်း ထင်စွာမပြုလို၊ အကယ်၍ မနေသာအောင် အတင်းအကြပ် ပရိသတ် အလယ်ဝယ် မေးမြန်းအပ် သည်ရှိပါမူကား ထိမ်ချန်၍ လျော့ပေါ့၍ဖြစ်စေ၊ အချိန် ဖင့်နွဲ့ဆွဲ၍ဖြစ်စေ မပြည့်မစုံ ပြောသည်ဆိုရုံမျှ အကျဉ်း မျှသာလျှင် မိမိ၏ ကျေးဇူးစကားကို ပြောကြားတတ် ပေ၏။

ရဟန်းတို့ ဤသို့ ပြောဆိုအပ်သည် ရှိသော် ဤပုဂ္ဂိုလ်သည်ကား သပ္ပုရိသစင်စစ် သူတော်ကောင်းဖြစ်ပေ၏ဟု သိအပ်ပါပေ၏။

ရဟန်းတို့....ဤသို့ ဆိုအပ်ပြီးသော အတိုင်း သူတစ်ပါး၏ ကျေးဇူးမဲ့၊ ဂုဏ်မဲ့သော စကားကို ထင်ရှား မပြုလိုခြင်း....သူတစ်ပါးတို့၏ ဂုဏ်ကျေးဇူးစကားကို မမေးသော်လည်း ပြောကြားလိုခြင်း....မိမိ၏ ကျေးဇူးမဲ့ ကဲ့ရဲ့ဖွယ်ရာ စကားကို မမေးသော်လည်း ထင်စွာပြုလိုခြင်း....မိမိ၏ ဂုဏ်ကျေးဇူး စကားကို သူတစ်ပါးက မေးမြန်းသော်လည်း ထင်စွာ မပြုလိုခြင်း ဤလေးပါးသောအကြောင်းတို့နှင့်ပြည့်စုံသော ပုဂ္ဂိုလ်ကိုသပ္ပုရိသ သူတော်စင် စင်စစ်ဖြစ်၏ဟူ၍ သိအပ်၏။"

သပ္ပုရိသသုတ်၊ စတုက္ကနိပါတ်၊
အင်္ဂုတ္တရနိကာယ်၊

www.burmeseclassic.com

www.burmeseclassic.com



(ဏ) အကြင်သူတို့သည် ဆန့်ကျင်ကုန်သည်ဖြစ်၍ မှားသောအားဖြင့် နှလုံးသွင်းကုန်ပြီးလျှင် ထောင်လွှားကုန်လျက် ပုထုဇဉ်တို့ဥဒ္ဒါဖြစ်သော ဂုဏ်သိက္ခာကိုထိခိုက်၍ အချင်းချင်းအပြစ်ရှာလျက် ပြောဆိုကုန်၏။

(ထိုသူတို့သည်) အချင်းချင်း၏ မကောင်းသဖြင့် ပြောဆိုအပ်သော အနည်းငယ်မျှ ချွတ်ယွင်းတွေဝေသော အရှုံးစကားကိုအလွန်နှစ်သက်ကုန်၏။ အရိယာပုဂ္ဂိုလ်ကား ထိုစကားမျိုးကို မဆိုပေ။

ပညာရှိသည် အကယ်၍ စကားပြောဆိုလိုလျှင် အချိန်အခါကိုသိ၍ တရားဖွဲ့တည်လျက် တရားနှင့် ယှဉ်စပ်သော အရိယာတို့၏ အသုံးအနှုန်းဖြစ်သော စကားကို ဆိုရာ၏။

ပညာရှိသည် မဆန့်ကျင် မထောင်လွှားဘဲ မပျံ့လွင့်သော စိတ်ဖြင့် ဂုဏ်မပြိုင်၊ နိုင်ထက်အလှူမပြု၊ ထိုပညာရှိသည် ငြူစူခြင်းမရှိဘဲ ကောင်းစွာသိ၍ပြောဆို၏။ ကောင်းစွာပြောဆိုအပ်သောစကားကိုလည်း ဝမ်းမြောက်ရာ၏။ မကောင်းသဖြင့်ဆိုအပ်သော် မချီးမြှင့်မြောက်ရာ။

သူတစ်ပါးအား ချုပ်ချယ်စောင်းမြောင်းခြင်း မပြုကျင့်ရာ၊ ချွတ်ချော်သောစကားကိုလည်း(အပြစ်ဟု)မယူရာ။ (ပါဠိပါဌ်သားတို့ကိုရွတ်၍လည်း) မလွှမ်းမိုးရာ။ (အကြောင်းပြ၍) မဖိနှိပ်ရာ။ အမှန်အမှား ရောစပ်သော စကားကိုလည်း မဆိုရာ။

သူတော်ကောင်းတို့၏ ဆွေးနွေးခြင်းသည် စင်စစ် သိခြင်း၊ ကြည်ညိုခြင်းအကျိုးငှာ ဖြစ်၏။ ဤသို့လျှင် အရိယာတို့သည် တိုင်ပင်ကုန်၏။ ဤသည်ကား အရိယာတို့၏ တိုင်ပင်ခြင်းမည်၏။ ပညာရှိသည် ထိုအရိယာ [illegible] ကိုသိ၍ မထောင်လွှားဘဲ တိုင်ပင်ရာ၏။

၇-ကထာဝတ္ထုသုတ်၊ တိကနိပါတ်၊ အင်္ဂုတ္တရနိကာယ်

(တ') ပင်လယ်သမုဒ္ဒရာထဲမှာ ရေတွေ များတဲ့အကြောင်း၊ ဖြူသောအရာဟာ ဖြူတဲ့အကြောင်း၊ ကင်းခြေများကောင်မှာ ခြေတွေများတဲ့အကြောင်း ပြောတာဟာ မှန်တဲ့ စကားတွေပါပဲ၊ ဒါပေမယ်....

ဖြစ်လာတဲ့ သင်္ခါရ တရားတွေဟာ ပျက်တဲ့သဘောရှိတယ်၊ ဖြစ်ရင် ပျက်တဲ့သဘောကို ဘယ်လိုမှတားဆီးလို့မရဘူး၊ သင်္ခါရတရားတွေထဲမှာ အပါအဝင်ဖြစ်တဲ့ လူဟာလဲ ဖြစ်ပျက်ပြောင်းလဲနေတဲ့ သဘောမျှဖြစ်တယ်။ အဲဒီ ဖြစ်ပျက် ပြောင်းလဲနေတဲ့ သဘောထဲမှာ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူ၊ ယောကျာ်း၊ မိန်းမဆိုတာ မရှိဘူး။ ဒီလို အမှန်အတိုင်းသိမြင်အောင် လုပ်အပ်တယ်၊ ဖြစ်ပျက်နေတဲ့ သဘောမျှသာဖြစ်တယ်လို့ ဒီလို အမှန်အတိုင်းသိမြင်ရင် အစွဲဟူသမျှကုန်ပြီး လောကဓံဟူသမျှကို ခံနိုင်ရည်ရှိတဲ့အဖြစ်ကို ရောက်သွားမယ်လို့ ပြောတဲ့ စကားမျိုးကတော့ လူ့အတွက်အဆင့်မြင့်တဲ့မှန်သော၊ အကျိုးရှိသော၊ စကားဖြစ်တယ်လို့ ဆိုချင်ပါတယ်။

တောဖွဲ့၊ တောင်ဖွဲ့ အကျိုးမဲ့နှင့်သာဆိုင်သော
စကားသည် အခွန်းတစ်ထောင် ရှိစေကာမူ
မမြတ်၊ ကြားနာရသဖြင့် ရာဂ စသည် ငြိမ်း
အေးကြောင်းဖြစ်၍ အကျိုးရှိသော ပုဒ်တစ်ပုဒ်
သည်သာ ပို၍လွန်၍မြတ်၏။ ၁၀၀၊ ဓမ္မပဒ

www.burmeseclassic.com

www.burmeseclassic.com

## လှိုင်းသစ်စာပေမှ
## နန္ဒာသိန်းဇံ၏ ထွက်ပြီးစာအုပ်များ

၁။ ဘဝအဓိပ္ပာယ်နှင့် ဘဝသစ္စာ (နဝမအကြိမ်)
၂။ ကိုယ်ကျင့်တည်ကြည်ခြင်းနှင့် အဆင့်မြင့်ခရီးစဉ် (ပဉ္စမအကြိမ်)
၃။ စိတ်အဆင့်ဆင့်မြင့်တက်ခြင်းသဘာဝ
၄။ အတွေးအခေါ်တို့ လွင့်မျောခြင်းနှင့် လူ့ဆောက်တည်ရာ (ဒုတိယအကြိမ်)
၅။ ခရောင်လမ်းကို ဖြတ်ကျော်ခြင်း (အဋ္ဌမအကြိမ်)
၆။ မိတ်ကောင်းဆွေကောင်းနှင့် ခရီးသွားခြင်း (ဒုတိယအကြိမ်)
၇။ THROUGH LIFE'S PERILS
၈။ မှန်သောစကားကိုဆိုခြင်းနှင့် ပတ်သက်သော မှတ်ချက်များ

## လှိုင်းသစ်စာပေမှ နန္ဒာသိန်းဇံ၏
## ဆက်ထွက်မည့် စာအုပ်များ

၁။ ဖြေဆည်ရာ
၂။ ကိုယ်ကျင့်တည်ကြည်ခြင်းနှင့် အဆင့်မြင့်ခရီးစဉ် (ဆဋ္ဌမအကြိမ်)
၃။ ခရောင်းလမ်းကို ဖြတ်ကျော်ခြင်း (နဝမအကြိမ်)
၄။ မိတ်ကောင်းဆွေကောင်းနှင့် ခရီးသွားခြင်း (တတိယအကြိမ်)
၅။ ဘဝအဓိပ္ပာယ်နှင့် ဘဝသစ္စာ (ဒသမအကြိမ်)

www.burmeseclassic.com